www.burmeseclassic.com

ရွှေစကား
၀၁၆၀



BURMESE CLASSIC .com

# သီရိကြယ်စင်

## နှလုံးသားတစ်ခု၏ အနက်ရှိုင်းဆုံး၌

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၄၇/၁၁၁၁

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၁၃၈/၁၀၁၁

ထုတ်ဝေသူ

ဒေါ်တင်တင်အုံး ( ၀၃၇၄၈ ) စိန်သရဖူစာပေ

အမှတ် ( ၆၆ )၊ ( ၆ ) လမ်း၊ လမ်းမတော်မြို့နယ်။

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ

ဦးကျော်ရင် ( ၀၅၄၁၇ )၊ ရွှေခြေသံ့ပုံနှိပ်တိုက်

၂၂၅၊ အခန်း - ၂၊ ၃၁ - လမ်း၊ ပန်းဘဲတန်း၊ ရန်ကုန်။

ထုတ်ဝေခြင်း

၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ၊ ပထမအကြိမ်

အုပ်ရေ - ၅၀၀၊ တန်ဖိုး ( ၁၀၀ ) ကျပ်

သီရိကြယ်စင်
နှလုံးသား၏အနက်ရှိုင်းဆုံး၌/ သီရိကြယ်စင်။ - ရန်ကုန်
စိန်သရဖူစာပေ၊ ၂၀၁၁။
၂၁၈ - စာ၊ ၁၂.၅ x ၁၇.၅ စင်တီ။
( ၁ ) နှလုံးသား၏အနက်ရှိုင်းဆုံး၌

ရန်ကုန်မြို့၏နာမည်အကြီးဆုံး၊ ဈေးအကြီးဆုံးဟော်တယ်ကြီးဆီဗိုနား၏ဆင်ဝင်အောက်သို့ အလောတကြီးပြေးထွက်လာသောသတို့သမီးဝတ်စုံနှင့် မိန်းကလေးတစ်ယောက်။ ထိုသတို့သမီးလေးသည် သူမရဲ့မြန်မာမင်္ဂလာဝတ်စုံထိုင်မသိမ်းလေးကိုမကာ ဆင်ဝင်အောက်သို့ ပြူးကြောင်ကြောင်နှင့် တစ်စုံတစ်ရာကိုရှာဖွေသည်။

ထိုစဉ်မှာပင် မြန်မာဝတ်စုံနှင့် သတို့သားက ပြေးလိုက်လာသည်။

"ဟေသာ. . ဘာဖြစ်တာလဲ၊ ဘယ်ကိုသွားမလို့လဲ၊ ဧည့်သည်တွေနဲ့လေ"

သတို့သမီးလေးက ကြောက်လန့်တကြားရပ်နေရာမှ သီး



www.burmeseclassic.com

www.burmeseclassic.com



နားဟိုတယ်၏ဆင်ဝင်မှ ဝင်းအဝကုန်းဆင်းတောက်လျှောက်ဆင်း ပြေးသည်။ သတို့သားကလည်း တောင်ရှည်ကြီးမ၍ နောက်မှပြေး လိုက်သည်။

"ဟေသာ. . မပြေးနဲ့လေ. . ဟေသာ"

သတို့သမီးလေးက ကားလမ်းမဆီသို့ တောက်လျှောက်ပြေး သည်။ ထိုစဉ်မှာပင် မီးပွိုင့်မိနေသောကားတစ်စီးကို အတင်းဖွင့်၍ ဝင်ထိုင်လိုက်သည်။

သတို့သားက တစ်ဖက်ပလက်ဖောင်းမှာ ကားတွေရှုပ်နေ၍ လမ်းကူးလို့မရသဖြင့် လှမ်းအော်သည်။

BURMESE CLASSIC .com

"ဟာ. . ဟေသာ. . ပြန်လာခဲ့"

"မလာဘူး၊ ရှင့်ကို တစ်သက်လုံးလက်မထပ်ဘူး၊ ကားဆရာ. . မောင်း"

သတို့သမီးလေးက ပြန်အော်ပြောသည်။ ကားဆရာလေး မှာ ကြောင်တောင်တောင်နှင့် ဘာဆက်လုပ်ရမှန်းမသိဖြစ်နေသည်။ ထိုစဉ်မှာပင် မီးပွိုင့်စိမ်းသွားသည်။

ကားမောင်းသူမှာ ကြောင်အမ်းအမ်းနှင့်၊ နောက်မှကားများ ကလည်း ဟွန်းတီးနေပြီမို့ မောင်းထွက်လာခဲ့ရသည်။

"ဟော့. . မိန်းကလေး၊ ငါ့ကားပေါ်ကဆင်းလေ"





"ဘာရှင့်. . ဆင်းရမယ်ဟုတ်လား၊ ဒီပုံကြီးနဲ့ ဘယ်ဆင်းလို့ ဖြစ်မလဲ"

"မင်းကို ငါခေါ်တင်လာတာမဟုတ်ဘူးနော်၊ ငါပြဿနာ တက်ကုန်ဦးမယ်. . ကျွတ်"

"စိတ်ချ. . ကိုယ့်ပြဿနာကိုယ်ရှင်းနိုင်တယ်"

မချောလေးက ဖျစ်ကန်ကန်ကြောင့် သူစိတ်ညစ်သွားသည်။

"နေစမ်းပါဦး၊ အမိက ဘယ်လိုဖြစ်လာရတာလဲ"

"မင်္ဂလာမဆောင်ချင်လို့ ထွက်ပြေးလာတာလေ၊ ဘယ်လို ဖြစ်ရမှာလဲ၊ ဒါတောင်မသိဘူးလား. . ပင်းပဲ"

"ဟောဗျာ"

မချောကို သူဘာဆက်ပြောရမှန်းမသိ။ ထိုစဉ်မှာပင် မချော က နောက်ကြည့်မှန်ကိုကြည့်မိသွားသည်။

"ဟင်. . နောက်ကလိုက်လာတယ်၊ ကားဆရာအမြန်မောင်း"

သူလည်း ဘာမှန်းမသိဘဲ ကားဂီယာကို ဘစ်ဆင့်ထပ်တိုး လိုက်သည်။ ဒီလိုနှင့် သူလည်း သတို့သမီးတစ်ယောက်၊ ကားတစ်စီး နှင့် ဟိုင်းဝေးလမ်းမပေါ်ရောက်နေချေပြီ။



www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

"ကဲ. . ဆင်း. . အမိ"

မှော်ဘီရှိ ကျော်ဦး၏ခြံရှေ့တွင်ကားရပ်တော့ သတို့သမီး ဝတ်စုံနှင့် မိန်းကလေးက ချက်ချင်းမဆင်းသေးဘဲ နောက်ကိုလှည့် ကာကြည့်နေသေးသည်။

"အို. . နောက်က သူတို့လိုက်လာလား၊ မလာဘူးလားလို့ ကြည့်တာ ဘာဖြစ်လဲ၊ စိတ်ချည်းပဲ"

"ဟာ. . မင်းတေဇ မိန်းမခိုးလာတာလား"

အိမ်ထဲမှ ကျော်ဦးတို့လင်မယားထွက်လာပြီး သူ့ကိုနှုတ် ဆက်ဆီးမေးလိုက်တော့ စိတ်ညစ်သွားသည်။

"ကြဲကြဲဖန်ဖန်ကွာ၊ ငါက မိန်းမခိုးလာစရာလား"





"ဒါဆို. . သူက. ."

ကျော်ဦးတို့လင်မယားက သတို့သမီးဝတ်စုံနဲ့မိန်းကလေးကို ပြူးပြဲပြီးကြည့်ကာ မေးငေါ့ပြီးမေးလိုက်သည်။ သူလည်း စိတ်ချဉ် ပေါက်ပေါက်နှင့်. . .

"ငါလည်းမသိဘူးဟေ့၊ ငါတို့ကို အိမ်ပေါ်လေး ဘာလေး ခေါ်ပါဦး"

"ဟုတ်သားပဲ၊ လာကြလေ. . အိမ်ပေါ်ကို"

ဒီတော့မှ ကျော်ဦးက အိမ်ပေါ်သို့ခေါ်လေသည်။ မချောက သူ့သတို့သမီးဝတ်စုံကိုမြင်၍ အိမ်ပေါ်သို့လိုက်တက်သည်။ ကျော်ဦးတို့ လင်မယားနှစ်ယောက်တည်းမို့ အိမ်ကသန့်ရှင်းတောက်ပြောင်နေ သည်။ ကျော်ဦးမိန်းမတလည်း သင်ဖြူးဖျာလေးခင်းပြီး စောင့်နေ သည်။

"ကဲ. . အမိ. . ထိုင်"

"ဟို. . အကျီခဏလောက်ဖြစ်ဖြစ်လဲချင်တယ်၊ လုပ်ပါဦး"

ကောင်မလေးကမထိုင်သေးဘဲ ထပ်တောင်းဆိုတော့ သူက သက်ပြင်းချ၍ ကျော်ဦးမိန်းမ မစိုးဘက်သို့လှည့်ကာ. . .

"မစိုးရေ. . လုပ်ပါဦး"

"ဟုတ်သားပဲ၊ ညီမလေး. . လာ. . လာ"



www.burmeseclassic.com

www.burmeseclassic.com



မစိုးက ထိုကောင်မလေးလက်ကိုဆွဲ၍ အတွင်းခန်းထဲခေါ်သွားသည်။ ကျော်ဦးကတော့ အရမ်းသိချင်နေသည့်မျက်နှာနှင့်. . .

"လုပ်စမ်းပါဦးကွာ၊ ငါအရမ်းသိချင်နေပြီ၊ ဘယ်ကလဲ"

"ငါလည်းမသိဘူး"

"ဟာ. . မင်းဟာကလည်း၊ နာမည်က. ."

မင်းတေဇက ခေါင်းထပ်ကုတ်လိုက်သည်။

"ငါလည်းမသိဘူးကွာ၊ အဖြစ်က ဒီလို. ."

မင်းတေဇက ထိုမိန်းကလေးကိုတွေ့ခဲ့ပုံ၊ ဖြစ်ပျက်ပုံအစအဆုံးကိုပြောပြလိုက်သည်။

"ဟာ. . ဒါဆို မင်းဟာကြီးက ရှော့ခ်ရှိတယ်ကွ၊ ကောင်မလေးကိုသေချာမေးမှ ပြဿနာတော့ဖြစ်တော့မှာပဲ"

"အေးကွာ. . ငါလည်း ငါ့ကားပေါ်အတင်းတက်လာတော့ တွန်းချလို့လည်းမရ၊ ဆင်းခိုင်းလို့လည်းမရနဲ့"

ထိုစဉ်မှာပင် မစိုးနဲ့ ထိုကောင်မလေးထွက်လာတာကြောင့် စကားစဖြတ်လိုက်သည်။ ကောင်မလေးပုံစံက မျက်နှာသစ်ထားတာကြောင့် စကားစဖြတ်လိုက်သည်။ မျက်နှာပြောင်လေးက စူပုပ်ပုပ်၊ ရှပ်အင်္ကျီဖားလျားနှင့် လုံချည်ပြောင်လေးကြောင့် ရှင်းလင်းပြီး ကြည့်ကောင်းနေသည်။





"လာစမ်းပါဦး"

မင်းတေဇက စိတ်ဆိုးဆိုးနှင့် ပြောမည့်စကားတွေကရပ်တန့်သွားပြီး ကောင်မလေးကိုထိုင်ဖို့ခေါ်လိုက်သည်။

"ကဲ. . ပြောစမ်းပါဦး"

"ဘာပြောရမှာလဲ"

အံမယ်. . မချောကလာလာချည်သေး။ သူကိုတောင် ပြန်ပြီးအကြောင်းရှိတ်နေတာကြောင့် မင်းတေဇစိတ်တိုသွားသည်။

"ဟာ. . ဘာပြောရမှာလဲ၊ မင်းမသိဘူးလား၊ မင်း ငါ့ကားပေါ်ကို ဘာမပြောညာမပြောဘဲတက်လာတဲ့ကိစ္စကို ရှင်းရမယ်လေ၊ ဒါတောင်မသိဘူးလား"

"ဒါလား"

ကောင်မလေးက ဆက်မပြောသေးဘဲ ရှေ့မှာချထားသောမြေပဲလှော်တွေကိုစားနေသည်။ မင်းတေဇစိတ်မရှည်တော့ဘဲ လက်ထဲမှ မြေပဲပန်းကန်ကို ဆွဲလုလိုက်သည်။

"ပေးစမ်း. . မင်းကို ငါမေးနေတာဖြေလေ"

"ဖြေမှာပေါ့၊ ဒီမှာဗိုက်ဆာလို့"

"တော်စမ်း. . ရူးသလို ပေါသလိုလုပ်မနေနဲ့၊ အဖြစ်အပျက်ကို အမှန်အတိုင်းဖြေ"



www.burmeseclassic.com

www.burmeseclassic.com



မင်းတေဇက ခပ်မာမာပြောလိုက်တော့မှ ကောင်မလေးက ငြိမ်ကျသွားသည်။

"ရှင်မြင်တဲ့အတိုင်းပဲလေ၊ အိမ်က ကျွန်မကို ယောကျ်ားပေးစားတယ်၊ မယူချင်လို့ ကျွန်မကထွက်ပြေးလာတယ်၊ အဲဒီတော့ ရှင်နဲ့တိုးတယ်၊ ဒီကိုရောက်လာတယ်၊ အဲဒါပဲလေ"

မင်းတေဇက ကိစ္စက ဒီလောက်မပေါ့ပျက်ဘူးဟုထင်မိသည်။ သူ ထိုကောင်မလေးကို ခပ်တည်တည်စိုက်ကြည့်ပြီး. . .

"ဒါဖြင့် မင်းနာမည်ပြောဦး"

"ဟေသာ"

"မင်းမိဘနဲ့ ဘယ်မှာနေလဲဆိုတာ. ."

ဟေသာဆိုသောကောင်မလေးက သူ့ရဲ့ဒုတိယမြောက်မေးခွန်းကို မဖြေချေ။ သူက စိတ်မရှည်တော့ဘဲ. . .

"ဖြေလေ"

"မဖြေနိုင်ဘူး၊ ရှင် ကျွန်မကိုပြန်ပို့မှာမဟုတ်လား၊ ကျွန်မအိမ်ကိုမပြန်နိုင်ဘူး၊ ရှင်တို့ ကျွန်မကိုလက်မခံဘူးဆိုရင်လည်း ကျွန်မထွက်သွားပါ့မယ်"

မချောလေးကပြောရင်းဆိုရင်း ထိုင်နေရာမှထလိုက်တော့ ကျော်ဦးမိန်းမမစိုးက ထဆွဲရသည်။





"နေပါဦးညီမရယ်"

ဒီတော့ မင်းတေဇလည်း ဘာမျှပြောမနေတော့ဘဲ ထိုင်ရာမှထလိုက်သည်။

"ငါသွားမယ်ကျော်ဦး"

"ဟာ. . မင်းကချက်ချင်းကြီး"

ကျော်ဦးက ဟေသာ့ကိစ္စဘယ်လိုရှင်းမလဲဟု မျက်နှာရိပ်မျက်နှာကဲနှင့် လှမ်းမေးနေသည်။ ဟေသာ့ကို မင်းတေဇက တစ်ချက်လှမ်းကြည့်ပြီး. . .

"သူ့ကိုတော့ မင်းတို့သဘောပဲ၊ လက်ခံချင်ခံ မခံချင်နေ၊ တစ်ခုပဲရှိတယ်၊ ငါနဲ့သူနဲ့ ဘာမှမဆိုင်ဘူးဆိုတာပဲ၊ ကဲ. . ငါပြန်မယ်"

မင်းတေဇက ကားသော့ကောက်ကိုင်ပြီး အိမ်အောက်ဆင်းခဲ့သည်။ သူ့နောက်မှ ဟေသာက အတင်းဆင်းလိုက်လာပြီး. . .

"ဒီမှာရှင့်. . ဒီမှာ"

သူက ဘာမှပြန်မပြော။ ကားတံခါးကိုဆွဲဖွင့်လိုက်သည်။ ကောင်မလေးက ကားနားအတင်းပြေးလာတာ သူ့လက်တစ်ဖက်ကို ဖမ်းဆွဲလိုက်သည်။

"ရှင့်ကိုခေါ်နေတာမကြားဘူးလား"

"ဘာတိစ္စလဲကွ"



www.burmeseclassic.com

www.burmeseclassic.com



မင်းတေဇက သူ့မလက်ကို ဖယ်ချကာ မေးလိုက်သည်။ ထွေးအိသော ကောင်မလေးလက်ကလေးကြောင့် သူ့တစ်မျိုးဖြစ်သွားရသည်။

"ဒီမှာ ကျွန်မကို တဆိတ်လောက်ပြောပေးပါရှင်၊ ကျွန်မ တကယ်ဒုက္ခရောက်နေလို့ပါ၊ အိမ်ပြန်ရင်လည်း မေမေတို့ကသတ်မှာ"

မချွေချောက အခုမှမာန်ချပြီးပြောတာကြောင့် သူ့ကျေနပ်စွာပြုံးမိသည်။

"ပြောပေးရမယ်ပေါ့"

တောင်မလေးက ခပ်သွက်သွက်ခေါင်းညိတ်သည်။ အဲဒီနောက်မှာတော့ သနားစရာကောင်းသော ကောင်မလေး၏မျက်နှာကို သူဘယ်လိုမှမငြင်းဆန်နိုင်တော့ဘဲ ကားပေါ် မှပြန်ဆင်းဖြစ်သည်။

ကျော်ဦးတို့လင်မယားရပ်နေသောအိမ်အဝသို့ ပြန်လျှောက်လာသည်။

"ကျော်ဦးနဲ့ မစိုး. . သူ့ကို တစ်ပတ်လောက်လက်ခံထားလိုက်ပါဗျာ"

ကျော်ဦးတို့ကလည်း သူ့ကျေးဇူးမကင်းတာကြောင့် ချက်ချင်းခေါင်းညိတ်လေသည်။

"အခန်းအပိုရှိတယ်မဟုတ်လား"





"အေး"

"ဒါဆို ကျွန်တော်ပြန်ဦးမယ်မစိုး၊ ကျော်ဦး. . ငါပြန်ပြီ၊ စိတ်ချမယ်နော်"

"အေးပါ"

ကားနားတွင်ရပ်နေသောကောင်မလေးကို နှုတ်မဆက်ဘဲ ကားပေါ် တက်ထိုင်လိုက်သည်။

"ပြန်တော့မလို့လား"

အားငယ်နေသောမျက်နှာဖလေးနဲ့ မေးလိုက်သောကောင်မလေးကို သူနည်းနည်းတော့သနားသွားသည်။ မင်းတေဇခေါင်းညိတ်ပြလိုက်သည်။

"ဘယ်တော့ပြန်လာမှာလဲ"

"တစ်ပတ်ကြာရင်"

ကောင်မလေးက အသံတိတ်ပြီး ငိုင်သွားသည်။ သူ့မတွေဝေတော့ဘဲ ကားစက်နှိုးလိုက်သည်။ သူ့မှာ လုပ်စရာကိစ္စတွေ တစ်ပုံကြီးလေ။



www.burmeseclassic.com

www.burmeseclassic.com

မင်းတေဇ ကုမ္ပဏီသို့ရောက်တာနှင့် အလုပ်တွေကတန်းစီနေသည်။ သူ့ရဲ့အတွင်းရေးမှူးမလေးသူဇာခင်က. . .

"ဆရာမနေ့ကလာမယ်ဆိုပြီးမလာတော့ အလုပ်တွေအကုန်လုံးဂျမ်းဖြစ်ကုန်တယ်ဆရာ၊ ပြီးတော့ အလုပ်ကိစ္စချိန်းထားတာတွေပျက်ကုန်လို့ Import ကိစ္စ ချမ်းသာကုမ္ပဏီကရသွားတယ်"

"ဘာ. ."

မင်းတေဇခေါင်းထဲကို သွေးကဒိန်းခနဲဆောင့်သွားသည်၊ ဒီကိစ္စက အရမ်းအရေးကြီးတာ။ တခြားကုမ္ပဏီကရသွားတယ်ဆိုတော့. . ။

"ဘယ်လိုဖြစ်တာလဲ. . ပြောစမ်းပါဦး"





သူက လက်တင်းတင်းပိုက်၍ သူဇာ့ကိုမေးလိုက်သည်။

"ဒီလိုပါဆရာ၊ သူတို့က အရေးကြီးတဲ့မင်္ဂလာဆောင်တစ်ခုကိုဖျက်ပြီး ဆရာ့ဆီလာတာတဲ့၊ တစ်နာရီလောက်စောင့်ပြီး ဆရာမလာတော့ ပြန်သွားကြတယ်၊ ညနေပိုင်းရောက်တော့ ဖုန်းဝင်လာပြီး ကျွန်မတို့ကုမ္ပဏီနဲ့မလုပ်တော့ဘူးဆိုတာ အကြောင်းကြားတယ်"

"တောက်. ."

မင်းတေဇ ဒေါသအရမ်းဖြစ်သွားသည်၊ ဒါ ဟိုဂြိုဟ်ကောင်မလေးကြောင့်၊ သူက ကျန်တာအဆုံးရှုံးခံနိုင်ပေမယ့် ကုမ္ပဏီကိစ္စဆိုလျှင် အရမ်းနှမြောမိသည်။

အတွင်းရေးမှူးမလေးက သူ့မျက်နှာရိပ်မျက်နှာကဲကို အကဲခတ်သလိုလှမ်းကြည့်ပြီး စကားဆက်ပြောသည်။

"အဲဒါနဲ့ မနက်ကစုံစမ်းကြည့်တော့ ချမ်းသာကုမ္ပဏီကရသွားတာတဲ့"

"ကျွတ်. . အဲဒီကုမ္ပဏီ ကိုယ်သိပါတယ်၊ အသက်ကြီးပိုင်းတွေပဲ ရှယ်ယာအများဆုံး၊ ပိုင်ရှင်က ကိုယ့်ဖေဖေ့သူငယ်ချင်းပေါ့၊ ကိုယ်နဲ့ သူနဲ့ ဘာအကန့်မှမရှိဘဲ ကိုယ့်လူတွေကို ဘာလို့လုသွားတာလဲ"

မင်းတေဇ ဦးနှောက်ကို အလုပ်ပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"တောင်းပြီလေ၊ ဒီတစ်ခါ ကိုယ့်ရဲ့ပေါ့လျော့မှုကြောင့်ပဲ၊ နောက်တစ်ခါ ကိုယ်တို့ကြိုးစားကြတာပေါ့။ ကဲ. . ကဲ. . လုပ်စရာရှိတာသွားလုပ်ပါသူဇာ"

မင်းတေဇ သူဇာ့ကို သွားခိုင်းလိုက်ပြီး ကွန်ပျူတာဖွင့်လိုက်သည်။ သူတို့ရဲ့သွင်းကုန်ထုတ်ကုန်ဒေတာတွေကိုကြည့်ပြီး ရှေ့ဆက်လုပ်ဆောင်ရမည့်ကို စဉ်းစားနေမိသည်။ သူက ဒီလုပ်ငန်းကို ဝါသနာပါသည်။ ယှဉ်ပြိုင်ရတာကို သဘောကျသည်။ ပြိုင်ဘက်ရှိမှ တိုးတက် သည်လေ။ အခု ပြိုင်ဘက်တစ်ယောက်တိုးသွားပြီ။ ချမ်းသာကုမ္ပဏီ တဲ့။ ဦးနှောက်ထဲတေးမှတ်လိုက်သည်။

ကွန်ပျူတာကြည့်ရတာ မျက်စိညောင်းလာ၍ စားပွဲပေါ်သို့ အကြည့်ရွှေ့လိုက်သည်။

စားပွဲတင်ပန်းအိုးလေးထဲမှာ နှင်းဆီနီနီတစ်ပွင့်။

ပန်းကလေး- မိန်းကလေး။

ပန်းကလေးတစ်ပွင့်ကြောင့် သူ့ရဲ့လုပ်ငန်းတစ်ခုဆုံးရှုံးသွားရပြီ။ မနေ့က သူမနှင့်တွေ့တဲ့အချိန်မှာ သူကြောင်အသွားရသည်။ သတို့သမီးလေးရဲ့အလှအပတွေကြောင့် သူ့ရဲ့အလုပ်တွေ ဦးနှောက်ပရိုဂရမ်တွေပျက်စီးတုန်ရသည်။

မဖြစ်ဘူး။ နောက်ဆို သူ့အာရုံထဲမှပန်းကလေးကို ထုတ်ပစ်





ရမည်။ ဒါမှ သူတိုးတက်မှာ။ သူ့ဘဝကို သူပဲပိုင်စေရမည်။ ဘယ်မိန်းကလေးရဲ့လက်ထဲမှမထည့်နိုင်ပါ။

မင်းတေဇဆိုသောသူက ခြေဖဝါး၊ လက်ဖဝါးဘဝကနေ စခဲ့တာ။ အခုဆိုရင် အသက်သုံးဆယ်မပြည့်တပြည့်မှာ ကုမ္ပဏီပိုင်ရှင်တစ်ယောက်ဖြစ်နေချေပြီ။ ဒါတွေဟာ သူ့ကြိုးစားမှုကြောင့်သာ။ သူ့ကြိုးစားမှုတွေဟာ ဘယ်မိန်းကလေးကြောင့်မှမပျက်စီးစေရ။ သူ ထိုမိန်းကလေးကို နောက်ထပ်သွားမတွေ့ရန် ဆုံးဖြတ်ချက်ချလိုက်သည်။

ထိုခဏအတွင်း သူ့အလုပ်ကိစ္စတွေ ခေါင်းထဲပြန်ထည့်လိုက်သည်။

"ဆရာ. . ညနေကျရင် **Dinner** တစ်ခုရှိတယ်၊ မနေ့က လာဖိတ်ထားတာ"

"ကောင်းပြီသူဇာ၊ ကိုယ်တို့အတွက် ဘာအကျိုးအမြတ်ရှိနိုင်လဲ"

သူက အဲလိုလူစားမျိုး။ သူ့အတွက် အကျိုးအမြတ်ရှိမည်ဆိုလျှင် ဘာမဆိုလုပ်တတ်သည်မဟုတ်ပါလား။

"ရှိနိုင်တယ်ဆရာ၊ လုပ်ငန်းရှင်တွေအများကြီးလာမှာ၊ ဆရာတင်သွင်းမယ့်ပစ္စည်းတွေအတွက် ဖောက်သည်ရနိုင်တယ်"

သူ့ဇာက ရှေ့ကိုတွက်ချက်ပြီးပြောတော့ သူတျေ့နေသွား



www.burmeseclassic.com

www.burmeseclassic.com



သည်။ သူ ဒါကြောင့် သူဇာ့ကိုအားကိုးမိတာပင်။ သူက နာရီကို တစ်ချက်ပင့်ကြည့်လိုက်သည်။

“ကောင်းပြီလေ. . ကိုယ်လေးနာရီလောက်ပြန်ပြီး ရေချိုးလိုက်မယ်၊ သူဇာလိုက်မှာမဟုတ်လား၊ ကိုယ်ဝင်ခေါ်မယ်”

သူက သူဇာ့ကိုပွဲတက်ရန်ဖိတ်ခေါ်လိုက်သည်။ သူဇာက ပြုံးလျက်. . .

“သူဇာ ဘယ်တုန်းကငြင်းဖူးလို့လဲဆရာ”

“ကျေးဇူးပဲကွာ၊ ကိုယ့်မှာ သူဇာ့ကိုအားကိုးနေရတာ၊ ရုံးစောစောဆင်း၊ ကဲ. . ကဲ. . သွားတော့”

ဖိုင်လေးပိုက်ပြီးထွက်သွားသော သူဇာ့ကိုငေးကြည့်နေမိသည်။ သူဇာဟာ သူ့အတွက်တော့ တကယ်အားကိုးရသည့်အတွင်းရေးမှူးပင်။

ညနေရုံးကစောစောဆင်းပြီး အိမ်ပြန်တော့ ဆီဒိုးနားနားတွင် မီးပွိုင့်မိပြန်သည်။ ဟိုတယ်ကြီးကိုလှမ်းကြည့်ရင်း မနေ့ကအဖြစ်ကိုသတိရမိတာကြောင့် သူပြုံးမိသည်။ အခုစဉ်းစားမိတော့လည်း တကယ်ရယ်စရာကြီးပင်။ သတို့သမီးကရှေ့ကပြေး၊ သတို့သားက နောက်ကလိုက်နှင့် တကယ်ရယ်စရာပင်။ သူ့အလှည့်ကျရင်ရော. .။

ဘယ့်နှယ့်. .။ မင်္ဂလာဆောင်ဖို့ သူတွေးနေမိပါလိမ့်။ မင်း





တေဇ ကိုယ့်အတွေးကိုကိုယ်ဘရိတ်အုပ်လိုက်မိတော့သည်။

အိမ်ရောက်တော့ မေမေက ထမင်းပွဲနှင့်အသင့်စောင့်နေသည်။ သူက မေမေ့နားသို့ကပ်ထိုင်လိုက်ရင်း. . .

“ဒီနေ့တော့ မေမေ့ထမင်းတွေမစားနိုင်ပြန်ပြီ၊ ည အရေးကြီးတဲ့ **Dinner** ရှိတယ်လေ”

မေမေက သူ့ခေါင်းကိုခပ်ဖွဖွပုတ်ရင်း. . .

“သားကတော့လုပ်ပြီ၊ ဒါနဲ့ မနေ့က သားဘယ်သွားနေတာလဲ၊ ကုမ္ပဏီတဖုန်းဆက်တာခဏခဏပဲ”

“ကိစ္စရှိလို့ပါမေမေရာ၊ ကဲ. . သားသွားနားတော့မယ်နော်”

ခေါင်းညိတ်ပြသောမေမေ့နားမှ ထွက်ခဲ့သည်။ ငယ်စဉ်ကဆင်းရဲဒုက္ခတွေခံစားရသောမေမေဟာ ယခုမှ ချမ်းသာသုခကိုခံစားရခြင်းဖြစ်သည်။ မေမေဟာ ငယ်စဉ်က ဖေဖေအရက်သမား လင်ဆိုးမယားတဖားဖားဘဝနှင့် သူ့ကိုရှာကျွေး၊ ကျောင်းကို ဆယ်တန်းအောင်သည်အထိ ထားနိုင်ခဲ့သည်။ ထို့ကြောင့် မေမေ့ရဲ့ကျေးကျေးဇူး မွေးကျေးဇူးတွေဆပ်လို့တောင်မကုန်နိုင်။

သူ့ဘဝမှာ မေမေစိတ်ချမ်းသာမှ သူနေသာထိုင်သာရှိသည်။ သူဆယ်တန်းအောင်တော့ ဖေဖေဆုံးသည်။ အဲဒီကစပြီး မင်းတေဇဟာ အမှတ်ကောင်းရပါလျက်နှင့် ကျောင်းဆက်မတက်တော့ဘဲ



www.burmeseclassic.com

www.burmeseclassic.com



စီးပွားရေးလောကထဲသို့ဝင်ခဲ့ခြင်းဖြစ်သည်။ အခုတော့ ဒီလိုအခြေအနေရောက်နေပြီမို့ သူ့အရမ်းကျေနပ်ပါသည်။

ရေချိုးပြီး သင့်တင့်လျောက်ပတ်သောအင်္ကျီကိုဝတ်လိုက်ပြီး ကားသော့ကိုင်လျက်ထွက်ခဲ့သည်။

"သား. . ကားကိုဂရုစိုက်မောင်းနော်"

မေမေ့ကို စိတ်မပူရန်ပြောနှုတ်ဆက်ပြီး သူဇာတို့အိမ်ဘက်သို့မောင်းထွက်ခဲ့သည်။ ခြောက်နာရီထိုးကာနီးပြီမို့ သူဇာပြီးလောက်ပါပြီဟုတွေးမိသည်။ သူဇာတို့တိုက်ရှေ့သို့ရောက်တော့ ကားဟွန်းသံပေးလိုက်သည်။ ခဏနေတော့ သူဇာရောက်လာသည်။

"သူဇာနည်းနည်းနောက်ကျသွားတယ်၊ ဆောရီးနော်ဆရာ"

"ရပါတယ်ကွာ"

သူဇာက ရှေ့ခန်းတံခါးဖွင့်ထိုင်တော့ ပတ်ဝန်းကျင်ကအသံတွေ၊ တီးတိုးအသံတွေထွက်လာတာ သူရော၊ သူဇာပါသိကြပါသည်။ သို့သော် သူတို့နှစ်ယောက်လုံး ဒီအသံတွေကို ဥပေက္ခာပြုထားတာကြာခဲ့ပြီ။ သူဇာ့အဲမေက ဝရံတာမှလက်ထွက်ပြတာမို့ သူဇာက လက်ပြန်ပြနေသည်။ သူကပြုံး၍ ကားမောင်းထွက်ခဲ့သည်။

"သူဇာ့မေမေက သူဇာ့ကိုသိပ်ချစ်တာပဲနော်၊ ကိုယ့်မေမေနဲ့တူတယ်ကွ"





သူဇာက ဘာမှပြန်မပြော။ ပြုံးရုံသာပြုံးသည်။ သူ့အတွက်တော့ သူဇာဟာ အရုပ်တလေးတစ်ရုပ်မျှသာ။ သူတို့စကားထပ်မပြောမိကြတော့။

သူတို့ရောက်သွားတော့ ညစာစားပွဲကအရှိန်ကောင်းနေပြီဖြစ်သည်။ ညစာစားပွဲကိုကျင်းပသောခြံရှင်ကိုဝင်းထွန်းက သူတို့ကိုလာခေါ်သည်။

"လာဗျာ. . ကိုမင်းတေဇ၊ ဘူဖေးပဲ. . ကြိုက်ရာသုံးဆောင်"

သူက ဘီယာဖန်ခွက်ကိုလှမ်းယူလိုက်တော့ သူဇာက အလိုက်တသိ ပန်းကန်တိုယူ၍ အမြည်းတွေလိုက်ထည့်နေသည်။ သူကတော့ မျက်စိဝေ့ပြီး အသိရှာလိုက်သည်။

ထို့နောက် သူမိတ်ဆွေအများဆုံးရှိသည့်ဝိုင်းသို့ လျှောက်ခဲ့သည်။

"ဟော. . ကိုမင်းတေဇ. . လာဗျာ"

အသိက သူ့ကိုလှမ်းခေါ်သည်။ အမျိုးသမီးသုံးလေးယောက်ရှိသည်မို့ သူဇာ့အတွက်မဆိုးလှ။

"ခင်ဗျားရဲ့စက္ကူထရီလေးရော မပါဘူးလား"

သူ့ကိုပြုံးလျက်မေးသည်။ သူနှင့် သူဇာဟာ ဒီပွဲတွေတိုအတူတက်နေကြဆိုတော့ မေးတာမဆန်းပါ။



www.burmeseclassic.com

www.burmeseclassic.com



"လာပါလိမ့်မယ်ဗျာ"

မင်းတေဇနှင့် အခြားသူများက စကားထွေရာလေးပါးပြော ဆိုမိကြသည်။ နောက် သူ့ဇာရောက်လာသည်။ ဒီတော့ စကြ နောက် ကြရင်း စီးပွားရေးအကြောင်းတွေရောက်ကြသည်။

ထို့နောက် စားကြသောက်ကြသည်။ ထိုစဉ်မှာပင် ခြံရှင် ကိုဝင်းထွဋ်က လူတစ်ယောက်ကို ပခုံးဖက်၍ခေါ်လာသည်။

"စားရတာ အဆင်ပြေကြရဲ့လားဗျာ"

"ပြေတာမှ ဟိုဘက်ကမ်းကိုလွန်ရောကိုဝင်းထွဋ်ရေ"

ကိုဝင်းထွဋ်က ရယ်မောစနောက်ရင်း သူနံဘေးမှလူနှင့် မိတ်ဆက်ပေးသည်။

"အားလုံးကိုမိတ်ဆက်ပေးရဦးမယ်၊ ဒါ ကျွန်တော့်သူငယ် ချင်း အောင်မြင်ချမ်းသာတဲ့၊ ချမ်းသာကုမ္ပဏီပိုင်ရှင်ရဲ့သားပေါ့။ နောက်ဆို သူပဲချမ်းသာကုမ္ပဏီကိုဦးစီးတော့မှာ"

မင်းတေဇရင်ထဲတွင် အချက်ပေးခေါင်းလောင်းသံတွေ ဆူ ညံသွားသည်။ ချမ်းသာကုမ္ပဏီ. .။ ဒီနေ့ ဒီကုမ္ပဏီနာမည်ကိုကြားရ တာ နှစ်ခါရှိပြီဟု စိတ်မသက်မသာနှင့်တွေးလိုက်မိသည်။ ကိုဝင်းထွဋ် က ဆက်ပြောနေသေးသည်။

"အောင်မြင်ချမ်းသာက အင်္ဂလန်က စီးပွားရေးဆိုင်ရာပါရဂူ





ဘွဲ့ရလာတာလေ၊ လွန်ခဲ့တဲ့တစ်လလောက်ကမှပြန်လာတာ၊ သူက ဒီမှာ သူတတ်တဲ့ပညာကိုအသုံးချပြီး သူ့တို့ကုမ္ပဏီကြီးကို တိုးတက် အောင်လုပ်မလို့တဲ့လေ"

"ဟာ. . ကောင်းတာပေါ့၊ ဝမ်းသာပါတယ်"

တစ်ဝိုင်းလုံးက အပြုံးတွေနှင့် ရွှန်းရွှန်းဝေလက်ဆွဲနှုတ်ဆက် တော့ မင်းတေဇလည်း ဟန်ဆောင်ပြုံးပြုံး။ ထိုသူ၏လက်ကို ပြန် လည်ဆုပ်ကိုင်လိုက်သည်။

"တွေ့ရတာဝမ်းသာပါတယ်ဗျာ"

သူက လိုအပ်သည်ထက်ပို၍ တင်းတင်းဆုပ်ကိုင်လိုက် သည်။

"သူက ကိုမင်းတေဇတဲ့၊ တေဇကုမ္ပဏီကပေါ့"

"ဟုတ်ကဲ့. . ကျွန်တော်လိုအပ်တာ ညွှန်ပြပေးပါဗျာ၊ ဟိုက ဘွဲ့ရလာတယ်ဆိုပေမယ့် ဒီမှာလတ်တွေ့က လိုအပ်တာတွေအများ ကြီးရှိမှာပါ"

သူသည် လူအပ်တာထက် လူတွေအပေါ်ရိုကျိုးနေသည်ဟု မင်းတေဇထင်မိသည်။ မင်းတေဇအတွက် ပြိုင်ဘက်တစ်ယောက် တိုးလာပြီဆိုတာ ထိုနေ့က အသေအချာတွေးလိုက်မိသည်။

ထို့ကြောင့် စိတ်ထဲမှာ မွန်းကျပ်စွာခံစားရသည်။



www.burmeseclassic.com

www.burmeseclassic.com

"ကိုယ် အောင်မြင်ချမ်းသာအကြောင်းသိချင်တယ်၊ သူဇာ စုံစမ်းပေးလို့ရမလား"

နံနက်ခင်း ကုမ္ပဏီသို့ရောက်ရောက်ခြင်း တန်းပြောလိုက်တာကြောင့် သူဇာကအံ့ဩသွားသည်။

"ဆရာ့အတွက် အရေးထားရမယ့်လူဖြစ်နေလို့လားဟင်"

သူဇာကမေးခွန်းပြန်ထုတ်တော့ သူခေါင်းညိတ်ပြ၍. . .

"ဟုတ်တယ်သူဇာ၊ ချမ်းသာကုမ္ပဏီဆိုတာ အရင်က ကိုယ့်ခေါင်းထဲထည့်စရာမဟုတ်ပေမယ့် အခုခေါင်းထဲထည့်ရတော့မယ်၊ လုပ်ငန်းချင်းကအတူတူပဲ၊ ပြီးတော့ အောင်မြင်ချမ်းသာဆိုတဲ့လူ ကိုယ့်ဖောက်သည်တို မနေ့ကပဲခေါ် ချသွားပြီလေ"





မင်းတေဇကာ မနေ့ကကိစ္စကိုပဲ ကြိတ်မနိုင်ခဲမရဖြစ်နေသည်။

"ဆရာကလည်း မနေ့က **Dinner** မှာ ဖောက်သည်ပြန်ရယာပြီလေ"

"တိတ်စမ်း"

သူက ခုံတိုပုတ်ပြီးအော်လိုက်တော့ သူဇာငြိမ်သွားသည်။

"ငါကစုံစမ်းဆိုရင် စုံစမ်းလိုက်ပေါ့၊ ငါ့ကိုလာပြီး ဆင်ခြေဆင်လက်တွေလာမပေးနဲ့. . သွားတော့"

သူဇာ့ကို အခန်းထဲမှနှင်ထုတ်ရင်း သက်ပြင်းတစ်ချက်ချလိုက်သည်။ ပြီးနောက် ပုဂံကိုဖုန်းဆက်လိုက်သည်။ မင်းတေဇတို့ကုမ္ပဏီက မြန်မာမှုလက်ရာယွန်းထည်တွေကို နိုင်ငံခြားသို့တင်ပို့ပြီး နိုင်ငံခြားမှကွန်ပျူတာများ နိုင်ငံတွင်းသို့ပြန်လည်တင်သွင်းပြီး အရောင်းဆိုင်ဖွင့်ထားသောကုမ္ပဏီပင်ဖြစ်သည်။

သူကမှာနေကျ ပုဂံယွန်းထည်ဆိုင်မှပစ္စည်းတွေကို လိုသလောက်မှာကြားလိုက်သည်။ လူရင်းတွေမို့. . .

"ပိုက်ဆံကိုတော့ ကျွန်တော်လာမရှင်းမယ်နော်၊ ဒါဆို ကျွန်တော်စိတ်ချမယ်နော်၊ ဖုန်းချလိုက်တော့မယ်"

သူကစိတ်မောလူမောနှင့် ဖုန်းပိတ်လိုက်သည်။ အလုပ်ကိစ္စ [illegible] နေရာတိုင်းဦးနှောက်သုံးနေရသည်လေ။ သူဇာဘယ်ရောက်



www.burmeseclassic.com

www.burmeseclassic.com



သွားပါလိမ့်။ ဒီကောင်မလေးစိတ်ကောက်သွားပြီထင်ပါရဲ့။

သူ ရုံးခန်းထဲမှထွက်ပြီး စားပွဲခုံတွင်စာရင်းလုပ်နေသော သူဇာ့ကိုလှမ်းခေါ်လိုက်သည်။

"သူဇာ. . ညည်းဘာအရေးတကြီးအလုပ်ရှိလဲ"

"မရှိပါဘူးဆရာ၊ စာရင်းတွေလုပ်နေတာပါ"

မင်းတေဇက သူဇာ့စာရင်းတွေ တစ်ချက်ယူကြည့်ရင်း. . .

"ဒါဆို ငါနဲ့အပြင်ခဏလိုက်ခဲ့"

"ဟုတ်ကဲ့"

သူကသွားမယ်ဆို သူဇာကအမြဲအသင့်ရှိနေသူဖြစ်ပါသည်။ သူ့ဒဏ်ကိုလည်း တော်ရုံလူတွေမခံနိုင်။ သူက အလုပ်လုပ်တာတိကျ သလို စိတ်မထင်ရင်လည်း မထင်သလိုအော်ငေါက်တတ်သူဖြစ်သည်။ သူဇာနှင့်သာ ကြာရှည်ခံနေတာ။

သူက ကားပေါ်ရောက်သည်နှင့် စားသောက်ဆိုင်တစ်ဆိုင် သို့မောင်းထွက်ခဲ့သည်။ သူဇာ့ကိုကျွေးမွေးပြီး. . .

"ညည်း ငါ့ကိုစိတ်မဆိုးနဲ့နော်သူဇာ၊ ငါက. ."

"သူဇာစိတ်မဆိုးပါဘူး၊ ဆရာ့အကြောင်းသိပြီးသားပါ၊ ဆရာ့ကို သူဇာနားလည်တယ်"

ဟုတ်ပါသည်။ သူ့အပေါ်တွင် သူဇာသာနားအလည်ဆုံး





ဖြစ်လိမ့်မည်။ သူက အလွန်တရာစိတ်တိုစိတ်ဆတ်ပြီး မြန်မြန်ဆန် ဆန်ပြီးစေချင်သူမဟုတ်ပါလား။

သူဇာက သူ့ကိုနားလည်သည်ဆို၍ မင်းတေဇစိတ်ထဲတွင် တစ်မျိုးလေးဖြစ်သွားသည်။ မိန်းကလေးတစ်ယောက်က နားလည် ပေးရအောင် သူသဘောထားတွေသိပ်သေးသိမ်နေပြီလား။ သက် ပြင်းတစ်ချက်မှုတ်ထုတ်လိုက်မိသည်။

ထိုစဉ်မှာပင် သူ့ဖုန်းကမြည်လာတာကြောင့် တိုင်လိုက်တော့ ကျော်ဦးဖြစ်နေသည်။

"မင်းတေဇ. . ငါပါကွ. . ကျော်ဦး၊ ဒီမှာ မင်းဟာမလေးက ကဂျီကကျောင်လုပ်နေလို့ကွ၊ လာပါဦးကွာ၊ ငါလည်းဘာမှမလုပ်တတ် ဘူးကွ"

ကျော်ဦးစကားကြောင့် သူစိတ်ရှုပ်သွားပြန်သည်။ ဘာလုပ် ရမလဲမင်းတေဇ။ ခေါင်းအေးအေးထားစဉ်းစားစမ်း။

"အေးကွာ. . ငါ ညနေကုမ္ပဏီအလုပ်အားရင် လာခဲ့မယ်၊ ဘာဖြစ်လို့တဲ့လဲကွာ"

"မသိပါဘူးကွာ၊ သူ့အိမ်က အမေ့ပြတ်စွန့်လွှတ်လို့ဆိုလား ပဲ၊ တစ်ချိန်လုံးငိုနေတယ်၊ ဘယ်လိုမှလည်းချော့လို့မရဘူး"

"အေးပါ. . ငါလာခဲ့မယ်. . ဒါပဲ"



www.burmeseclassic.com

www.burmeseclassic.com



အမွှေပြုတ်စွန့်လွှတ်မှာပေါ့။ မင်္ဂလာဆောင်နေတုန်း ထွက်ပြေးခဲ့တာကိုးဟု ဒေါသဖြစ်စွာတွေးမိသည်။ အခုတော့ သပွတ်ထုပ်ငါ့ဆီလာပတ်နေပြီ။

မင်းတေဇက ကောင်မလေးရဲ့သနားကမားမျက်နှာလေးကိုမြင်ယောင်ပြီး စိတ်လျှော့ချလိုက်သည်။ မထူးပါဘူး။ ကူညီမိမှတော့ အစအဆုံးကူညီရမှာပေါ့။ သူကကံဆိုးလို့ သူမနှင့်တွေ့တာ။ ပြီးတော့ ကြားထဲက အချောင်ကျော်ဦးတို့လင်မယားပါ စိတ်ညစ်နေရပြီဟု တွေးလိုက်မိသည်။

ကုမ္ပဏီရုံးခန်းပြန်ရောက်တော့. . .

"သူဇာရေ. . ကိုယ့်ကို ဒီနေ့သတင်းစာလေး ခဏလောက်"

"ဟုတ်ကဲ့ဆရာ"

သူဇာက သတင်းစာယူလာသည်။ နေစမ်းပါဦး။ ဟိုကောင်မလေးနာမည်က ဘယ်သူပါလိမ့်။ 'ဟေသာ'ဆိုလားပဲ။

သူသတင်းစာမှာရှာကြည့်တော့မတွေ့ချေ။ ဒီနားလေးက 'ဟေသာမြင့်မြတ်'တဲ့။ ဒါပဲဖြစ်မှာ။ နာမည်ကတော့ အမိုက်စားလေးပဲ။ မင်းတေဇ ကြော်ငြာကိုသေချာဖတ်ပြီး မိဘများနာမည်ကို မှတ်ထားလိုက်သည်။





"သူဇာရေ. . လက်မှတ်ထိုးစရာရှိသေးလား၊ ကိုယ် ဒီနေ့သွားစရာရှိလို့၊ ရုံးစောစောဆင်းမလို့"

"ဟုတ်ကဲ့ဆရာ၊ လက်မှတ်ထိုးစရာတွေ သူဇာယူလာပါ့မယ်"

သူ့ရုံးခန်းထဲ ဝင်ချည်ထွက်ချည်နှင့် အလုပ်ရှုပ်နေသောသူဇာ့ကို သူနည်းနည်းတော့ အားနာသွားသည်။ သူဇာယူလာသော လက်မှတ်ထိုးစရာရှိသည်များ ထိုးပေးပြီးနောက်. . .

"သူဇာလည်း ကိုယ့်အခန်းထဲဝင်လိုက်ထွက်လိုက်နဲ့ အလုပ်ရှုပ်ပါတယ်ကွာ၊ သူဇာ့စားပွဲကို ကိုယ့်အခန်းထဲရွှေ့ထားလိုက်"

"ရှင်. ."

သူဇာ့မျက်နှာလေးက ပန်းသီးလေးတစ်လုံးလို ဖြန်းခနဲနီမြန်းသွားပြီး ခေါင်းလေးငုံ့သွားသည်။ ဟာ. . သွားပြီ။ သူကရိုးရိုးတန်းတန်းပြောလိုက်တာကို ကောင်မလေးက တစ်မျိုးထင်သွားပုံရသည်။

"ကိုယ်က ရိုးရိုးသားသားပြောတာနော်၊ မင်းပင်ပန်းမှာစိုးလို့"

"ဟုတ်ကဲ့"

"ကဲ. . ကိုယ်သွားပြီ"

သူလည်း စကားကိုမဆင်မခြင်ပြောမိပြီးမှ သူဇာ့ကိုအားနာ



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာပူစွာနှင့် ရုံးခန်းထဲမှ ခပ်သုတ်သုတ်ထွက်လာခဲ့မိတော့သည်။

မင်းတေဇ ကားကိုမော်ဘီတိုက်ကြီးဘက်သို့ ဦးတည်လိုက်သည်။ ကားကက်ဆက်ကိုမတိုးမကျယ်နှင့်ဖွင့်လိုက်စဉ်မှာပင် နောက်မှာ ကားတစ်စီးကပ်ပါလာတာကိုတွေ့ရသည်။ သူက နောက်ကားကို ကျော်တက်စေရန် အရှိန်လျှော့ပေးလိုက်တော့ နောက်ကားကကျော်မတက်ဘဲ သူ့လိုပင်အရှိန်လိုက်လျှော့သည်။ သူက ကားကို အမြန်နှုန်းပြန်မောင်းတော့ နောက်ကားကပါလိုက်မောင်းသည်။

မဟုတ်သေးပါဘူး။ ဒီကားတော့ ငါ့နောက်ကိုလိုက်လာတာပဲဖြစ်ရမယ်။

မင်းတေဇက သူ့ရဲ့ SURF ကားကြီးကို ကန့်လန့်ဖြတ်ပိတ်ရပ်ပြီး ကားပေါ်ကဆင်းလိုက်သည်။ နောက်မှ ကားလည်းရပ်သွားသည်။

မင်းတေဇက ထိုကားဆီသို့ အေးဆေးစွာလျှောက်သွားလိုက်သည်။ ထိုကားပေါ်မှ လူတစ်ယောက်ဆင်းလာသည်။

"ကဲ. . ဆိုစမ်းပါဦး၊ ကျုပ်ကားနောက်ကို ဘာလို့နောက်ယောင်ခံလိုက်လာတာလဲ"

မင်းတေဇက မျက်နှာမကြည့်ဘဲပြောလိုက်မိသည်။

"ဟာ. . ခင်ဗျား ကိုမင်းတေဇမဟုတ်လား"





သူ့ကိုနှုတ်ဆက်လိုက်သံကြောင့် ထိုပုဂ္ဂိုလ်မျက်နှာကို လှမ်းကြည့်လိုက်သည်။

"ကိုအောင်မြင့်ချမ်းသာ"

မင်းတေဇ၏မန်မိုရီက ဖျတ်ခနဲမှတ်မိသွားသည်။

"ဟာ. . ပြန်တွေ့ရတာဝမ်းသာတယ်ဗျာ"

အောင်မြင့်ချမ်းသာက သူ့လက်ကိုဆွဲယူနှုတ်ဆက်လေသည်။ မင်းတေဇရင်ထဲမှာတော့ အချက်ပေးခေါင်းလောင်းသံတွေဆူညံနေပြီဖြစ်သည်။ သူ ငါ့နောက်ကို ဘာကြောင့်နောက်ယောင်ခံလိုက်ရတာလဲ။

"ကဲဗျာ. . တိုက်တိုက်ဆိုင်ဆိုင်တွေ့တုန်းလေး လက်ဖက်ရည်ဆိုင်ဖြစ်ဖြစ်ထိုင်ကြတာပေါ့"

မင်းတေဇကအဆိုပြုပြီး သူပင်ဦးဆောင်ကာ ကားကိုရှေ့မှမောင်းပြီး နီးစပ်ရာလက်ဖက်ရည်ဆိုင်သို့ခေါ်ခဲ့သည်။

"ခင်ဗျားကားမှန်းမသိလို့ဗျာ၊ ကျွန်တော်က ကျွန်တော့်သူငယ်ချင်းကားထင်ပြီး လိုက်လာမိတာကိုမင်းတေဇရဲ့"

လက်ဖက်ရည်ဆိုင်မှာထိုင်ထိုင်ခြင်းပြောသည်။ မင်းတေဇက သိပ်မယုံပေမယ့် ထိုသူ့ကိုအကဲဖမ်းသလိုကြည့်လိုက်သည်။ သူ့ရဲ့



www.burmeseclassic.com

www.burmeseclassic.com



ရုပ်က အကဲဖမ်းရန်ခက်ခဲလှသည်။ သူတို့နှစ်ယောက်ကြားတွင် အတန်ကြာအောင်ငြိမ်သက်သွားသည်။

"ကိုအောင်မြင်ချမ်းသာက. . ."

"ခေါ် ရတာရှည်ပါတယ်၊ အောင်မြင်လို့ပဲခေါ်ပါ။ ရပါတယ်"

အောင်မြင်ချမ်းသာက ဝင်ပြင်ပေးလိုက်သည်။

"ကိုအောင်မြင်က ကုမ္ပဏီအလုပ်တွေလုပ်နေပြီလား"

"အခုမှလေ့လာဆဲပါဗျာ၊ ကိုမင်းတေဇတို့ လိုအပ်တာရှိရင်လည်း သင်ပြပေးပါဦး"

"အိုးဟိုး. . ဘယ့်နှယ့် ပြောင်းပြန်တွေပြောနေရတာလဲနိုင်ငံခြားပြန်ကြီးရဲ့၊ ကျွန်တော်တို့ကိုသာသင်ပေးရမှာ"

မင်းတေဇက ခနဲ့တဲ့တဲ့ပြောလိုက်သည်။ ဤသို့ဖြင့် သူတို့နှစ်ယောက်စကားစပ်မိစပ်ရာ အနည်းငယ်ပြောဆိုကြပြီး လမ်းခွဲကြသည်။

"ကိုအောင်မြင်. . ကျွန်တော့်နောက်ကို ထပ်လိုက်ဦးမယ်ဆိုရင် ပင်ပန်းပြီး ဆိကုန်ပါတယ်ဗျာ၊ ကျွန်တော့်ကားနဲ့သာလိုက်ခဲ့ပါတော့"

သွားခါနီး သူကကလိလိုက်တော့. . .

"အေးဗျာ. . ဆောရီး . . ကျွန်တော်လည်းပြန်တော့မှာပါ"





မင်းတေဇက အောင်မြင်ချမ်းသာကားမောင်းထွက်သွားတာကို စိတ်ရှည်လက်ရှည် မျက်စိအောက်မှပျောက်သွားသည်အထိ ကြည့်နေလိုက်သည်။ ပြီးမှ သူ့ကားပေါ် တက်ခဲ့သည်။

"အောင်မြင်ချမ်းသာ. . မင်းနဲ့ငါ တစ်နေ့တော့တွေ့ကြဦးမှာပေါ့"

အံကိုတင်းတင်းစေ့ထားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

သပြေခင်းထဲတွင် စိတ်အေးလက်အေး သပြေပန်းခူးနေသောကောင်မလေးကိုလှမ်းမြင်ရ၍ မင်းတေဇကားဟွန်းမတီးသေးဘဲ ငေးကြည့်နေမိသည်။ သူမကတော့ အေးအေးဆေးဆေးသီချင်းပင်ဆိုညည်းနေသည်ထင်သည်။ နှုတ်ခမ်းဖူးဖူးဝိုင်းဝိုင်းလေးက တစ်လှုပ်လှုပ်။

ဒီတောင်မလေးကြည့်ရတာ အသက်နှစ်ဆယ်ပင်ပြည့်ပါဦးမလား။ ကောင်မလေးက ကတ်ကြေးကိုကိုင်လျက် တွေဝေငေးမောသွားသည်။ ဘာတွေများတွေဝေစရာရှိနေလဲ မိန်းကလေးရယ်။

မင်းတေဇ သက်ပြင်းတစ်ချက်ကိုရှိုက်၍ ကားဟွန်းသံပေးလိုက်သည်။ တောင်မလေးလက်ထဲကကတ်ကြေး လန့်၍လွတ်ကျသွားသည်။ ပြီးနောက် ခြံဝသို့အပြေးလာ၍တံခါးဖွင့်သည်။





သူ့ကိုမြင်တော့ အားပါးတရပြုံးပြသည်။ ကောင်မလေးပုံစံက စတွေ့တုန်းကနှင့်တခြားစီ။ တစ်ပတ်နွမ်းအင်္ကျီလုံချည်လေးတွေနှင့် ညှိုးညှိုးငယ်ငယ်။ ဒီပုံကိုမြင်တော့ မင်းတေဇစိတ်မကောင်း။

"ကျော်ဦးတို့ရော. ."

"အပြင်သွားကြတယ်"

"ဒါဆို အိမ်တံခါးသော့ခတ်ကွာ၊ ငါနဲ့လိုက်ခဲ့"

"ရှင်. ."

သူ့ကို မျက်လုံးပြူးပြူးဝိုင်းဝိုင်းလေးနှင့် လှမ်းကြည့်နေသည်။

"မင်း နားတောင်းပါတယ်နော်"

"ဟုတ်. . ဟုတ်၊ ခဏအဝတ်လဲ"

"လဲမနေနဲ့၊ ဒီတိုင်းလိုက်ခဲ့"

ကောင်မလေးက ပျာယာခတ်သွားပြီး လက်ထဲက သပြေပန်းတွေကို အိမ်ထဲပြေးထည့်၊ အိမ်သော့ခတ်ပြီး သူ့ကားပေါ်တက်ရန် မဝံ့မရဲဖြစ်နေပြန်သည်။

"ဟော့. . ရှေ့ခန်းကပဲတက်လေ၊ ဟိုရက်တုန်းကတောင် မီးပွိုင့်ကြီးမှာ မကြောက်မရွံ့တက်လာပြီးတော့"

"အို. . အဲဒီတုန်းက ကိုယ်ဇောနဲ့ကိုယ်မို့ပေါ့"

"အခုလည်း စဉ်းစားမနေနဲ့တော့"



www.burmeseclassic.com

www.burmeseclassic.com



သူက ကောင်မလေးကားပေါ်ရောက်တာနှင့် မောင်းထွက်ခဲ့သည်။

"မင်း ဒီအိမ်မှာနေရတာအဆင်ပြေရဲ့လား"

"ဒီလိုပါပဲ"

မျက်နှာငယ်လေးနှင့်ပြောလိုက်သောကောင်မလေးကို သူ သနားသွားမိသည်။ ထို့ကြောင့် တစ်ခါတည်းအိမ်ခေါ်သွားရန် ဆုံးဖြတ်လိုက်သည်။ လမ်းတွင်တစ်ဘက်မှကျော်ဦးတို့လင်မယားလမ်းလျှောက်လာတာကိုမြင်၍ ကားရပ်လိုက်သည်။

"ကျော်ဦး. . ငါသူ့ကိုပြန်ခေါ်သွားတော့မယ်ကွာ"

သူက အိတ်ထဲမှပိုက်ဆံတစ်ထပ်ကို ထုတ်ပေးလိုက်သည်။

"အစစအရာရာအတွက် ကျေးဇူးပဲသူငယ်ချင်းရာ"

"ဟာ. . ဒါတွေမလိုပါဘူး"

ကျော်ဦးကငြင်းပေမယ့် သူက အတင်းထိုးထည့်ကာ ကားမောင်းထွက်ခဲ့သည်။ သူကကားမောင်းရင်းနှင့် အပြင်ဘက်ကိုငေးမောနေသောကောင်မလေးကို လှမ်းကြည့်မိသည်။

ကောင်မလေးရဲ့မျက်နှာက ချစ်စရာလုံးလုံးလေးပါ။ အင်း. . မေမေနဲ့အဆင်ပြေပါ့မလား။ ဒီတော့မှ မေမေ့ကို ဘယ်လိုပြောရမလဲဆိုတာ မင်းတေဇအကြံထုတ်လိုက်သည်။





စားသောက်ဆိုင်တစ်ဆိုင်ရောက်တော့ သူကားကိုထိုးရပ်လိုက်ပြီး ကောင်မလေးကကားပေါ်ထိုင်ဆဲမို့. . .

"ကဲ. . ဆင်းဦးအမိ"

"ဟို. . ဟို. . ကျွန်မကိုတစ်ယောက်ယောက်မြင်တွေ့သွားရင် ရှင်နဲ့ကျွန်မကို လူတွေက တစ်မျိုးထင်သွားမှာပေါ့"

"အဲလိုထင်မှာစိုးရင် ဘာလို့ငါ့ကားပေါ်အတင်းတက်လာတာလဲ"

"ရှင်ကလည်း ဒီအကြောင်းပဲပြန်မစပါနဲ့တော့၊ ရှင်ဆင်းဆိုလည်းဆင်းပါ့မယ်"

ကောင်မလေးက အမှန်တကယ်ပင်စိုးရိမ်နေသည့်ပုံစံလေး။

"ဒီမှာမချော၊ မင်းအိမ်ကလည်း မင်းကိုအမွေဖြတ်လိုက်ပြီ၊ ပြန်ခေါ်မှာမဟုတ်ဘူး. . စိတ်ချ၊ ပြီးတော့ အခုလောလောဆယ် မင်းက ငါ့ရဲ့အုပ်ထိန်းမှုအောက်မှာ၊ ငါခွင့်မပြုဘဲ မင်းကို ဘယ်သူမှခေါ်သွားလို့မရစေရဘူး"

မင်းတေဇက ခပ်ပြတ်ပြတ်ပြောလိုက်တော့ ကောင်မလေးမျက်နှာကမဲ့ကျသွားသည်။

"အဲလိုဆိုရင်တော့ ကောင်းတာပေါ့ရှင်"

"ကဲ. . ကဲ. . ကြိုက်တာမှာစား"



www.burmeseclassic.com

www.burmeseclassic.com



သူကပင် ကောင်မလေးကိုဦးဆောင်၍မှာပေးလိုက်သည်။ ကောင်မလေးရဲ့မျက်နှာဖူးဖူးလုံးလုံးလေးက အဘယ်ကြောင့်မဲ့တဲ့တဲ့ဖြစ်နေရပါသနည်း။ မင်းတေဇမနေနိုင်တော့။

"မင်းဘာဖြစ်နေတာလဲ"

ကောင်မလေးက ချက်ချင်းမဖြေသေး။ သူကထပ်မေးလိုက်တော့မှပင်. . .

"ရှင် ကျွန်မကို အိမ်ပြန်မပို့ပါဘူးနော်၊ ပြန်ပို့ရင် ဖေဖေက သတ်မှာရှင့်"

"မပို့ပါဘူးကွာ၊ ပို့ဖို့နေနေသာသာ မင်းအိမ်ဘယ်မှာရှိတယ်ဆိုတာတောင်မသိဘူးဗျ၊ မင်းနာမည် ပေဟသာမြင့်မြတ်ဆိုတာတောင် သတင်းစာထဲပါလာမှသိတယ်"

ကောင်မလေးက သူ့ကိုယုံသေးပုံမပေါ်ချေ။ သူ့ကိုမယုံသင်္ကာနှင့်. . .

"ဒါဆို အခုဘယ်ကိုခေါ်သွားမလို့လဲ"

"ကိုယ့်အိမ်ကို"

"ရှင့်အိမ်ကို. . ဟုတ်လား"

ကောင်မလေးကအံ့ဩသွားပုံနှင့် မျက်လုံးလေးပြူးပြီးမေးသည်။ မင်းတေဇကတော့ ဘာကြောင့်မှန်းမသိ။ ဒီကောင်မလေး





ကြောက်လန့်နေသည့်ပုံလေးကိုပင် သဘောကျနေမိသည်။

"ဟုတ်တယ်လေ၊ ကိုယ့်အိမ်မှာ မေမေ့ကိုကူဖော်လောင်ဖက်ရအောင်လို့ခေါ်သွားမလို့၊ မင်းကိုကြည့်ရတာ ဟိုအိမ်မှာအဆင်ပြေပုံမပေါ်ဘူးလေ"

မင်းတေဇက စေတနာအမှန်နှင့်ပြောလိုက်ခြင်းဖြစ်သည်။ ကောင်မလေးက သူ့စေတနာကိုနားလည်ပုံမပေါ်ချေ။ သူ့ကိုဂျစ်တန်ကန်နှင့်ကြည့်ပြီး. . .

"သြော်. . ရှင်က ကျွန်မကို ရှင့်အိမ်မှာအိမ်ဖော်လုပ်ခိုင်းဖို့ခေါ်သွားမှာပေါ့လေ. . ဟုတ်လား"

"ခက်တာပဲ၊ မင်းကွာ. ."

စားစရာတွေရောက်လာ၍ စကားဆက်မပြောတော့ဘဲဖြတ်လိုက်သည်။

"ကဲ. . ကဲ. . စားစရာရှိတာစားအမိ၊ ပြီးရင် ကျုပ်အိမ်ကိုခင်ဗျားလိုက်ချင်လိုက် မလိုက်ချင်နေ၊ လိုက်ရင် ကျုပ်အမေနဲ့အဆင်ပြေအောင်ပေါင်းရမယ်၊ မလိုက်ဘူးဆိုရင် မင်းနဲ့ကျုပ် ဒီနေရာကလမ်းခွဲကြမယ်"

မင်းတေဇက ခပ်ပြတ်ပြတ်ပင်ပြောလိုက်သည်။ ဒီတော့လည်း မချောလေးက မျက်နှာပျက်သွားသည်။ သူလည်းမတတ်နိုင်။



www.burmeseclassic.com

www.burmeseclassic.com



တတ်နိုင်သလောက်ကူညီပြီးပြီဖြစ်သည်။

"ရှင်. . ရှင်က ကျွန်မကိုလမ်းပေါ်မှာပစ်ထားခဲ့တော့မယ် ပေါ့လေ"

ကောင်မလေးက မျက်ရည်တွေဝေ့သီနေသောမျက်လုံးဝိုင်းကြီးတွေနှင့် သူ့ကိုကြည့်ပြီးပြောတော့ သူမခံနိုင်ပါ။

"ဟောဗျာ. . အဓိပ္ပာယ်မဲ့. ."

"ကဲပါလေ. . ရှင်ဘာမှမပြောပါနဲ့တော့၊ ကျွန်မမှာ တခြားသွားစရာမှမရှိတာ၊ ရှင့်အိမ်ကိုပဲလိုက်ရမှာပါ။ ရှင်ကြိုက်တာခိုင်းပါ။ ကျွန်မအကျင့်စာရိတ္တကိုမထိခိုက်ရင်ပြီးရော"

ကောင်မလေးကလည်း သူ့ကိုစကားအပြတ်ပင်ပြန်ပြောသည်။ နောက်ဆုံးတော့ စိတ်မကောင်းဖြစ်ရသူမှာ သူပင်ဖြစ်သည်။ စားသောက်ပြီးစီး၍ သူ့အိမ်ကို ကားမောင်းလာတဲ့အထိ မရွှေချော က ဘာမှကိုမပြောတော့။ တိတ်ဆိတ်နေသည်။

သူလည်း အတွေးကမ္ဘာထဲမှာ ချာချာလည်နေသည်။ မေမေနဲ့ အဆင်ပြေမှပြေပါ့မလား။ ဘာမှအကျိုးအကြောင်းလည်း ကြိုမပြောဘဲနှင့် အခုလိုခေါ်လာတယ်ဆိုတော့ မေမေကကျေနပ်ပါ့မလား။ အတွေးကြောင့် သူနည်းနည်းစိတ်မောသွားသည်။ ဒါပေမယ့် မေမေက သူ့ကိုချစ်တာပဲလေ။ သူစိတ်စဉ်တာဆိုလက်ခံမှာပေါ့။ သူနှင့်





မေမေနေစဉ်ကာလအတွင်းလည်း သူစီစဉ်သမျှ မေမေလက်ခံခဲ့တာပင်။

"မေမေ. ."

အိမ်ထဲရောက်တော့ မေမေကဆွယ်တာထိုးနေသည်။ ကောင်မလေးက သူ့နောက်မှာ မဝံ့မရဲနှင့်ရပ်နေသည်။

"လာလေသားရဲ့၊ ဘာရပ်လုပ်နေတာလဲ"

"ဟို. . မေမေ့ကို သားပြောစရာရှိလို့ပါ"

မေမေက သူ့နောက်မှကောင်မလေးကိုကျော်မြင်သွားပြီး မျက်နှာတစ်ချက်ပျက်သွားသည်။ သူနှင့်တစ်မျိုးထင်သွားပြီလားမသိ။ အမြန်ဖြေရှင်းမှဖြစ်တော့မည်။

"ဒီလိုပါမေမေ၊ ဒါ သားသူငယ်ချင်းရဲ့ညီမလေးဝါ၊ နယ်ကလာတာ၊ အဲဒါ နေစရာအခက်အခဲဖြစ်နေလို့၊ မေမေ့ကိုလည်း အဖော်ရအောင်၊ သူ့အခက်အခဲလည်းအဆင်ပြေသွားအောင် အဲဒါ ခေါ်လာခဲ့တာ"

မင်းတေဇက မုသားမပါ လတ်ာမချော်ဟူသောစကားနှင့်အညီ ပြောလိုက်သည်။ မေမေက ကောင်မလေးကိုတစ်ချက်ကြည့်၍. . .

"မေမေကတော့ အဖော်မလိုဘူးသားရဲ့"

www.burmeseclassic.com



"ဗျာ. ."

မင်းတေဇမျက်လုံးပြူးသွားသည်။ ဒီတစ်ခါတော့ မေမေ သူ့လုပ်ရပ်ကိုငြင်းပယ်တော့မည်ထင်ပါရဲ့။

"ဟို. . မေမေ. ."

သူ့ကိုအားကိုးတကြီးကြည့်နေသောမျက်ဝန်းလေးများကို သနား၍ မေမေ့ဆီမှာအယူခံဝင်ရန် ပြင်ဆင်လိုက်သည်။ မေမေက သူ့ကိုစကားဆက်မပြောခွင့်မပေး။ လက်ကာပြလိုက်သည်။

"ဒါပေမယ့် ငါ့သားကခေါ်ထားစေချင်တယ်ဆိုရင်တော့ မေမေကခေါ်ထားမှာပါ၊ မေမေ့စကားကိုတော့ သူနားထောင်ရလိမ့်မယ်"

မေမေက ဟေသာ့ကိုလက်ညှိုးထိုး၍ပြောသည်။ သူက ဟေသာ့ဘက်သို့လှည့်၍. . .

"ကြားတယ်နော်"

"ဟုတ်ကဲ့ပါ"

ယခုတော့လည်း မျက်လွှာလေးချ၍ငြိမ်သက်နေသောဟေသာမြင့်မြတ်ကို သူသနားနေမိသည်။ မေမေက စကားဆက်ပြောသည်။

"တစ်ခုမေမေထပ်ပြောမယ်သား၊ အရင်က မေမေရယ်၊





သားရယ်နှစ်ယောက်တည်းရှိတဲ့အိမ်မှာ အခုတစ်ယောက်ထပ်တိုးလာပြီဆိုတော့ မေမေတို့သားအမိကြားမှာ အရှုပ်အရှင်းဖြစ်မှာ၊ စိတ်ဝမ်းကွဲမှာကိုတော့မလိုလားဘူး၊ ဒါကြောင့် အခုကတည်းက မေမေတို့သားအမိ စိတ်ဝမ်းမကွဲစေရဘူးလို့ နှစ်ယောက်လုံးကတိပေးရမယ်"

မေမေက စကားအရှည်ကြီးတစ်ခါမှမပြောဖူးဘဲ ယခုမှအရှည်ကြီးပြောတာကြောင့် သူအံ့ဩမိသည်။ သို့ပေမယ့် မေမေတောင်းသည့်ကတိကိုတော့ မြန်မြန်ဆန်ဆန်ပေးလိုက်သည်။

"ကျွန်တော်ကတိပေးပါတယ်မေမေ"

မေမေက ဟေသာ့ဘက်သို့လှည့်၍. . .

"ဟိုကောင်မလေးရော. ."

"ဟုတ်ကဲ့. . ပေးပါတယ်အန်တီ၊ ဟေသာ့ကို လိုအပ်တာရှိရင်ဆုံးမပါ"

ဒီလိုကျတော့ဟုတ်သားပဲဟု မင်းတေဇတွေးလိုက်မိသည်။

"ကဲ. . ကဲ. . ငါပဲ ညည်းနေဖို့အခန်းလိုက်ပြမယ်၊ ဒါနဲ့ ညည်းအဝတ်အစားတွေရော"

မေမေက အင်မတန်မှစေ့စပ်သေချာသူဖြစ်သောကြောင့် ချက်ချင်းတန်းပြီး လိုတာသိတာကြောင့် သူကမန်းကတန်းဝင်ဖြေပေးလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"သူ့အစ်ကိုအိမ်မှာထားခဲ့တယ်၊ တစ်ရက်နှစ်ရက်ကြာရင် သူ့အစ်ကိုလာပို့ပေးပါလိမ့်မယ်မေမေ"

"ဪ. . ငါတို့က အဝတ်အစားလည်းဆင်ရဦးမှာပေါ့. . ဟုတ်လား၊ ဟင်း. . ဟင်း. . မင်းတေဇ. . မင်းတေဇ"

မေမေ့ရယ်သံကြောင့် သူ့တျောထဲစိမ့်ခနဲဖြစ်သွားသည်။ မေမေ ဒါမျိုးသူ့ကိုတစ်ခါမှ မခနဲ့ဖူးချေ။ မင်းတေဇစိတ်မောစွာခံစားလိုက်ရသည်။

ခြေပစ်လက်ပစ်ဆိုဖာပေါ် ထိုင်ချလိုက်သည်။ ဘုရားမလို့ အားလုံးအဆင်ပြေပါစေဗျာ။

တောင်မလေးရေ. . မင်းကြောင့် ငါစိတ်ရောလူရောပူနေရပြီကွ။

သူဇာက ရုံးခန်းတံခါးခေါက်ပြီး အလောတကြီးဝင်လာတာကြောင့် မင်းတေဇမျက်စိမှိတ်ပြီးနားနေရာမှ ဖျတ်ခနဲဖွင့်လိုက်သည်။

"ဘာကိစ္စလဲသူဇာ"

သူဇာ့ပုံစံက ရေးကြီးသုတ်ပျာနိုင်နေသည်။

"ဟို. . ဒီလိုပါဆရာ၊ ကျွန်မတို့တုမ္ဗဏီကရှယ်ယာတွေက အခုရက်ပိုင်းအတွင်းဈေးကျလာလို့ ရှယ်ယာတွေရောင်းချင်နေကြတယ်လို့ သတင်းကြားတယ်ဆရာ"

"ဘာ. ."

အိပ်ချင်နေတာလေးတောင်ပျောက်သွားပြီး မင်းတေဇမျက်လုံးတွေကျယ်သွားသည်။

"ဒါဘာယ်လိုဖြစ်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မလည်းစုံစမ်းနေတုန်းပဲ၊ ညနေကျရင် ရှယ်ယာဟိုဒါ အစည်းအဝေးမှာ ဆရာကြီးတင်ပြင်ဆင်ထားဖို့ အခုလာပြောတာပါ။ ပြီးတော့ ရှယ်ယာရှင်တွေကိုထိန်းဖို့ ဆရာစီစဉ်ဖို့ပါ"

"ကောင်းပြီ. . ကောင်းပြီ၊ ငါ့ကို ကုမ္ပဏီတိုးတက်မှုမှတ်တမ်း အမြတ်ရာခိုင်နှုန်းတွေယူခဲ့"

"ဟုတ်ကဲ့"

သူဇာပြန်ထွက်သွားသည်နှင့် မင်းတေဇထိုင်ရာမှထလမ်းလျှောက်လိုက်သည်။ အခုတလော သူဘာဖြစ်နေတာလဲ။ သူ့ကို တစ်ယောက်ယောက်ကများ တိုက်ခိုက်နေတာလား။ သူ့ကိုကျရှုံးအောင်တိုက်ခိုက်နေတာလားဟူသော သံသယခေါင်းလောင်းသံတွေ သူ့ဦးနှောက်ထဲဝင်လာပြီဖြစ်သည်။

ခဏကြာတော့ သူဇာဖိုင်တွဲတွေကိုင်ပြီး ပြန်ဝင်လာသည်။ သူဇာရော၊ သူရော တစ်ယောက်နှင့်တစ်ယောက်စကားမပြောနိုင်ကြချေ။ ညနေ ရှယ်ယာဟိုဒါအစည်းအဝေးမှာ ဘယ်လိုတင်ပြကြမည်ဆိုတာကိုသာ အသည်းအသန်လုပ်နေကြသည်။

ထမင်းစားတော့လည်း. . .

"ဆရာအပြင်ထွက်မစားနဲ့တော့၊ သူဇာ့ထမင်းဗူးပဲဖွင့်စားလိုက်တော့၊ အချိန်မရှိဘူး"





သူဇာက နာရီကြည့်ရင်း သူမထမင်းဗူးလေး သူ့ရှေ့ချပေးကာပြောသည်။

"လာ. . သူဇာ၊ မင်းပါဝင်စားလေ၊ အတူတူစားကြတာပေါ့"

"နေပါစေဆရာ"

သူဇာငြင်းဆန်နေမှာကိုသိ၍ သူဇာ့လက်ကိုဆွဲပြီး သူ့နံဘေးရှိထိုင်ခုံတွင် ထိုင်ခိုင်းလိုက်သည်။

"အဲဒီအလုပ်တွေနောက်ထား၊ ထမင်းစားကြမယ်၊ အစည်းအဝေးပြီးမှ ညည်းကို ဒင်နာလိုက်ကျွေးမယ်ကွာ"

သူဇာက ဘာမှမပြောဘဲ ခေါင်းငုံ့၍ငြိမ်သက်နေသည်။ သူကသာ ထမင်းဗူးဆွဲဖွင့်၍ သူဇာ့ထမင်းဟင်းတွေစားနေလိုက်သည်။ သူဇာကစားပေမယ့် တစ်လုတ်၊ နှစ်လုတ်မျှသာ။

"သူဇာက ဟင်းချက်တော်သားပဲ"

သူက အမှန်တကယ်စားကောင်းနေတာမို့ ချီးကျူးလိုက်ခြင်းဖြစ်သည်။ ခဏလေးနှင့် ထမင်းချိုင့်ပြောင်သွားသည်။

"ဆရာ. . နေ. . နေ၊ သူဇာသိမ်းပါ့မယ်"

ပြီးတော့လည်း ဆရာတပည့်နှစ်ယောက် အလုပ်ဆက်လုပ်ကြပြန်သည်။ လေးနာရီထိုးတော့ ရှယ်ယာဟိုဒါအစည်းအဝေးစလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



မင်းတေဇ ရင်တွေတဒိတ်ဒိတ်ခုန်နေပြီ။ သူရှင်းပြမယ့်အစီအစဉ်တွေကို လက်ခံကြပါ့မလား။

သူဇာက သူမျက်နှာရိပ်မျက်နှာကဲတို့သိသည်။ အစည်းအဝေးခန်းထဲဝင်ကာနီး သူနားကပ်ကာ. . .

"ဆရာ. . အားလုံးအဆင်ပြေသွားမှာပါ၊ ဘာမှစိတ်မပူပါနဲ့"

ဟု အားပေးသည်။ သူတခေါင်းညိတ်လျက် အစည်းအဝေးခန်းထဲသို့ တန်းတန်းမတ်မတ်ဝင်လာခဲ့တော့သည်။

အစည်းအဝေးသည်ကြာရှည်စွာ။ ရှယ်ယာဟိုဒါတွေ အစည်းအဝေးခန်းမထဲမှထွက်သွားတော့ သူမောဟိုက်စွာကျန်ခဲ့သည်။ အပြင်မှာစောင့်နေသောသူဇာကဝင်လာပြီး. . .

"ဆရာ. . အခြေအနေဘယ်လို. . "

"ဟူး. . လာတွာ. . တစ်ဆိုင်ဆိုင်ကိုသွားရအောင်၊ ရှုံးတံခါး တွေပိတ်ဖို့မှာခဲ့"

"ဟုတ်ကဲ့"

သူဇာက အားလုံးစီစဉ်ပေးပြီးမှ သူ့ကိုလာခေါ်သည်။

"ဆရာ. . အားလုံးပြင်ဆင်ပြီးပါပြီ၊ ဆရာယူသွားမယ့်ဟာတွေ၊ လိုအပ်မယ်ထင်တာတွေပါထည့်ပြီးပါပြီဆရာ၊ ကားမောင်းနိုင်ရဲ့လား"





သူမောလျနေတာကိုကြည့်ပြီး သူဇာကမေးလိုက်ခြင်းဖြစ်သည်။ မင်းတေဇခေါင်းညိတ်ပြတော့ သူဇာက ကားသော့တိုတမ်းပေးလိုက်သည်။

မင်းတေဇက စားသောက်ဆိုင်ရောက်တော့လည်း ဘာမှမပြောမိ။ အစားတွေကိုနင်းကန်စားပြီး. . .

"သူဇာ. . ကိုယ့်ကိုဘီယာသောက်ခွင့်ပြုမလား"

သူဇာ့ဆီကခွင့်တောင်းလိုတ်သည်။

"ရပါတယ်ဆရာ၊ အလွန်အကျွံတော့မဖြစ်စေနဲ့ပေါ့"

သူဇာတလည်း နားလည်စွာခွင့်ပြုသည်။ ဘီယာတစ်လုံးလောက်သောက်လိုက်မှ သူ့ရင်ထဲကစကားတွေအန်ကျလာသည်။

"တိုယ့်ကိုမနာလိုတဲ့သူရှိတယ်သူဇာ၊ ကိုယ့်ကိုပြိုင်နေတဲ့ပြိုင်ဘက်တစ်ယောက်ရှိပြီ၊ သူက ကိုယ့်ကိုအလဲထိုးချင်နေတာ၊ ကိုယ်ရိပ်မိတယ်၊ သူဘယ်သူလဲဆိုတာ အမြန်စုံစမ်းပေးပါသူဇာ၊ ကိုယ်ကအလင်းထဲကနေပြီး သူကအမှောင်ထဲကနေချောင်းလုပ်ကြံနေတယ်၊ ကိုယ်မခံနိုင်ဘူးကွ"

မင်းတေဇ အမှန်တကယ်စိတ်တိုနေမိသည်။ သူဇာက မင်းတေဇကိုကြည့်ရင်း. . .

"အခု ဘာတွေဖြစ်ကုန်လို့လဲဆရာ"



www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်တာတော့မဖြစ်ဘူးပေါ့၊ ဒါပေမယ့် ကိုယ်အားလုံးကို အမြုပ်ထွက်အောင်ရှင်းပြလိုက်ရတယ်လေ၊ ----နဲ့ ပါတစ်တစ်ချက်က ဘယ်လိုပဲဖြစ်ဖြစ် ကိုယ်လုပ်တဲ့အလုပ်ပေါ်မှာ သူတို့သံသယဝင်ကြတော့မယ်၊ ကိုယ်လုပ်တာအဆင်ပြေပါ့မလားဆိုပြီးတော့ပေါ့"

မင်းတေဇတ အပြောသမားဖြစ်ပြီး သူဇာက နားထောင်သူသက်သက်ပါ။

"ကောင်းပါတယ်၊ ကိုယ်ကလည်း ဒီလိုစိန်ခေါ်မှုကိုမှကြိုက်တာကွ၊ ကိုယ်ဘာကောင်လဲဆိုတာ ဒီကောင်သိအောင်ပြရမယ်၊ သူဇာ. . ကိုယ့်ကိုတစ်ပတ်အတွင်း ကိုယ့်ကိုပြိုင်နေတဲ့ကောင်ကိုရှာပေးစမ်းကွာ"

"ဟုတ်ကဲ့ပါဆရာ"

သူထိုနေ့က ဘီယာသုံးလုံးလောက်ကုန်အောင်သောက်လိုက်သည်။ သူဇာကတော့ သူပြောသမျှ ဟုတ်ကဲ့ချည်းသာ။ ဒီကိစ္စနှင့်ပတ်သက်ပြီး သူလုံးဝမခံချင်ပါ။ သူ့ကိုလာပြိုင်သောထိုပြိုင်ဘက်ကို အပြီးအပြတ်နှိပ်ကွပ်ချင်သည်။

သူဘာလုပ်ရမလဲ၊ အရင်ဆုံးပြိုင်ဘက်ဘယ်သူလဲဆိုတာ သူသိမှဖြစ်တော့မည်။





သူညကသောက်လာတာကြောင့် မေမေက နံနက်ကော်ဖီသောက်တော့မေးသည်။

"သားမှာ ဘာစိတ်ညစ်စရာရှိလို့လဲ"

"ဟို. . မရှိပါဘူးမေမေ"

မေမေက သူ့ကိုအကဲခတ်သလို တစ်ချက်ကြည့်ပြီး. . .

"သားမှာစိတ်ညစ်စရာရှိရင် မေမေ့ကိုပြောနော်"

"ဟုတ်ကဲ့"

မင်းတေဇကပြောလည်းပြော၊ မီးဖိုခန်းထဲသို့လှမ်းကြည့်လိုက်သည်။

"မေမေ. . ဟေသာ့ကိုရော ကော်ဖီသောက်မခေါ်ဘူးလား"

သူမနေနိုင်သည့်အဆုံး၌ မေးလိုက်သည်။ မေမေက ဘာမှမဖြစ်သည့်ပုံစံနှင့်. . .

"ဪ. . သူလည်းလုပ်စရာတွေရှိလို့နေမှာပေါ့သားရယ်၊ သူဘာသာသောက်ချင်တဲ့အချိန်သောက်ပါစေ"

မင်းတေဇ သက်ပြင်းခိုးရှိုက်မိသည်။ မေမေက အဆင့်အတန်းခွဲလွန်းတာလား။ ဒါမှမဟုတ် ဟေသာ့ကိုပညာပြတာလား။

"ကဲ. . ကဲ. . ကော်ဖီသောက်ပြီးပြီဆိုတော့ မေမေဘုရားရှိခိုးလိုက်ဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



မေမေဘုရားရှိခိုးရန် အပေါ်တက်သွားသည်နှင့်တပြိုင်နက် သူမီးဖိုဆောင်သို့ကူးခဲ့သည်။

"ဟေသာ"

နောက်ဖေးတွင် ကြက်သွန်ထောင်းနေသောဟေသာ့ကို တွေ့ရသည်။ မျက်နှာလေးကရှုံ့မဲ့မဲ့။

"ဟေသာဟင်းမချက်တတ်ဘူး၊ အန်တီက ဟေသာ့ကို ဟင်းချက်ခိုင်းနေတယ်၊ ဘယ်လိုလုပ်မလဲ၊ ပြီးတော့ ခေါင်းလည်းကိုက်တယ်"

ဟေသာက သူ့ကိုအားကိုးတကြီးမေးသည်။ သူလည်းမကြံတတ်။

"ဒုက္ခပါပဲကွာ၊ ငါလည်းမသိဘူး၊ မင်း မေမေ့ကိုမချက်တတ်ဘူးလို့ပြောလိုက်ပါလား"

ဟေသာက မဝံ့မရဲဖြင့် သူ့ကိုကြည့်၍. . .

"မပြောရဲဘူး၊ တောကလာပြီး မချက်တတ်ဘူးလားဆိုပြီး ပြောလိမ့်မယ်"

"မင်းကလည်းကွာ မိန်းကလေးဖြစ်ပြီး ဟင်းတစ်ခွက်တောင် မချက်တတ်ဘူးလားကွ"

မင်းထေဇက ဘာမှမတတ်နိုင်၍ ဟေသာ့ကိုသာဆူမိသည်။





ဟေသာရဲ့ငိုမဲ့မဲ့မျက်နှာလေးကနေ မျက်ရည်တွေတပေါက်ခြင်းစီးကျလာသည်။

"ဟီး. . ဟေသာ့ကိုမဆူပါနဲ့၊ ဟေသာကအိမ်မှာဆို ဘာမှလုပ်ရတာမဟုတ်ဘူး၊ မာမီတို့ကလည်း ဘာမှမခိုင်းဘူး၊ အဲဒီလိုတွေလုပ်ရမှာစိုးလို့ ယောကျ်ားမယူဘဲထွက်ပြေးလာခဲ့တာ၊ အခုတော့ လုပ်နေရပြီ. . အဟင့်. . ဟင့်"

ဟေသာက ပြောလည်းပြော ငိုလည်းငိုတော့သည်။

"ဟာ. . ပြဿနာပဲ၊ ဟော့. . တိတ်စမ်း၊ မေမေကြားသွားမှ ပြဿနာတွေပိုရှုပ်ကုန်လိမ့်မယ်၊ မေမေ့ကိုသာချော့ပြီး ကြည့်လုပ်ပေတော့၊ ငါလည်းသွားတော့မယ်"

မင်းထေဇက စိတ်ညစ်ညစ်နှင့် တေသာ့အေးမှထွက်သွားမည်အလုပ် ဟေသာက သူ့အင်္ကျီကိုလှမ်းဆွဲထားသည်။

"တော့လူကြီး. . နေဦး၊ စေသာ့ကိုအင်္ကျီတွေ လုံချည်တွေဝယ်ပေးဦး၊ ဝတ်စရာမရှိဘူး"

"ဟာ. . ကိုယ့်ဘာသာဈေးသွားရင်းဝယ်ပါလားကွ၊ ဘယ့်နှယ်. . ငါ့လာဝယ်ခိုင်းနေရတာလဲ"

"အိမ်ထဲကအိမ်ပြင်မထွက်ရဘူး၊ ထွက်ရလို့ဝယ်ရင်လည်း အန်တီကဆူ၊ ဈေးဖိုးထဲကဝယ်တယ်လို့ထင်လိမ့်မယ်၊ အထင်မခံနိုင်



www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ ဒီမှာ ဟေသာ့ဆွဲကြိုးတစ်ကုံးယူပြီးရောင်းလိုက်၊ ပြီးရင် ဟေသာ့ကိုအင်္ကျီတွေဝယ်ပေး၊ ခင်ဗျားကို အလကားမခိုင်းပါဘူး၊ ကျန်တာခင်ဗျားယူလိုက်"

သူ့ကိုကလေးဆန်ဆန်အပေးအယူလာလုပ်နေသောဟေသာ့ကိုကြည့်၍ အသည်းယားသွားသည်။ သူ့မျက်နှာကလည်း ပြုံးစေ့စေ့ဖြစ်သွားသည်။

"ဟေ့လူကြီး. . ဘာရယ်တာလဲ၊ နောက်နေတယ်များထင်နေလား၊ တကယ်ပြောနေတာဗျ၊ ယူပါဆွဲကြိုး"

သူ့လက်ထဲ ဆွဲကြိုးအတင်းထည့်ပေးနေတာကြောင့် သူကပြန်ပေးလိုက်ရင်း. . .

"ဒီလောက်ပိုက်ဆံလေးနဲ့တော့ ဆွဲကြိုးရောင်းစရာမလိုပါဘူးကွာ၊ ငါဝယ်ပေးနိုင်ပါတယ်၊ ပြန်ယူထား"

"အာ. . သူများဟာ အလကားမယူချင်ဘူး၊ တစ်ခုလိုချင်ရင် တစ်ခုပြန်ပေးနေရဦးမယ်"

ကောင်မလေးက စကားကြီးစကားကျယ်တွေပြောတာကြောင့် သူကမျက်မှောင်တစ်ချက်တွန့်လိုက်ပြီး. . .

"စိတ်ချ. . မင်းဆီက ငါဘာမှမယူဘူး. . ကြားလား၊ မင်းခွင့်မပြုဘဲနဲ့ပေါ့၊ ကဲ. . ငါကုမ္ပဏီသွားတော့မယ်၊ မေမေနဲ့တော့





အဆင်ပြေအောင်နေပါမချော"

မင်းတေဇက မှာပြီးထွက်ခဲ့သည်။ ဒီကောင်မလေး အိမ်မှာရှိတာ စိတ်မောစိတ်ရှုပ်ရတာ တစ်မျိုးတိုးလာသည်။ ဘယ်တတ်နိုင်ပါ့မလဲ။ လမ်းမပေါ်မှာလေလွင့်ပြီး ပျက်စီးသွားတာထက်စာလျှင် သူ့ခေါ်ယူထိန်းသိမ်းထားတာကတော်ပါသေးသည်။



www.burmeseclassic.com

www.burmeseclassic.com

“သူဇာ. . ဒီနေ့အားလား”

မင်းတေဇက ရုံးသို့ရောက်ရောက်ခြင်းပင်မေးလိုက်သည်။

“ဟုတ်ကဲ့. . ဆရာစုံစမ်းခိုင်းထားတဲ့ကိစ္စကလွဲရင် တခြားအလုပ်တော့မရှိသေးပါဘူး”

တုမ္ဗဏီဝတ်စုံလေးဖြင့် သပ်ရပ်နေသောသူဇာ့ကို ငေးခနဲတစ်ချက်ကြည့်၍. . .

“အဲဒီကိစ္စ တခြားလူတွေကိုလည်း စုံစမ်းခိုင်းထားသေးတယ် မဟုတ်လား”

“ဟုတ်ကဲ့”

မင်းတေဇက ကားသော့ကောက်ကိုင်၍. . .





“ဒါဆို ကိုယ်နဲ့အပြင်လိုက်ခဲ့ပါ၊ ဝယ်စရာလေးနည်းနည်းရှိလို့”

မင်းတေဇကရှေ့မှ၊ သူဇာကနောက်မှလိုက်၍ထွက်လာလျှင် ကုမ္ပဏီအတွင်းမှ တီးတိုးသံများထွက်ပေါ်လာသည်။ ဘယ်သူတွေ ဘာပဲပြောပါစေ။ မင်းတေဇက သူဖြူစင်တာမို့ ဒီလိုအပြောမျိုးတွေကို ဂရုမစိုက်ခဲ့တာကြာပြီဖြစ်သည်။

သူဇာနှင့်ပတ်သက်လျှင်တော့ သူ့စိတ်ထဲမှာ တကယ့်အရင်းအချာလိုခံစားရသည်။ သူဇာကလည်း သူ့အတွက်အားကိုးရသောအတွင်းရေးမှူးတစ်ယောက်ပင်။ ထို့ကြောင့် ယခုလိုကိစ္စလည်း သူဇာ့ကိုခေါ်လာခြင်းသာဖြစ်သည်။

မင်းတေဇ **Shopping Center** ကြီးတစ်ခုရှေ့တွင် ကားကိုထိုးရပ်လိုက်သည်။ သူက သူဇာ့ကိုတစ်ချက်လှမ်းကြည့်၍. . .

“သူဇာ. . ဒီနေ့တော့ ကိုယ်နဲ့ရှော့ပင်ထွက်ပေးဦးနော်”

သူဇာက ဘာမှပြန်မပြောဘဲ သူ့နောက်မှလိုက်ခဲ့သည်။ သူက အမျိုးသမီးဝတ်ရယ်ဒီမိတ်အင်္ကျီတွေရောင်းသည့်ဆိုင်သို့ဝင်ခဲ့သည်။ အရောင်းစာရေးမလေးတွေက သူ့နားသို့ အလုအယက်ဝိုင်းအုံလာကြပြီး. . .

“ဘာအလိုရှိပါသလဲရှင်”



www.burmeseclassic.com

www.burmeseclassic.com



သူက အကျီတွေတစ်ထည်ပြီးတစ်ထည်ကိုင်နေတာမို့ သူဇာက သူ့နားကပ်၍ လေသံတိုးတိုးဖြင့်. . .

"ဘယ်သူ့အတွက်လဲဆရာ၊ အန်တီ့အတွက်လား၊ သူဇာရွေးပေးမယ်လေ"

မင်းတေဇကခေါင်းယမ်း၍ ဟေသာ့ခန္ဓာကိုယ်ကိုမှန်းကြည့်သည်။ သူဇာ့ကိုတစ်ချက်ကြည့်ကာ. . .

"မင်းတို့လောက်ခန္ဓာကိုယ်မျိုးဝတ်ဖို့သူဇာ"

သူဇာက သူ့ကိုစူးစမ်းသလိုကြည့်ပေမယ့် ဘာမှမမေးဘဲ အကျီတွေကိုရွေးဝယ်လိုက်သည်။

"ဘယ်နှစ်ထည်လဲ"

မင်းတေဇက ငါးထည်လောက်ဟုပြန်ဖြေလိုက်သည်။ ပြီးနောက် မင်းတေဇပိုက်ဆံချေလိုက်သည်။ ပြီးမှသတိရကာ. . .

"သူဇာလည်း ကြိုက်တာတစ်ထည်ယူလေ"

သူ့စကားကြောင့် သူဇာ့မျက်နှာတစ်မျိုးဖြစ်သွားသည်။

"ရပါတယ်ဆရာ၊ သူဇာမလိုချင်ပါဘူး"

သူက အမျိုးသမီးဝတ်အတွင်းခံတွေရောင်းသည့်ဆိုင်ရှေ့ရောက်တော့လည်း သတိရသွားပြန်သည်။ သူဇာ့ကိုလှမ်းကြည့်ကာ. . .





"သူဇာ. . ကိုယ့်ကိုကူညီစမ်းပါဦး၊ ကိုယ် ဒီဆိုင်ကိုတော့မဝင်ရဲဘူး၊ သူဇာပဲဝယ်ပြီး မိုင်မစ်ထဲလိုက်ခဲ့ပါ၊ ဒီမှာပိုက်ဆံ"

မင်းတေဇ သူဇာ့လက်ထဲပိုက်ဆံထိုးထည့်ပေးပြီး ထွက်လာခဲ့သည်။ စိတ်မောရပါလားဟေသာရယ်။

သူသက်ပြင်းခပ်ဖွဖွချပြီး အအေးသောက်နေလိုက်သည်။ ခဏကြာတော့ သူဇာရောက်လာသည်။

"ဒီမှာဆရာ၊ ပိုတဲ့ပိုက်ဆံ"

"သူဇာပဲယူထားပါ"

သူဇာက ခေါင်းကိုခပ်ဖွဖွခါယမ်း၍. . .

"သူဇာမလိုချင်ပါဘူး၊ ဒါပေမယ့် သူဇာသိချင်တာလေးတစ်ခုတော့ရှိတယ်၊ မေးခွင့်ရှိလားတော့မသိဘူး"

သူဇာဘာမေးမလို့လဲဆိုတာ မင်းတေဇရိပ်မိပါသည်။ သို့သော်မသိချင်ယောင်ဆောင်ကာ. . .

"မေးလေသူဇာရဲ့"

"ဟို. . ဒါတွေက ဘယ်သူ့အတွက်လဲ"

မင်းတေဇက ကြိုတင်စဉ်းစားထားသူပီပီ ချက်ချင်းပြန်ဖြေလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်ညီမဝမ်းတွဲလေး နယ်ကရောက်နေလို့ အဝတ်အစား မပါလို့ပါ"

သူဇာက ဘာမှထပ်မမေးတော့ဘဲ ငြိမ်သက်ကာ အအေး ဆက်သောက်နေသည်၊ မငြိမ်သက်နိုင်သူက မင်းတေဇဖြစ်သည်။

"ဒီဖြီးရင်လေ ကိုယ့်ကိုချက်နည်းပြုတ်နည်းစာအုပ်တွေ လိုက် ဝယ်ပေးဦးနော်"

သူဇာက ဗီတစ်ခါတော့ပြုံးလိုက်ပြီး. . .

"နယ်ကညီမလေးက ဟင်းမချက်တတ်ဘူးလားဆရာ"

"အေးကွာ. . အိမ်မှာ မေမေနဲ့ခဏခဏပြဿနာဖြစ်နေ လို့"

"ဒီလိုလား"

သူဇာကပြုံး၍ ချက်နည်းပြုတ်နည်းစာအုပ်ကိုပါ ရှာဝယ်ပေး ရှာသည်၊ သူ့အပေါ်ကောင်းလှသောသူဇာ့ကိုကြည့်ပြီး စိတ်ထဲမှာ အားနာခြင်းတစ်မျိုးဖြစ်လာသည်။

"သူဇာ"

"ရှင်. . ဆရာ"

သူက သူဇာ့ကိုစိုက်ကြည့်ရင်းမှ ခေါင်းခါယမ်းလိုက်သည်၊

"ဘာမှမဟုတ်ပါဘူးကွာ၊ ဒီကပြီးရင် ကိုယ်တို့ကွန်ပျူတာ





အရောင်းဆိုင်ဘက်သွားရအောင်၊ မရောက်တာကြာပြီ"

"ဟုတ်ကဲ့"

မင်းတေဇက သူပြောသမျှ ဟုတ်ကဲ့လိုက်လုပ်နေသော သူဇာ့ကိုကြည့်ရင်း တစ်မျိုးဖြစ်သွားသည်။ သူပြောသမျှကို သူမ ဘယ်တော့ငြင်းဆန်မှာလဲဆိုတာ သိချင်လာသည်၊ ကွန်ပျူတာအ ရောင်းဆိုင်ထဲရောက်တော့ မျှော်လင့်မထားသည့်ဧည့်သည်ရောက် နေသည်။

"ကိုအောင်မြင်ကလည်း. . . ကျွန်တော့်အရောင်းဆိုင်ကို လှေလာမယ်ဆို ဖုန်းကြိုဆက်ရောပေါ့ဗျာ၊ အခုတော့ အားနာစရာ"

အောင်မြင်ချမ်းသာဆိုသည့်လူက ဆိုင်ထဲရောက်နေ၍ မင်း တေဇကပြောလိုက်သည်။ သူဇာက သူ့နောက်မှာမတ်တပ်ရပ်လျက်။

"မဟုတ်ပါဘူးဗျာ၊ အခုလမ်းကြုံတော့ ခင်ဗျားဆိုင်ထင် တယ်ဆိုပြီး customer (ဝယ်သူ)တစ်ယောက်အနေနဲ့ ဝင်ပြီးလှေ့ လာတာပါ၊ အဆင်ပြေရင်လည်းဝယ်မှာပေါ့၊ ကျွန်တော် လက်ဂျေ့စ် တစ်လုံးလိုချင်နေတာဗျ"

အောင်မြင်ချမ်းသာကပြောပြီး လိုက်ကြည့်နေသည်၊ သူတ လည်း ကြာရှည်အောင်မြင်ချမ်းသာနောက်ကမလိုက်ချင်တာမို့ သူဇာ့ ကိုကြည့်ကာ. . .



www.burmeseclassic.com

www.burmeseclassic.com



"သူဇာရေ. . ကိုအောင်မြင်အဆင်ပြေအောင်လို့ လိုက်ပြ ပြီး လိုအပ်တာလုပ်ပေးလိုက်ပါ၊ ကိုယ်ကောင်တာကပဲစောင့်မယ်"

မင်းတေဇက သူဇာ့ကိုညွှန်ကြားပြီး အောင်မြင်ချမ်းသာ့ပခုံးကို ခပ်ဖွဖွကိုင်ပြီး. . .

"ကိုအောင်မြင်. . ကျွန်တော့်အတွင်းရေးမှူးက အဆင်ပြေအောင်စီစဉ်ပေးပါလိမ့်မယ်၊ ပြီးမှ ကျွန်တော်တို့တစ်ခုခုစားကြတာပေါ့"

အောင်မြင်ချမ်းသာကခေါင်းညိတ်တာကြောင့် မင်းတေဇကောင်တာမှာ အေးဆေးစွာသွားထိုင်နေလိုက်သည်။

ဒီလူဟာ သူနဲ့တိုက်တိုက်ဆိုင်ဆိုင် ဆုံပဲဆုံလှချည်လား။ ဒါဟာတိုက်ဆိုင်မှုတော့မဖြစ်နိုင်။ သူ့ရဲ့အလုပ်တွေကိုပဲစိတ်ဝင်စားတာလား။ သူ့ရဲ့ကိုယ်ရေးကိုယ်တာကိုပဲစိတ်ဝင်စားတာလား။ ဟိုတစ်ခါကလည်း သူကားနောက်မှ နောက်ယောင်ခံလိုက်တာ အောင်မြင်ချမ်းသာပင်။ ဒီလူမှာ ဘာတွေများမရိုးမသားအကြံရှိနေသလဲ။

ခဏကြာတော့ သူဇာနှင့် အောင်မြင်ချမ်းသာ သူဆီသို့ လျှောက်လာကြသည်။ မင်းတေဇမျက်နှာပေါ်တွင် ဟန်ဆောင်ပြုံးတစ်ခုတပ်ဆင်၍. . .

"အဆင်ပြေရဲ့လားကိုအောင်မြင်"





"ဟာ. . ခင်ဗျားအတွင်းရေးမှူးက အရောင်းကောင်းလို့ ကျွန်တော်လက်ဂျေ့စ်ကွန်ပျူတာတစ်လုံးဝယ်သွားတော့မှာ၊ သူ့ကို ဆုကောင်းကောင်းပေးလိုက်ပါဗျာ"

အောင်မြင်ချမ်းသာက သူမကိုကြည့်ပြီးပြောသည်။ မင်းတေဇစိတ်ထဲတွင် သူဇာတို့ကိုကြည့်ပြီး တစ်မျိုးဖြစ်မိသည်။ အောင်မြင်ချမ်းသာက ကွန်ပျူတာဖိုးငွေပေးချေပြီး သူ့ကိုကြည့်ကာ. . .

"ဘယ်လိုလဲကိုမင်းတေဇ၊ ခင်ဗျားတစ်ဝိုင်းကျွေးမယ်ဆို"

"ကျွေးမှာပေါ့ဗျာ၊ ဟော့. . စန္ဒာရေ"

မင်းတေဇက မှာစရာရှိတာမှာပြီး သူဇာနှင့်အတူထွက်လာလိုက်သည်။

"ကိုအောင်မြင်. . ခင်ဗျားကားနဲ့ရှေ့ကသွားပေါ့၊ စားချင်တဲ့နေရာကိုသာသွား၊ ကျွန်တော်တို့လိုက်ခဲ့မယ်"

"ကောင်းပါပြီ"

အောင်မြင်ချမ်းသာက သူ့ကားပေါ်တက်သွားတော့ မင်းတေဇနှင့်သူဇာ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်မိသည်။

"သူဇာ. . ဘယ်လိုထင်လဲ"

"ဆရာပြောပုံအရ ဆရာ့ကားနောက်ကနေပြီးလည်း နောက်ယောင်ခံလိုက်တယ်၊ ခုလည်းတစ်ခါဆိုရင်တော့ ဒီကိစ္စဟာ



www.burmeseclassic.com

www.burmeseclassic.com

ဘယ်နည်းနဲ့မှမရိုးသားဘူးလို့ထင်တယ်ဆရာ"

သူကလည်းခေါင်းညိတ်မိသည်။ သူ့စိတ်ထဲမှာလည်း အောင်မြင်ချမ်းသာကို သံသယဝင်နေတာကြာပြီဖြစ်သည်။ စားသောက်ဆိုင်ရောက်တော့လည်း စားသောက်ပြီး ထွေရာလေးပါးစကားလေးပြောမိကြသည်။ အောင်မြင်ချမ်းသာက သူ့ဇာ့ကိုလှမ်းကြည့်၍. . .

"ကိုမင်းတေဇ. . ခင်ဗျားအတွင်းရေးမှူးက အတော်အားကိုးရတာပဲနော်၊ ဒီလိုအတွင်းရေးမှူးမျိုးရှိရင် ကျွန်တော်တောင်လိုချင်ပါသေးရဲ့"

"ဒီလောက်လည်းမဟုတ်ပါဘူးရှင်"

သူဇာကဝင်ပြီးငြင်းဆန်သော်လည်း သူကစိတ်ချဉ်ပေါက်ပေါက်နှင့်. . .

"ဟုတ်တယ်ဗျာ၊ ကျွန်တော်က သူဇာ့ကိုပဲအားကိုးနေရတာလေ၊ သူဇာမရှိရင်မဖြစ်ဘူး၊ ကိုအောင်မြင်လည်း အတွင်းရေးမှူးတစ်ယောက်ရှာပြီး သူဇာ့လိုဖြစ်အောင်ပျိုးထောင်ပေါ့ဗျာ"

"ကျွန်တော်ကမပျိုးထောင်ချင်ဘူးဗျ၊ သူများပျိုးထောင်ပြီးသားကိုပဲ အဆင်သင့်လိုချင်တာ"

အောင်မြင်ချမ်းသာကလည်းပြန်ပြောတာကြောင့် မင်းတေဇစိတ်ထဲတွင် တင်းခနဲဖြစ်သွားသည်။ မင်းတေဇက စိတ်ထဲတွင်ရှိနေ





သည်ကိုမပေါ်အောင်ထိန်းလိုက်ရင်း. . .

"ဟင်း. . ဟင်း. . ကိုအောင်မြင်က အသင့်ခူးခပ်စားချင်တဲ့သူကို၊ အေးလေ. . ဘယ်လိုပဲဖြစ်ဖြစ် စီးပွားရေးသမားတွေကတော့ ဒီလိုချည်းပါပဲ၊ ကဲ. . ကဲ. . သူဇာရေ. . ငွေသွားရှင်းလိုက်ဦး"

မင်းတေဇက ပါးနပ်စွာစကားစကိုဖြတ်လိုက်သည်။ မဖြတ်လို့လည်းမရတော့ ပြဿနာဆိုတာက အကျယ်အကျယ်မဟုတ်ပါလား။ ကိစ္စတစ်ခုကို ဘာမှအတိအကျမသိရသေးခင်မှာ လူတစ်ယောက်နှင့်ပြဿနာမဖြစ်တာ အကောင်းဆုံးဖြစ်သည်။

လမ်းခွဲသွားကြတော့လည်း လူကြီးလူကောင်းများပီပီ ဟန်ဆောင်ပြုံးများဖြင့် လမ်းခွဲကြပြန်သည်။

"သူဇာ. . တို့တိုက်ခိုက်နေတဲ့သူကို အသေအချာအမြန်ဆုံးစုံစမ်းပေတော့၊ ဘာကြောင့်တိုက်ခိုက်သလဲဆိုတာကိုလည်း သိချင်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ ဒီအောင်မြင်ချမ်းသာဆိုတဲ့လူကိုလည်း ခေါင်းထဲထည့်ထားရဦးမယ်လေ"

"စိတ်ချပါဆရာ၊ သူဇာအမြန်ဆုံးလုပ်ထားပါ့မယ်"

သူဇာက သူမအိမ်နားရောက်တော့ဆင်းမည်အလုပ်. . .

"သူဇာ"

"ရှင်. . ဆရာ"



www.burmeseclassic.com

www.burmeseclassic.com



သူဇာက ဝိုင်းစက်သောမျက်လုံးများဖြင့် သူ့ကိုမော့ကြည့်သည်။

"ပိုက်ဆံတွေဘာတွေလိုရင်လည်းပြောနော်"

သူ့စကားကြောင့် သူဇာကပြုံးသွားပြီး သူ့ကိုစိုက်ကြည့်ကာ. .

"သူဇာအလုပ်လုပ်တာ ပိုက်ဆံကြောင့်မဟုတ်ပါဘူးဆရာ၊ သွားမယ်ဆရာ"

ဟုတစ်ခွန်းသာပြောပြီးထွက်သွားသောသူဇာ့ကို နားမလည်နိုင်စွာနှင့် မင်းတေဇကျန်ရစ်သည်။ တစ်ခါတစ်ခါကျတော့လည်း မိန်းမတွေဟာ တယ်နားလည်ရခက်ပါလား။





နံနက်စောစောစီးစီး ဖိနေ့နိုးလာတာကြောင့် မင်းတေဇ မျက်နှာသစ်ပြီး ဝရံတာသို့ထွက်ခဲ့သည်။ နံနက်ခင်း၏လေနုအေးလေးက မင်းတေဇဆီသို့ လာရိုက်ခတ်သည်။ မင်းတေဇ ကြည်နူးရွှင်ပျစွာ၊ စိတ်လက်ပေါ့ပါးစွာနှင့် နံနက်ခင်းအလှကိုခံစားနေမိသည်။

ထိုစဉ် ဈေးခြင်းလေးဆွဲပြီး အိမ်ထဲမှထွက်လာသောဟေသာဆိုသည့်ကောင်မလေးကိုတွေ့ရစဉ် မင်းတေဇမှာ စိတ်ထဲတွင် တစ်မျိုးလေးဖြစ်ပြီး ထိုကောင်မလေးနှင့် ဈေးသို့လိုက်ချင်စိတ်ပေါက်သွားကာ အခန်းထဲဝင်၍ ညအိပ်အကျႌကိုအလျင်စလိုလဲလှယ်ပြီး အောက်ထပ်သို့ပြေးဆင်းခဲ့သည်။

"ဟဲ့. . သားဘယ်လဲ"



www.burmeseclassic.com

www.burmeseclassic.com



မမေကလှမ်းမေးတော့ ဒီနားဟုဖြေကာ ဟေသာ့နောက်သို့အပြေးလေးလိုက်ခဲ့သည်။ ဟေသာက ခပ်လှမ်းလှမ်းသို့ရောက်နေပြီဖြစ်သည်။

"ဟေသာ. . ဟေသာ"

"ဟော. . လူကြီး"

ဟေသာက သူ့ကိုမြင်တော့ အံ့သြသလိုမျက်နှာနှင့်ကြည့်သည်။ ပြီးတာနှင့် နှုတ်ခမ်းလေးစူထော်ကာ. . .

"ဘာလို့လိုက်လာရတာလဲ"

"ဟောဗျာ. . လိုက်ချင်လို့ပေါ့"

မင်းတေဇက ကောင်မလေးကိုအသည်းယားပြီး ခေါင်းကိုခေါက်ကာပြောလိုက်သည်။

"လိုတ်စရာလား၊ တော်ကြာ အန်တီကတစ်မျိုးထင်ပြီး ဟေသာ့ကိုပဲပြောမှာ"

"ပြောရင်ခံလိုက်ပေါ့"

မင်းတေဇက တမင်နောက်ပြီးပြောလိုက်သည်။

"မခံနိုင်ပါဘူး၊ ဟေသာက အိမ်မှာဆိုဘယ်သူ့အပြောမျိုးမှ ခံရတာမတုတ်ဘူး"

"အဲဒါဆို ဘာလို့အိမ်မှာမနေလဲ"





"လူကြီးနော်. . ဟေသာငိုလိုတ်မှာ၊ ဈေးတောင်မသွားချင်ဘဲသွားနေရတာ၊ အသိတစ်ယောက်ယောက်နဲ့တွေ့လို့ကတော့ ဒုက္ခပဲ"

ဟေသာကခြေဆောင့်ပြီး ငိုမဲ့မဲ့နှင့်ပြောတော့ သူပို၍ပြုံးစချင်သွားသည်။

"တွေ့သွားတော့ လိုတ်သွားပေါ့ဟေသာရယ်"

"လူကြီးနော်. . ဟေသာ့ကို လမ်းပေါ်ကမိန်းမများထင်နေလို့လား၊ ဟေသာစိတ်တိုလာပြီနော်၊ ဘာလဲ. . ဟေသာ့ကိုခေါ်မထားချင်လို့လား"

"မဟုတ်ပါဘူးမမလေးရယ်၊ သူ့စိတ်ကြီးပဲ၊ ဒါတွေထားလိုတ်ပါတော့၊ မနေ့ကဝယ်လာတဲ့အင်္ကျီတွေကြိုက်ရဲ့လား"

ဟေသာက အမှန်တကယ်ငိုတော့မည့်ပုံစံမှ သူ့စကားလမ်းလွှဲလိုက်ရသည်။ သူတို့နှစ်ယောက်ပုံစံက တကယ့်ညားကာစစုံတွဲလေး၏ပုံစံနှင့်တူသည်။ သူက ဟေသာ့ကိုကြည့်ပြီး ရင်ဘတ်ထဲမှ တဒုတ်ဒုတ်နှင့်ခုန်လာသည်။

"ဟေသာ"

"ဘာလဲ. . ရှော့. . ဆွဲခြင်းဆွဲ"

ဟေသာက သူ့လက်ထဲကိုဈေးခြင်းကြီးထည့်ပေးလိုက်တော့ သူ့ရင်ခုန်သံတွေ ပျောက်ကွယ်သွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟေသာ"

"ခဏခဏခေါ်မနေနဲ့၊ ဘာပြောမလို့လဲ . . ပြော၊ ဈေးထဲရောက်တော့မယ်"

ဟေသာက ပိုက်ဆံအိတ်လေးချိုင်းကြားညှပ်ပြီး ဘောက်ဆတ်ဆတ်နှင့်ပြောတော့ မင်းတေဇပြုံးမိသည်။

"ကိုယ်မုန့်ဟင်းခါးစားချင်တယ်ကွာ၊ မုန့်ဟင်းခါးဆိုင်ကောင်းကောင်းရှာပေးစမ်းပါ"

"အတော်ပဲ၊ ဟေသာလည်းစားမှာ"

သူတို့နှစ်ယောက် လမ်းဘေးတွင် မုန့်ဟင်းခါးထိုင်စားမိကြသည်။ ဟေသာက သူအစပ်မစားမှန်းသိ၍ သူ့ပန်းကန်ထဲသို့ ငရုတ်သီးတွေအတင်းထည့်သည်။

"ဟာ . . ဟေ့ကောင်မလေး၊ ငါစားလို့မရတော့ဘူး"

"မရရင်မစားနဲ့ပေါ့"

သူတို့နှစ်ယောက် တစ်ယောက်နှင့်တစ်ယောက်စနောက်နေကြပုံတွေကို ဘေးနားမှလူတွေက ပြုံးတုံ့တုံ့တွေဖြစ်ကုန်သည်၊ ဟေသာက တစ်ဈေးလုံးပတ်ဝယ်ပြီးတော့ ဆွဲခြင်းအပြည့်ကို သူက ဆွဲလာရသည်။ ဟေသာက သူ့ကိုတစ်ချက်ကြည့်ပြီး . . .

"အတော်ပဲ၊ ဒီနေ့ဆိုတ်ကားခမကုန်တော့ဘူးပေါ့"





"ဟော့ . . ရတယ်နော်၊ ဆွဲခြင်းကိုဒီမှာချထားခဲ့မှာ"

"ချထားပေါ့၊ အန်တီ့ကို ကိုယ့်ပြဿကိုယ်ရှင်း"

မင်းတေဇသဘောကျစွာ ရယ်မောလိုက်သည်။ မနေ့တုန်းက သူဖာဟာ သူ့နောက်မှာ အထုပ်လေးတွေကိုင်ပြီးလိုက်သည်။ ဒီနေ့သူဟာ ဟေသာ့နောက်မှအထုပ်တွေကိုင်ပြီးလိုက်ရသည်။ ဝဋ်လည်တယ်ဆိုတာ ဒါမျိုးထင်ပါရဲ့။

"ဟော့လူကြီး . . အဲ . . ကိုမင်းတေဇ၊ မေးနေတာမကြားဘူးလား"

ဟေသာက အတင်းမေးမှပင် သူသတိဝင်လာသည်။

"ဘာလဲကွ"

"ဩော် . . မနေ့က အဝတ်အစားဝယ်တာတော်တယ်လို့၊ ဟေသာနဲ့အကိုက်ပဲ၊ ဟေသာနဲ့အကိုက်ပဲ၊ ဝယ်တာတော်တယ်လို့ ချီးကျူးနေတာ"

"အဲဒါ ကိုယ်ဝယ်တာမဟုတ်ဘူးကွ၊ ကိုယ့်ရဲ့အတွင်းရေးမှူးမလေးကိုတျေးဇူးတင်၊ သူနဲ့သွားဝယ်တာ"

"ဘယ်လို . . ဘယ်လို"

ဟေသာရဲ့မျက်နှာလှလှလေးက ရှုံ့မဲ့သွားသည်။

"ဩော် . . ဒီကတော့ ကျေးဇူးတင်စကားတွေပြောတော



www.burmeseclassic.com

www.burmeseclassic.com



မလို့၊ တော်ပြီ. . ကျေးဇူးလုံးဝမတင်တော့ဘူး”

မင်းတေဇသည် ဟေသာဖြစ်နေပုံလေးကိုကြည့်ပြီး စပ်ဖြဖြဖြစ်သွားသည်။

“ဘာလဲ. . အဲဒါက ကိုယ့်ကိုသဝန်တိုနေတာလား”

“ဟင့်အင်း. . မတိုပါဘူး၊ ဝေးသေး”

ဟေသာက သူ့တိုမျက်စောင်းထိုး၍ အိမ်ထဲသို့ တဆောင့်ဆောင့်နှင့်ဝင်သွားသည်။ သူကဆွဲခြင်းကြီးဆွဲ၍လိုက်ဝင်လာခိုက် မေမေနှင့်တန်းတိုးတော့သည်။

“ငါ့သား. . ဆွဲခြင်းကြီးတကားကားနဲ့ ဘယ်လိုဖြစ်လာတာလဲ၊ အမေကို တစ်ခါမှဈေးဆွဲခြင်းမဆွဲပေးဖူးတဲ့သား၊ အခုတော့ ထူးထူးဆန်းဆန်းပါလား”

“ဟာ. . မေမေကလည်း”

သူက ဈေးခြင်းကို မီးဖိုဝတွင်ထား၍ အိမ်ပေါ်ထပ်သို့လစ်ခဲ့သည်။ သူကုမ္ပဏီသွားဖို့ပြင်ဆင်နေစဉ် တံခါးခေါက်သံထွက်ပေါ်လာသည်။

“သား. . မေမေဝင်ခဲ့မယ်နော်”

“ဟုတ်ကဲ့”

မင်းတေဇ မေမေ့မေးခွန်းတွေကိုဖြေရတော့မည်ဆိုတာ





ရိပ်မိသည်။ မေမေက ခပ်အေးအေးပင်။ သူ့ကုတင်ပေါ်တွင် သူ့ကိုလှမ်းကြည့်ကာ. . .

“သားကို မေမေရှင်းရှင်းပဲမေးတော့မယ်၊ သားနဲ့ ဟေသာမြင့်မြတ်နဲ့ ဘယ်လိုပတ်သက်လဲ၊ ရိုးရိုးသားသားလို့တော့မဖြေနဲ့နော်၊ မေမေ အဲလောက်လူကဲခတ်မညံ့ဘူး”

“ခင်ဗျာ”

မေမေက ပြောင်ကြီးမေးချလိုက်တာမို့ မင်းတေဇ ဘာပြန်ဖြေရမှန်းမသိဖြစ်သွားသည်။ တကယ်တော့ မေမေ သူ့ကိုမေးသည့်မေးခွန်းဟာ သူကိုယ်သူတောင်မမေးမိသောမေးခွန်းဖြစ်သည်။

“မေမေ. . ကျွန်တော် ကိုယ့်ကိုယ်ကိုတောင်မသိသေးဘူးဗျာ”

“အဲဒါခက်တာပေါ့၊ ကိုယ့်ကိုယ်ကိုတောင် ဘာမှန်းမသိဘဲ ကောင်မလေးတစ်ယောက်ကို အိမ်ကိုခေါ်လာရလား၊ မေမေ ဒီကောင်မလေးအကြောင်း ပြည့်ပြည့်စုံစုံသိချင်တယ်၊ သားပြောပြနိုင်မလား”

မေမေ့စကားကြောင့် သူတွေဝေသွားသည်။ သူကိုယ်တိုင်တောင် ဟေသာ့အကြောင်းသေချာမသိသေးချေ။ သူက ခေါင်းခါယမ်းပြတော့ မေမေက စိတ်မောသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါပဲသား၊ သားတို့စီးပွားရေးလုပ်နေတာမဟုတ်ဘူး၊ ဒါ အိမ်ထောင်ရေးကိစ္စ၊ တစ်ချက်မှားရင် အားလုံးဒုက္ခရောက်ကုန်မှာ၊ အဲဒါရောသိရဲ့လား၊ သားအသက်လည်းမငယ်တော့ဘူး"

မင်းတေဇ မေမေပြောတာကို ခေါင်းညိတ်လက်ခံလိုက်သည်။

"မေမေ အရင်တမသိချင်ယောင်ဆောင်နေလို့ရပေမယ့် အခုတော့မရတော့ဘူးသား၊ ဒီကောင်မလေးကိုစိတ်ဝင်စားတယ်ဆိုရင် ဒီကောင်မလေးအကြောင်းကိုစုံစမ်းပြီး မေမေ့ကိုပြန်ပြောပါ၊ ဒီကြားထဲမှာတော့ အနေအထိုင်ဆင်ခြင်ပါ၊ ဒါပဲမေမေပြောချင်တယ်"

မေမေကပြောပြီး အခန်းထဲမှထွက်သွားတော့ မင်းတေဇ ကုမ္ပဏီမသွားနိုင်ဘဲ အိပ်ရာပေါ် ပစ်လှဲချလိုက်သည်။

သူ့အတွေးထဲမှာ ဟေသာ့ကိုစိတ်ဝင်စားမိလားဟု မေးခွန်းတွေထုတ်မိတော့သည်။ ဟေသာ့အကြောင်းစဉ်းစားမိတိုင်း သူ့ကို မျက်လုံးဝိုင်းကြီးတွေနှင့်ကြည့်တတ်သော သူဇာ့ကိုသတိရမိပြန်သည်။

အချစ်. . ။

သူ ဟေသာ့ကိုများချစ်နေမိတာလား။ သူ ဟေသာနှင့် နံနက်ကလိုလျှောက်သွားရလျှင်ပျော်သည်။

သူဇာနှင့်ရော. . ။





သူဇာနှင့်ကျတော့လည်း သူ့လိုအပ်ချက်မှန်သမျှကိုဖြည့်ဆည်းပေး၍ စိတ်ကျေနပ်မိပါသည်။

အချစ်ဆိုတာ တကယ့်ကိုစဉ်းစားရခက်သောအရာပင်ဖြစ်သည်။ မိန်းကလေးတစ်ယောက်ကို သူတကယ်မချစ်ဘဲနှင့်လည်း ချစ်တယ်ဟုမပြောချင်ပါ။ အချစ်ဆိုတာ သူ့အတွက်တော့ စဉ်းစားလေဝေးလေဖြစ်နေသည်။ ယခုဆို သူ့အသက်လည်း သုံးဆယ်နားတပ်လာပြီဖြစ်သည်။

မင်းတေဇ သူ့ရဲ့မပြတ်မသားစိတ်ကို ဘယ်လိုဝေခွဲရမှန်းမသိဖြစ်နေမိသည်။ ယခု မေမေပြောမှပင် ထိုအကြောင်းအရာကို စဉ်းစားမိသည်။ သူ့ရဲ့နှလုံးသားက ဘယ်သူ့ဆီမှာလဲ သေချာသိရှိရန်လိုအပ်နေပြီဖြစ်သည်။

မင်းတေဇ အတွေးနှင့်နစ်မြောနေခိုက် သူ့ဟန်းဖုန်းက ထမြည်လာသည်။

"ဟယ်လို. . သူဇာလား. . ပြောလေ"

"ဆရာဒီနေ့ရုံးကိုလာမှာလား၊ မလာဖြစ်မှာစိုးလို့ဆက်တာပါ"

မင်းတေဇက စိတ်ပူတတ်သောသူ့အတွင်းရေးမှူးမလေးအကြောင်းတွေးမိပြီး ပြောလိုက်သည်။



www.burmeseclassic.com

"ပုဂံတို ဆရာဖုန်းဆက်လိုက်ဦးနော်၊ တော်ကြာ မှာထားတဲ့ ပစ္စည်းတွေမရဘဲနေဦးမယ်၊ ကုန်အမှာရက်ကကပ်နေပြီ"

"ဟုတ်သားပဲ၊ သူဇာသတိပေးမှကွာ၊ ကျေးဇူးပဲ. . ကိုယ် ဆက်လိုက်မှာပါ၊ ဒီနေ့လည်း ကိုယ်ရုံးလာမှာ၊ စိတ်မပူပါနဲ့၊ ဘာပြော စရာရှိသေးလဲ"

"အထွေအထူးတော့မရှိ. . အဲ. . မရှိဘူးဆိုပေမယ့် ရုံးတ တနင်္ဂနွေနေ့ကပိတ်ထားတော့ တနင်္ဂနွေနေ့က ကိုအောင်မြင်ချမ်းသာ သူဇာ့ဆီဖုန်းဆက်တာပြောပြီးပြီလား"

"ဘာ. ."

သူဇာ့စကားကြောင့် မင်းတေဇလက်ထဲမှ ဖုန်းတောင်လွတ် ကျလုမတတ်ဖြစ်သွားသည်။

"သူဇာလည်း ဖုန်းနံပတ်မပေးမိဘူး၊ ဘယ်ကရသွားလဲမသိ ဘူး"

"သူဇာ့ကို ဘာတွေပြောသွားသေးလဲ. . ပြောစမ်း"

မင်းတေဇ အလောတကြီးမေးလိုက်မိသည်။

"ဘာမှတော့မပြောပါဘူး၊ သတိရလို့တဲ့၊ ဘာတွေလုပ်နေ လဲတဲ့"

မင်းတေဇ ချွေးတွေတောင်ပြန်လာသလိုခံစားရသည်။ ရင်





ခုန်သံတွေလည်းမြန်ဆန်လာသည်။ တိုဘက် ဒီဘက်ခေါက်တုန့် ခေါက်ပြန်လျှောက်နေမိသည်။

"အဲတော့ သူဇာက. . သူဇာက ဘာပြန်ဖြေလိုက်သလဲ"

"ဆရာတလည်း"

မဖြေဘဲနှင့်ကြာနေသောသူဇာ့ကို သူပို၍စိတ်တိုလာသည်။

"ပြောလေ"

"ဆရာကလည်း ဖြည်းဖြည်းပြောပါ၊ သူဇာ့နားတွေတောင် ဝင်းတော့မယ်၊ သူဇာ့ဆီကို အလုပ်ကိစ္စနဲ့ပတ်သက်ပြီးတော့ပဲဆက်ပါ လို့၊ တခြားကိစ္စနဲ့မဆက်ပါနဲ့လို့ပြောလိုက်တယ်၊ အဲဒါ သူဇာသိပ်များ ရိုင်းသွားလားမသိဘူး"

"မရိုင်းဘူး. . ကောင်းတယ်. . ကောင်းတယ်"

မင်းတေဇက သူဇာ့အဖြေကို ကျေနပ်စွာပြောလိုက်မိသည်။

"သူဇာ. . နောက်ဘာကိစ္စပဲဖုန်းဆက်ဆက် ကိုယ့်ကိုပြော ပါ. . ကြားလား"

"ဟုတ်ကဲ့. . ဆရာဘာပြောဦးမလဲ၊ သူဇာဖုန်းချလိုက်တော့ မယ်"

"နေဦး. . သူဇာ အခုဘယ်တဆက်နေတာလဲ၊ အိမ်တလား၊ ကိုယ်ရုံးသွားရင်းနဲ့ ဝင်ခေါ်ရမလား"

www.burmeseclassic.com



မင်းတေဇစိတ်ထဲမှာ ဘယ်တုန်းကဘယ်လိုပေါ်လာသော အတွေးတွေမှန်းမသိဘဲ ပြော်လိုက်မိသည်။

"သူဇာက ရုံးမှာဆရာရဲ့၊ ဒီနေ့ ရုံးစောစောလာတာ . . ဟင်း . . ဟင်း"

သူဇာက ရယ်ချင်သလိုအခံနှင့် သူ့ကိုနှုတ်ဆက်ပြီး ဖုန်းချသွားသည်။ သူမှာသာစိတ်မောလူမောနှင့် ကျစ်ရစ်ခဲ့သည်။

ဒီအောင်မြင်ချမ်းသာဆိုသောကောင်က သူဇာ့ကိုပါလုချင်နေပြီလားမသိပါ။ ဒီတောင့်ကို အပြတ်နှိမ်နင်းမှဖြစ်တော့မည်ဟု မင်းတေဇဆုံးဖြတ်ချက်ချလိုက်သည်။ သူ့စိတ်ထဲမှာ ခိုးလိုးခုလု။ အခုတော့လည်း သူဇာ့ကိုဆုံးရှုံးမှာကြောက်သလိုလို၊ ဘယ်လိုကြီးပါလိမ့်။





အပိုင်း(၂)



www.burmeseclassic.com

www.burmeseclassic.com

၁၊

အောင်မြင်ချမ်းသာဆိုသောသူဟာ အမည်နှင့်လိုက်ဖက် စွာ မွေးကတည်းက ရွှေလင်ပန်းနှင့်အချင်းဆေးသူဖြစ်ပြီး သူလိုချင် သမျှ လက်ညှိုးညွှန်ရာဖြစ်ခဲ့သည့်ဘဝဖြစ်သည်။ သူကလည်း ပညာ တော်တာကြောင့် ဘိုးဘိုးဘွားဘွားဖေဖေမေမေတို့က လိုလေသေး မရှိ အလိုလိုက်ခဲ့သည်။

သူ့ဘိုးဘွားမိဘတွေက မျိုးရိုးစဉ်ဆက်ချမ်းသာခဲ့သလို ဖေဖေ့ လက်ထက်ရောက်တော့လည်း ကုမ္ပဏီထောင်ထားခဲ့သည်၊ သူက လည်း ငယ်စဉ်ကတည်းက စီးပွားရေးအကြောင်းတွေ အမြဲတစေ ကြားနေတာကြောင့် ဆယ်တန်းကို ဂုဏ်ထူးများစွာဖြင့်အောင်မြင် ခဲ့သော်လည်း နိုင်ငံခြားမှာ စီးပွားရေးပညာအဓိကဖြင့် ဒေါက်တာ ဘွဲ့ရအောင်သင်ယူနိုင်ခဲ့သည်။





သူ ဖေဖေရဲ့ကုမ္ပဏီကြီးကို ဒီထက်မတအောင်မြင်အောင် ...ပ်မည်ဆိုသောရည်ရွယ်ချက်ဖြင့် ရန်ကုန်မြို့သို့ခြေစချသည့်နေ့မှာ ...င် အချစ်နှင့်စတင်တွေ့ရှိခဲ့ရပါသည်။

အချစ်ဆိုတာ ဘဝတစ်ခုလုံးကိုပြောင်းလဲစေသည်ဆိုတာ ...အတွက်တော့ အမှန်တရားပင်။

www.burmeseclassic.com



"ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်"

အောင်မြင်ချမ်းသာသည် အမိမြေကို ပြန်လည်ခြေချမိတော့ စိတ်ထဲမှာ လှိုက်လှိုက်လှဲလှဲလေးခံစားနေရသည်။ သူစီးလာသော လေယာဉ်က စောပြီးဆင်းတာကြောင့် မေမေ၊ ဖေဖေတို့ရောက်ဦးမည်မထင်သေးပါ။ သူက ညီမဝမ်းကွဲလေးအတွက် ပို့ရှ်အရုပ်ကြီးလည်းပါသည်။

သူဂိတ်ပါတ်ကပြီးတော့ ကြိုမယ့်သူရှိမရှိသေချာအောင် လူတွေကြားထဲတိုးဝှေ့ပြီးကြည့်နေခိုက်. . .

"ဟေး. . ဟန်နီ"

"ဟာ. . ဟော့"





လူကြားထဲမှပြေးထွက်လာသော ကောင်မလေးတစ်ယောက်။ ပြီးတော့ သူ့နံဘေးမှကပ်ပြေးအသွား သူ့လက်ထဲမှအရုပ်ကြီးက ဖုတ်ခနဲနေအောင်ပြုတ်ကျသွားသည်။

"ဘယ်လိုဟာလေးပါလိမ့်"

အောင်မြင်ချမ်းသာ တစ်ကိုယ်တည်းရေရွတ်ရင်း အရုပ်ကြီးကိုကောက်၍ ကောင်မလေးကိုလှည့်ကြည့်ခိုက် ကောင်မလေးက သူမအရွယ်ကောင်မလေးတစ်ယောက်နှင့် ဖက်အလွမ်းသယ်၍မပြီးသေးချေ။ ထိုကောင်မလေးလာကြိုသောကောင်မလေးက ဘာပြောလိုက်သလဲမသိ။ ဒီတော့မှ ကောင်မလေးက သူ့ဘက်လှည့်လာသည်။

"အဟဲ. . ဆောရီးနော်. . ဆောရီး၊ ကန်တော့နော်ဦးလေး၊ ကန်တော့"

ကောင်မလေးပုံစံက တကယ့်ကလေးရုပ်လေး။ ဆံပင်တွေအလိမ်အလိမ်တွေကောက်ထားသေးသည်။ သူမဘေးတကောင်မလေးက သူမကိုလတ်တို့၍ သူ့ကိုကြည့်ကာ. . .

"ဟဲ့. . နင့်ကိုကြောင်ကြည့်နေတယ်၊ ကြည့်ရတာ မြန်မာမဟုတ်ဘူးနဲ့တူတယ်၊ ဘိုလို Talk လိုက်လေ"

နိုင်ငံခြားမှာအနေကြာသောသူ့ပုံစံက နိုင်ငံခြားသားပုံ



www.burmeseclassic.com

www.burmeseclassic.com



ပေါက်နေတာကြောင့် ကောင်မလေးနှစ်ယောက်မှန်းရခက်နေခြင်း ဖြစ်လေသည်။ သူ့ကိုဝင်တိုက်မိသောကောင်မလေးက သူ့နား လျှောက်လာ၍ သူ့ကိုသေချာကြည့်ကာ. . .

"ဆောရီး. . ဆိုမ်အမ်ဗဲရီးဆောရီး"

သူ့ကိုတောင်းပန်ပါတယ်ဟု အင်္ဂလိပ်လိုလာပြောနေ၍ အောင်မြင်ချမ်းသာပြုံးစိစိဖြစ်သွားသည်။ သို့သော် ကောင်မလေး ဘာတွေဆက်ပြောမလဲသိချင်၍ မျက်နှာကိုချက်ချင်းဟည်လိုက် သည်။ ခေါင်းသာဆတ်ပြလိုက်သည်။

ကောင်မလေးတွေက သူ့ကို အမှန်တကယ်နိုင်ငံခြားသား ကြီးဟုထင်သွားသည်။

"ဟဲ့. . ဖော်ရင်နာ(နိုင်ငံခြားသား)အစစ်ကြီးထင်တယ်"

"အေးဟဲ့. . ဟေသာဆက်ရှိုးလိုက်"

"အေး. . ငါ သူ့လက်ထဲကအရုပ်ကြီးကို ရအောင်တောင်း ပြမယ်ကြည့်နေ"

ကောင်မလေးနှစ်ယောက်က သူ့လက်ထဲမှအရုပ်ကြီးကို ကြည့်၍ မြန်မာစကားဖြင့်တီးတိုးပြောနေတာကြောင့် အောင်မြင်ချမ်း သာကြိတ်ပြုံးနေမိတော့သည်။

သူ့ကိုဝင်တိုက်သွားသောကောင်မလေးက ရှေ့တိုးလာပြီး. .





"ဟယ်လို. . အိုင်အမ်ဟေသာမြင့်မြတ်၊ ပလိစ် ယူပေးမီ သစ်စ်"

သူကိုင်ထားသောအရုပ်ကြီးကို လက်ညှိုးထိုး၍ ကောင်မ လေးက အင်္ဂလိပ်လိုပြောကာတောင်းသည်။ သူကလည်း မသိချင် ယောင်ဆောင်၍. . .

"ယူလိုက်သစ်စ်"

"ရက်စ်"

ဟေသာမြင့်မြတ်ဆိုသည့်ကောင်မလေးကလည်း အရုပ်ကြီး ကို အရမ်းလိုချင်နေသည့်ပုံပေါက်တာမို့ သူ့စိတ်ထဲမှာလည်း အရမ်း ပေးချင်စိတ်ပေါက်သွားသည်။ ဘာလတ်ဆောင်မှုမပါလာလျှင် ပွစိ ပွစိလုပ်မည့် ဝမ်းကွဲညီမလေး၏ဒဏ်ကိုခံမည်ဟုဆုံးဖြတ်လျက် ထို အရုပ်ကြီးကိုပေးလိုက်လေတော့သည်။

ထိုခဏအတွင်း၌ အရုပ်ကြီးသာမကဘဲ သူ့နှလုံးသားတစ်ခု လုံးပါပေးလိုက်ရပြီဖြစ်ကြောင်း အောင်မြင်ချမ်းသာ နောက်များမှ သိခွင့်ရခဲ့သည်။

"ဟယ်. . တကယ်ပေးတယ်တော့"

ပျော်ရွှင်သွားသော ဟေသာဆိုသည့်ကောင်မလေး၏မျက် နှာကိုကြည့်၍ သူလည်းကျေနပ်ကြည်နူးသွားမိသည်။ ကောင်မလေး



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်က သူ့ဂု ..ချ.ဖူးဝေ့အထပ်ထပ်တင်ရင်း သူသွားချင်သည့်နေရာကိုပါမေးပြီး **Taxi** ကိုဈေးဆစ်ကာ ငှားပေးလိုက်သေးသည်။

လက်ကလေးပြပြီးကျန်ရစ်ခဲ့သော ဟေသာမြင့်မြတ်ကိုကြည့်ရင်း သူ့ရင်ထဲမှာ တစ်စုံတစ်ရာဖြစ်သွားခဲ့သည်။

ကောင်မလေးတွေကလည်း သူ့ကို နိုင်ငံခြားသားထင်၍ အရုပ်ကိုတစ်ပတ်ရိုက်ယူ၊ သူကလည်း နိုင်ငံခြားသားယောင်ဆောင်၍လက်ဆောင်ပေးနှင့်မို့ အဖြစ်အပျက်လေးကိုတွေးကာ ပြုံးနေမိတော့သည်။ ပြီးတော့ သူမရေးပေးလိုက်သည့်ဖုန်းနံပါတ်လေးတစ်ခု။

အောင်မြင်ချမ်းသာရင်ထဲတွင် လှုပ်လှုပ်ခတ်ခတ်ခံစားနေရသည်။

အိမ်ရောက်တော့ ဖေဖေမေမေတို့ရော၊ ဘိုးဘိုးဘွားဘွားတို့ကိုပါ နှုတ်ဆက်ပွေ့ဖက်မိသည်။ သူပြန်ရောက်လာတော့ အားလုံးကဝမ်းသာကြသည်။ ဘွားဘွားကတောင်. . .

"ဘယ်လိုလဲမြေးကြီး၊ မတိုးတက်သေးဘူးလားကွ၊ ဘွားဘွားတော့ မြေးချွေးမလိုချင်နေပြီ"

ဟုနောက်သေးသည်။ ဘွားဘွားပြောတော့ ဘာရယ်မဟုတ်ပါဘဲ အောင်မြင်ချမ်းသာသည် ရယ်မောနေသောထိုကောင်မလေး၏မျက်နှာကိုပြေးမြင်သည်။





"နိုင်ငံခြားမှာဆိုတော့ မိန်းကလေးသူငယ်ချင်းတွေတော့ အများကြီးပဲပေါ့ဘွားဘွားရယ်၊ ဒါပေမယ့် တကယ်ချစ်တဲ့လူကိုတော့ မြန်မာပြည်ရောက်မှပဲရှာမယ်လေ"

သူကရယ်ကျဲကျဲပြောလိုက်သည့်အခါတိုင်း ဘွားဘွားတို့၊ ဘိုးဘိုးတို့ကစလျှင်တောင် သူက အခုမှလူပျိုတောင်လုပ်လို့မဝသေးဘူးဟု အမြဲဆင်ခြေပြန်ပေးလေ့ရှိပေမယ့် သူ့စိတ်ထဲမှာတစ်စုံတစ်ယောက်က ဝင်ရောက်နေပြီဖြစ်သည်။

ထို့နောက် သူကနိုင်ငံခြားအတွေ့အကြုံတွေပြော၊ ဖေဖေက သူ့တို့မွှကီလုပ်ငန်းကျနေသည့်အကြောင်းတွေပြောနှင့် အချိန်အတော်ကုန်သွားသည်။ ထိုစဉ်မှာပင် သူ့ရဲ့ညီမဝမ်းကွဲလေးတိုးတိုးက ဘယ်ကဘယ်လိုသတင်းရလာသလဲမသိဘဲရောက်ချလာသည်။

"ကိုကြီး. . ညီမလေးအတွက် ဘာလက်ဆောင်ပါလဲ၊ ကိုကြီး ဟိုတစ်ခေါက်ကပြောထားတယ်လေ၊ ဒီတစ်ခါပြန်လာရင် ညီမလေးအတွက် ရှယ်လက်ဆောင်ဆို"

အောင်မြင်ချမ်းသာ ရုတ်တရက်အကြံအိုက်သွားသည်။ သူက နောက်မှတိုးတိုးအတွက် လက်ဆောင်တစ်ခုခုရှာဝယ်ပေးမည်ဟု စဉ်းစားထားပေမယ့် အခုမချောကရောက်ချလာပြီ။

"ဟဲ့. . တိုးတိုး၊ လူကြီးတွေစကားပြောနေတယ်လေ"



www.burmeseclassic.com

www.burmeseclassic.com

မေမေက ဝင်ပြောပေမယ့်မရချေ။

"အံမယ်. . ကိုကြီးမရပါဘူးနော်၊ ကတိပေးထားပြီးသားကြီးနော်၊ ယောကျ်ားဆိုတာ ကတိပေးပြီးရင်မပျက်ကောင်းဘူးနော်"

"အေးပါကွာ. . ညီမလေးရာ၊ ကိုကြီးပြောပြမယ်"

အောင်မြင်ချမ်းသာမှာ ထိုနေ့က တိုးတိုးကိုကျေနပ်အောင်မနည်းချော့ယူရသည်။ ဒါတောင် မချောကသိပ်မကျေနပ်ချင်။

"ဒါပဲနော်ကိုကြီး၊ ညီမလေးသွားချင်တဲ့နေရာ၊ စားချင်တာ၊ လိုချင်တာဝယ်ပေးရမှာနော်"

"အေးပါကွာ. . အေးပါ"

သူ တိုးတိုးကိုမဖြစ်မနေ ကတိပေးလိုက်ရသည်။

"အဲဒါပဲ၊ ဒီတစ်ခါကတိပျက်ရင်တော့ တစ်သက်လုံးမခေါ်တော့ဘူးမှတ်"

တိုးတိုးက သူ့ကိုစိတ်ကောက်ပြီးထွက်သွားသည်။

"သားအောင်မြင်၊ သွားနားလိုက်ဦး၊ ရောက်ကတည်းကငါ့ သားပင်ပန်းနေတာ"

မေမေပြောမှပင် သူလည်းအနားရတော့သည်။ မေမေက သူ့အိမ်ခန်းလေးကို သူ့အကြိုက်ပြင်ဆင်ထားတာကြောင့် ကျေနပ်နှစ်သိမ့်ရသည်။





နိုင်ငံခြားမှာ ဟိုတယ်တွေ၊ အိမ်တွေ ဘယ်လောက်ကောင်းကောင်း မေမေ့အိမ်သို့ရောက်မှပင် ရင်းနှီးနွေးထွေးစွာခံစားရသည်။ အိမ်ဆိုသည့်အဓိပ္ပါယ်ကို ယခုမှ သူလည်းကောင်းစွာခံစားတတ်လာသည်။

သူ့မှာလည်း ကိုယ်ပိုင်အိမ်တစ်လုံးရှိသည်။ ထိုအိမ်တွင် အိမ်ရှင်မလေးတစ်ယောက်လောက်ရှိလျှင် ပိုပြီးပြည့်စုံသွားမည်လား။

အောင်မြင်ချမ်းသာစိတ်ကူးနှင့် အိမ်ရှင်မလေးတစ်ယောက်ရှာဖွေနေမိပြီဖြစ်သည်။ ကလေးဆန်သောမျက်နှာနုနုလေးတစ်ခုကိုမြင်ယောင်ပြီး သူ့အတွေးထဲမှတစ်ဆင့် အိပ်မက်ထဲသို့. . ။



www.burmeseclassic.com

www.burmeseclassic.com



တိုးတိုးတ အတင်းလိုက်ပို့နိုင်း၍ ရှော့ပင်းစင်တာတွေ ကစားကွင်းတွေအနှံ့လိုက်ပို့ပေးရသည်။ ပိုက်ဆံလည်း အတော်ကုန်ပြီဖြစ်သလို စိတ်လည်းအတော်ရှုပ်နေပြီဖြစ်သည်။

"တိုးတိုး. . ဒီနေရာပြီးရင် အိမ်ပြန်မယ်နော်၊ ကိုကြီးတော်တော်ပင်ပန်းနေပြီ၊ ကိုကြီးကအေးတဲ့တိုင်းပြည်ကလာတော့ လောလောဆယ် ဒီကအပူဒဏ်ကြီးကိုမခံနိုင်သေးဘူး"

"ဟင်. . ကိုကြီးကလည်း"

တိုးတိုးကခြေဆောင့်သွားပေမယ့် မတတ်နိုင်။ သူအရမ်းပင်ပန်းနေပြီဖြစ်သည်။

"ကဲ. . ကဲ. . ကိုကြီးဒီကစောင့်နေမယ်၊ တိုးတိုးသွားဆော့"





အောင်မြင်ချမ်းသာက ATT စားသောက်ဆိုင်ထဲဝင်ထိုင်ရင်းပြောလိုက်သည်။

"ကိုကြီးကမလိုက်ဘူးလား"

"လိုသလောက်ပိုက်ဆံယူသွားကွာ၊ ကိုကြီးဒီမှာပဲနားနေတော့မယ်၊ ပြီးရင်ပြန်လာနော်"

သူက ပိုက်ဆံတစ်ထပ်ထုတ်ပေးလိုက်တော့မှပင် တိုးတိုးပြေးထွက်သွားတော့သည်။ သူကစတိုင်ပန်အရှည်နှင့် အကျီလက်ရှည်ကိုဝတ်လိုက်မိသောကြောင့် အတော်ပူနေပြီဖြစ်သည်။ ထို့ကြောင့် Aircon ခန်းထဲမှာထိုင်နေမှသက်သာသည်။

အောင်မြင်ချမ်းသာအအေးထိုင်သောက်နေခိုက် ဆိုင်ထဲသို့ ချည်ဆူညံအသံနှင့် ဝင်ရောက်လာတာကြောင့် သူလှမ်းကြည့်လိုက်မိသည်။

"ဟင်. . "

သူ့နှလုံးသားထဲမှ အချက်ပေးသံတွေမြည်လာသည်။ လေယာဉ်ကွင်းမှာတွေ့ခဲ့သည့် ဟိုမချောလေးနှစ်ယောက်ပါလား။ ဒီနေ့တော့ ကောင်မလေးက စကဒ်အတိုဝဲဝဲလေးနှင့် ကလေးလိုလိုဘာလိုလိုနှင့် ဘာလေးမှန်းမသိ စကားတွေနင်းကန်ပြောနေသည်။

သူကလည်း ဘာရယ်မဟုတ်ဘဲ ကောင်မလေးတို့စိုက်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



ကာပြုံးမိသည်။ ကောင်မလေးက တိုးတိုးတို့လောက်ပဲရှိဦးမည်။

ကောင်မလေးနှစ်ယောက်တ သူ့ကိုလှမ်းတွေ့သွားတာကြောင့် မျက်လုံးလေးတွေဝိုင်းသွားကြသည်။

"ဟယ်. ."

ပြီးတော့ နှစ်ယောက်သားဘာတွေတွတ်ထိုးနေကြလဲမသိ။ တခိခိနှင့်ရယ်မောပြီး သူ့ဆီသို့ ဟေသာဆိုသောကောင်မလေးက လျှောက်လာသည်။ ပြီးတော့ သူ့ကိုပြုံးပြပြီး အင်္ဂလိပ်လို မှတ်မိလားဟုမေးတော့ သူကမှတ်မိကြောင်းဖြေပြီး ထိုင်ရန်ပြောသည်။ ပြီးတော့ သူမရဲ့သူငယ်ချင်းကိုခေါ်လိုက်ရမလားဟုမေးတော့ သူက. .

"ခေါ်လိုက်လေ"

သူကပြောလိုက်သည်နှင့် သူမသူငယ်ချင်းကို. . .

"ဟဲ့. . လာတဲ့၊ ပျော်စရာကြီး၊ ဒီနေ့စားဖို့တော့ အိုကေသွားပြီသူငယ်ချင်းရေ ဖော်ရင်နာကြီးဆီကကပ်စားရအောင်"

"အိုကေ"

ကောင်မလေးနှစ်ယောက် လက်ဝါးချင်းရိုက်နေတာကိုကြည့်ပြီး အောင်မြင်ချမ်းသာစိတ်ထဲမှာ ပြုံးချင်ချင်ဖြစ်သွားသည်။ ကောင်မလေးက အင်္ဂလိပ်လိုပင်. . .

"ကျွန်မတို့ကို နေ့လည်စာကျွေးမလား"





"အိုး. . မင်းတို့စားချင်ရင် နေ့လည်စာတင်မကဘူး၊ တစ်သက်လုံးလည်းကျွေးထားနိုင်ပါတယ်"

ဟု သူက အင်္ဂလိပ်လိုပြန်ပြောလိုက်သည်။ သူ့ရဲ့စကားကြောင့် ကောင်မလေးတွေကရယ်ကြသည်။ ပြီးတော့ သူတို့အချင်းချင်း. . .

"ဟဲ့. . သူကလည်းအလာကြီးပဲ၊ တစ်သက်လုံးတောင်ကျွေးထားချင်တယ်တဲ့သူငယ်ချင်းရေ၊ မှာပြီးကြိတ်လိုက်ကြစို့"

သူမတို့က အလကားရတာမို့ ဟင်းတွေ၊ စားစရာသောက်စရာတွေကို အများကြီးမှာစားနေလေသည်။

"ဟဲ. . ဟဲ. . ကိုယ့်မုန့်ဖိုးနဲ့ကိုယ်စားရင် ပိုက်ဆံတွေအများကြီးကုန်နေဦးမယ်၊ အခုတော့. . ဟဲ. . ဟဲ. . ကိုကိုဖော်ရင်နာကြီးကိုညာစားလို့ရပြီ"

ကောင်မလေးတွေက သူမသိဘူးအမှတ်နှင့် စကားကိုပွင့်လင်းစွာပြောကြပြီး ရယ်နေမောနေကြသောကောင်မလေးနှစ်ယောက်ကိုကြည့်ပြီး သဘောကျမိသည်။ အပြင်မှာတော့ ရုပ်တည်ကြီးနှင့်ပေါ့။

"ကောင်းတယ်ဗျာ"

အောင်မြင်ချမ်းသာ ကောင်မလေးကိုသဘောကျစွာ လက်ထောက်ပြီးကြည့်နေခိုက်မှာပင် တိုးတိုးကဆိုင်ထဲပြန်ဝင်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟယ်. . ကိုကြီးတို့များ အဆင်ပြေနေလိုက်တာ"

သူက တိုးတိုးကိုမျက်နှာရိပ်မျက်နှာကဲပြလည်းမရ။ သူဆီ ကို နောက်ချင်ဟန်ဖြင့် ညီမတော်ကရောက်ချလာသည်။

"ကိုကြီး. . ဒါကဘယ်လိုလဲပြောပါဦး"

တိုးတိုး သူဘေးနားတွင်လာရပ်ပြီးမေးတော့ အားရပါးရစား နေကြသောကောင်မလေးနှစ်ယောက်မှာ တိုးတိုးကိုမော့ကြည့်ကြ သည်။

"ဟယ်. . တိုးတိုး"

"အံမယ်. . ဟေသာနဲ့ ဟန်နီ"

ထိုခဏတွင်းမှာပင် သူနားမှာ လက်ပံပင်ဇရက်ကျသလိုမျိုး ဆူညံသွားလေတော့သည်။ ဖြစ်ချင်တော့ တိုးတိုးနှင့် ဟိုမချောနှစ် ယောက်က ဆယ်တန်းအတူတက်ခဲ့သောသူငယ်ချင်းတွေဖြစ်နေ သည်။

"ဟင်. . ဒါဖြင့် ဒီပုဂ္ဂိုလ်က နင့်အစ်ကိုပေါ့. . ဟုတ်လား"

ဟေသာက သူကိုအံ့ဩသလို လက်ညှိုးထိုးပြီးမေးတော့ တိုးတိုးကခေါင်းညိတ်သည်။

"ဟုတ်ပါ့. . ငါ့အစ်ကိုဝမ်းကွဲ၊ နိုင်ငံခြားကပြန်ရောက်တာ သိပ်မကြာသေးဘူးလေ"





"အို. ."

ဟေသာ့မျက်လုံးလေးဝိုင်းသွားသည်။ သူကိုနိုင်ငံခြားသား ဟုမှတ်နှင့် ဝိုင်းညာစားမိသည့်အဖြစ်ကို ဟေသာကရှက်ရွံ့သွားဟန် တူသည်။

"ဒါဖြင့် သူ. . သူ. . မြန်မာစကားနားလည်တယ်ပေါ့"

"ဟဲ့. . မြန်မာပြည်မှာမွေးပြီး မြန်မာပြည်မှာကြီးတာပဲ၊ မြန် မာစကားနားလည်တာပေါ့"

"ဒုက္ခပဲ"

"ဘာဒုက္ခလဲ"

တိုးတိုးကနားမလည်စွာမေးတော့ ဟေသာတို့ခေါင်းကုတ် ပြီး သူမနှင့်ဟန်နီခေါင်းချင်းဆိုင်သားသည်။ သူကတော့ သူမတို့ကို ကြည့်ပြီး ပြုံးနေမိသည်။

"ဟဲ. . ဟဲ. . ကန်တော့နော်. . ကန်တော့"

"ဘာတွေလဲ"

"ဒီလိုဟာ"

တိုးတိုးကို ဟေသာကရှင်းပြသည်။

"နင်တို့တွေကတော့ လုပ်လိုက်ရင်ဒီလိုချည်းပဲ၊ ဒါပေမယ့် ငါ့အစ်ကိုက သဘောကောင်းပါတယ်ဟ၊ ငါ့မျက်နှာနဲ့ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



သူက တိုးတိုးကိုထုချင်သွားသည်။ သူ့ဘာသာ ဟေသာ့ကို ကျွေးချင်လို့ကျွေးတာကို တိုးတိုးက အမှတ်ဝင်ယူသွားသေးသည်။

"ဟုတ်တယ်မဟုတ်လားကိုကြီး"

သူက ဘာမှပြန်မပြောတော့ ဟေသာကမျက်နှာငယ်လေးနှင့်. . .

"ဟေသာတို့ကိုခွင့်လွှတ်ရဲ့လားဟင်၊ ဟို. . ဒီကအစ်ကိုကြီးကလည်း နိုင်ငံခြားသားနဲ့အရမ်းတူတော့ ဟေသာတို့ကလည်း ပျော်ချင်တာနဲ့ လျှောက်နောက်မိတာပါ၊ ခွင့်လွှတ်ပါနော်၊ ဟေသာကျေနပ် တဲ့အထိ တောင်းပန်ပါတယ်"

ကောင်မလေးက ခခယယပြောတော့ အောင်မြင်ချမ်းသာ စိတ်ထဲမှာ တစ်မျိုးလေးဖြစ်သွားသည်။ ကောင်မလေးရဲ့ပခုံးလေးကို ခပ်ဖွဖွကိုင်ပြီး နှစ်သိမ့်ချင်စိတ်တွေက သူ့ရင်မှာအပြည့်ပါ။ ဒီကောင်မလေးကိုကြည့်ပြီး သူ့ရင်တွေတလှပ်လှပ်ဖြစ်လာသည်။

"ကိုကြီး. . ပြောလိုက်လေ၊ ဘာကြောင်ကြည့်နေတာလဲ"

တိုးတိုးပြောမှပင် သူ့ရဲ့အကြည့်တွေ၊ အတွေးတွေကိုရပ်တန့်လိုက်သည်။ သူမကိုပြောရန်စကားလုံးရှာလိုက်သည်။

"ခွင့်လွှတ်ပါတယ်မိန်းကလေးရယ်၊ ဒါပေမယ့် နောက်တစ်ခါ ဒီလိုနည်းနဲ့ ယောကျ်ားတွေကို သွားမနောက်နဲ့နော်၊ ကိုယ်စေတနာနဲ့ ပြောတာ၊ ကိုယ်မို့ တခြားယောကျ်ားလေးဆိုမလွယ်ဘူး"





"ဟဲ့. . ငါ့အစ်ကိုက စေတနာနဲ့ပြောနေတာကြားလား"

တိုးတိုးကို တော်တော်ကြည့်မရဖြစ်သွားသည်။

"ဟုတ်ကဲ့ပါ။ ဟေသာတို့နောက်ဆိုဆင်ခြင်ပါ့မယ်၊ ဒီတအစ်ကိုကြီးကျေနပ်အောင်လည်း ဟေသာတို့ ဒီဝိုင်းကိုရှင်းမှာပါ"

ဟေသာက သူမကျေနပ်သေးဘူးအထင်နှင့် ထပ်ပြောနေတာကြောင့် သူကလက်ကာပြ၍. . .

"ကိုယ့်ကို ဒီလောက်တောင်းပန်စရာမလိုပါဘူးကွာ၊ ကိုယ်နားလည်ပါတယ်၊ ပြီးတော့ ကိုယ်ပဲဒီဝိုင်းတို့ရှင်းမှာပါ။ မင်းတို့တာ အခုမှ ကလေးတွေပဲရှိသေးတာပါကွာ"

သူက အဲလိုပြောလိုက်တော့မှပင် ဟေသာ့မျက်နှာလေး ပြုံးပြုံးရွှင်ရွှင်ဖြစ်သွားသည်။

"ကလေးတို့က ဘာတွေလုပ်နေတာလဲ"

"ဒီလိုပါပဲကိုကြီးရယ်၊ ဟိုသင်တန်းတက်၊ ဒီသင်တန်းတက်ပေါ့၊ ကျောင်းကတော့ အဝေးသင်ပဲယူထားတယ်လေ"

"ကောင်းတာပေါ့၊ တက်ကြ. . တက်ကြ၊ လိုအပ်တဲ့အကူအညီရှိရင်လည်း ကိုယ့်ဆီကတောင်းကြပါ"

သူက ဟေသာ့မျက်နှာလေးကိုကြည့်ပြီးပြောလိုက်မိသည်။ သူ့နှလုံးသားထဲမှာ သူမပုံရိပ်လေးကစွဲထင်နေပြီ။



www.burmeseclassic.com

www.burmeseclassic.com



အားလုံးလမ်းခွဲပြီးပြန်လာကြတော့ တိုးတိုးကကားပေါ်တွင် အတင်းအစ်မေးတော့သည်။

"ကိုကြီး. . ဟေသာ့ကိုကြိုက်နေတယ်မဟုတ်လား"

"ဟာ. . ဒီကောင်မလေးကလည်း ကြံကြံဖန်ဖန်"

သူကအတင်းငြင်းဆန်ပေမယ့် တိုးတိုးက သူ့မျက်နှာကို အတင်းလိုက်ကြည့်၍. . .

"ကိုကြီးဝန်ခံနော်၊ ဝန်မခံရင်တော့ အဲဒါပဲ၊ ဟေသာ့ အကြောင်း လုံးဝမပြောပြဘူး၊ ဟေသာ့အကြောင်းကို တိုးတိုးကသိ တယ်"

တိုးတိုးက ဒီနေ့တော့ သူ့ဆီကရအောင်မေးတော့မည့်ပုံစံ မျိုးနှင့်ဖြစ်သည်။ သူတလည်းဝန်မခံချင်။ ဝန်မခံချင်ဆိုတာကလည်း သူ့ညီမနှင့်မှရွယ်တူ၊ သူ့ညီမသူငယ်ချင်းမလေးကိုမှ သူကကြိုက်သည် ဆိုတော့ ရယ်စရာများဖြစ်နေမလား။

"ကိုကြီးပြောဆို"

"တိုးတိုးကလည်းကွာ"

"အေးလေ. . မပြောချင်လည်းရတယ်နော်၊ ဟေသာ့ကို ကြိုက်နေတဲ့ တိုးတိုးသူငယ်ချင်းတွေအများကြီးပဲ၊ အောင်သွယ်ပေး လိုက်မှာကြည့်နေ"



"ဟာ. . အဲဒီလိုတော့မလုပ်ပါနဲ့ကွာ"

ဒီတစ်ခါတော့ သူဘယ်လိုမှဣန္ဒြေမဆည်နိုင်တော့ဘဲပြော လိုက်သည်။

"ဒါဆိုလည်း စောစောတည်းကကြိုက်ရင်ကြိုက်တယ် ဝန်ခံ လိုက်ပါလား၊ မှုနေသေးတယ်"

တိုးတိုးက သူ့ကိုအပြစ်တင်လိုက်ပြီး ဟေသာ့အကြောင်း တွေပြောပြသည်။ ဟေသာက တစ်ဦးတည်းသောသမီးဖြစ်ကြောင်း၊ မိဘတွေကလည်း အရမ်းချစ်၊ အရမ်းအလိုလိုက်ကြောင်း၊ ပြီးတော့ တိုးတိုးဖေဖေနှင့် ဟေသာ့ဖေဖေက အလုပ်အတူတူလုပ်ကြောင်း၊ အချင်းချင်း မကင်းရာမကင်းကြောင်းတွေပါရှိကြောင်းသိရသည်။

"ကိုကြီး. . ဟေသာ့ကို တကယ်ကြိုက်ပြီး အတည်ဆိုရင် ဖွင့်ပြောပါလား"

"ဟာ. . မပြောရဲပါဘူး၊ တော်ကြာစိတ်ဆိုးသွားမှဖြင့်"

တိုးတိုးအကြံကို သူကလက်မခံချေ။ သူကလူကြီးလူကောင်း တစ်ယောက်ဖြစ်နေပြီ။ သူ့နှလုံးသားကိုထုတ်ပြရမှာ မဝံ့ရဲတော့။

"တစ်ခုတော့ရှိတယ်၊ ဟေသာက ကလေးဆန်တော့ ကလေး ကိုမုန့်ပေးကြိုက်ပေါ့ကိုကြီးရာ၊ မကောင်းဘူးလား၊ သူလိုသမျှတွေ ဖြည့်ဆည်းပေးပြီး သံယောဇဉ်တွယ်အောင်လုပ်ပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ငါသိပါတယ်ကွာ၊ ညည်းဘာမှဆရာမလုပ်နဲ့၊ ငါ့ဘာသာ စီစဉ်မယ်"

"အေးပါ. . တိုကြီးကျန်ရစ်ကြီးဖြစ်သွားမှာစိုးလို့၊ ဒီကစေတနာနဲ့"

တိုးတိုးပြောလိုက်မှပင် သူ့ရင်ထဲမှာ အချက်ပေးခေါင်းလောင်းသံတွေဆူညံလာသည်။ ဟုတ်တယ်. . သူကျန်ရစ်လို့တော့ မဖြစ်ပါ။ သူဘယ်နည်းနှင့်မှ ပေးသာ့ကိုမဆုံးရှုံးစေရဟုဆုံးဖြတ်လိုက်သည်။

BURMESE CLASSIC .com



တိုးတိတ်ချစ်ခြင်း
နှလုံးသားတွင်
မင်းကိုချစ်တယ်..။
နှလုံးသားထဲတွင်
မင်းသာအပိုင်စား
ကိုယ့်နှလုံးသား
မင်းသာသခင်
ကိုယ့်ဘဝတွင်
မင်းသိစေရန်
တို့တောင်းပန်
ခွင့်ပြုပါလှည့်
မင်းရဲ့အချစ်ကွယ်..။
ထာဝစဉ်မပျက်သုဉ်း
ရာသက်လုံး..။



www.burmeseclassic.com

www.burmeseclassic.com

အောင်မြင်ချမ်းသာဆိုသော လက်တွေ့သမားသူသည် ချစ်သူနှင့်တွေ့မှ စိတ်ကူးယဉ်တတ်လာပြီ။ ကဗျာတွေ၊ စာတွေရေးတတ်လာခဲ့ပြီ။ အချစ်က လူကိုပြောင်းလဲပစ်စေနိုင်ပါသလား။ သူကတော့ အချစ်ဖြင့်တွေဝေမိန်းမောတတ်ခဲ့ပြီ။ အမြဲတစေ ကလေးလိုရယ်မောနေသောမျက်နှာလေးကိုမြင်ယောင်မိတိုင်း သူမကို ဘယ်တော့မှပိုင်ဆိုင်ရမလဲဆိုပြီး သက်ပြင်းချတတ်စမြဲ။

သူမနှင့်တွေ့တိုင်း အရုပ်တစ်ရုပ်လို သူမစေခိုင်းသမျှ လုပ်ပေးမိစမြဲ။ သူမပျော်ရွှင်လျှင် သူကျေနပ်ရစမြဲ။ သူ့ကိုကြည့်ပြီး တိုးတိုးကတောင် အားမလိုအားမရဖြစ်နေသည်။

“ကိုကြီးဟာက ဇာတ်မျောကြီးပါ၊ ဖွင့်ပြောလိုက်စမ်းပါ”





တိုးတိုးက ဒီနေ့ညနေတောင်ပြောသွားသေးသည်။ သူလည်း ဟေသာ့ကိုဖုန်းဆက်ချိန်းပြီး တစ်နေရာရာမှာဖွင့်ပြောဖို့ ဆုံးဖြတ်ပြီး ညနေကတည်းက ဖုန်းတကိုင်ကိုင်နှင့်။ အခုတော့ ညခုနစ်နာရီတိတိ ရှိနေချေပြီ။

သူ့ရင်ထဲ၊ အသည်းထဲကပါအလွတ်ရနေသောဖုန်းနံပါတ် တစ်ခုကိုနှိပ်လိုက်သည်။ ခဏကြာတော့ ဟေသာကိုယ်တိုင်ဖုန်းလာကိုင်သည်။

“ဟယ်လို. . ဟေသာလား၊ ကိုကြီးပါ”

“ကိုကြီးကလည်း ဘာကိစ္စလဲကွာ၊ ဒီမှာ ကိုရီးယားကားကောင်းနေတာကို”

ဆူဆူဆောင့်ဆောင့်ဒီအသံလေးကိုလည်း သူချစ်ပါသည်။

“အေးပါကွာ. . ကိုကြီး မနက်ဖြန်ကလေးကိုပြောစရာရှိလို့ ဒီနေ့ကြိုချိန်းတာ”

“အဲဒါများ မနက်ဖြန်မှဆက်တာမဟုတ်ဘူး၊ အရေးတကြီး”

“အရေးကြီးလို့ပေါ့ကွာ”

ကိုကြီးရဲ့တစ်ဘဝလုံးစာပါဟု စိတ်ထဲမှပြောလိုက်သည်။

“အရေးကြီးရင်လည်း မနက်ဖြန်မှပြောတော့၊ မနက်ဖြန်လာခါနီးဖုန်းဆက်လိုက်. . ဒါပဲ”



www.burmeseclassic.com

www.burmeseclassic.com

သူ့ကိုအမိန့်တွေပေးပြီးဖုန်းချသွားလည်း သူကျေနပ်ကြည်နူးရပါသည်။ အချစ်ဆိုတာ ဒီလိုပဲလား။ သူ့ရင်တွေမခုန်စဖူး လှိုက်လှိုက်လှဲလှဲ။

ချစ်တယ်ကလေးရယ်. . ။

"သား"

မေမေ့ခေါ်သံကြောင့် သူ့အတွေးလှလှလေးတွေပျက်ကုန်သည်။

"ဗျာ. . မေမေ"

"မင်းဖေဖေခေါ်နေတယ်"

သူကလာမည်ဟုပြောလိုက်တော့ မေမေပြန်ထွက်သွားသည်။ ဖေဖေက ကုမ္ပဏီကိစ္စပဲပြောမည်ဟု သူထင်မိသည်။ ကုမ္ပဏီကိစ္စကို သူလုပ်ပါ့မည်ဟု ဖေဖေ့ကိုကတိပေးထားပြီး အချစ်ကိစ္စနှင့်အားလုံးကိုမေ့လျော့နေသည်မဟုတ်ပါလား။ အောင်မြင်ချမ်းသာ သူ့အပြစ်သူမြင်လာသည်။

သူအောက်ထပ်ရောက်တော့ ဖေဖေကစောင့်နေသည်။

"ထိုင်လေသား"

သူက ဆိုဖာပေါ်တွင်ဝင်ထိုင်လိုက်သည်။

"သား အခုတလောဘာတွေအလုပ်ရှုပ်နေလဲမသိ အပြင်ပဲ





ထွက်နေလို့ ဖေဖေမပြောသေးတာ၊ အခုတော့ အေးအေးဆေးဆေး ပြောလို့ရပြီ၊ ဒီလိုသားရဲ့. . "

သူထင်သည့်အတိုင်းပင် ဖေဖေက ကုမ္ပဏီကိစ္စပြောသည်။ ဖေဖေက သူ့ကုမ္ပဏီမှာ အကျဘက်သို့ရောက်နေပြီဖြစ်ကြောင်း၊ သူ့ကို အမြန်ဆုံးလွှဲပေးချင်ကြောင်းတွေပြောပြသည်။

"အဲဒါ သားသဘောတရော. . "

ဖေဖေ့ပုံစံက ကုမ္ပဏီကို ဆက်တောင်မလုပ်ချင်တော့သည့်ပုံစံမို့ သူမဖြစ်မနေလုပ်ရမည်ဆိုတာကို အောင်မြင်ချမ်းသာရိပ်မိလိုက်သည်။ သူဟာ အလုပ်ကိုအလေးမထားသောလူတစ်ယောက်ဖြစ်နေပြီလားဟု ပထမဆုံးအကြိမ် သူ့ကိုယ်သူသံသယဝင်မိသည်။ သူချက်ချင်းဆုံးဖြတ်လိုက်သည်။

"ဟုတ်ကဲ့ဖေဖေ၊ သားလုပ်မှာပါ၊ ကုမ္ပဏီအခြေအနေကို အရင်လေ့လာပါရစေဦး"

"ဒါဆို သားမနက်ဖြန် ကုမ္ပဏီကို ဖေဖေနဲ့လိုက်ခဲ့ပေါ့"

"ဖေဖေ. . ဟို. . "

သူငြင်းပယ်မည်လုပ်ပြီးကာမှ သူသိပ်လွန်သွားမလားဟု တွေးမိ၍ ဆက်မပြောဘဲနေလိုက်သည်။

"ဘာလဲသားရဲ့"



www.burmeseclassic.com

www.burmeseclassic.com



“လိုက်ခဲ့ပါ့မယ်ဖေဖေ၊ သားစိတ်ဝင်စားပါတယ်”

သူ ဖေဖေနှင့်ခဏစကားပြောပြီး အိမ်ပေါ်ထပ်သို့ပြန်တက်ခဲ့သည်။ ဘယ်လိုပဲဖြစ်ဖြစ်လေ မနက်ဖြန်တော့ ဟေသာ့ကိုဖွင့်ပြောဖြစ်အောင်ပြောရမှာပဲဟု ဆုံးဖြတ်လိုက်သည်။

ဖေဖေ့အလုပ်တွေကိုလည်း သူသေချာပြန်လည်ကြီးကြပ်ပေးရမည်ဟု တွေးလိုက်သည်။

ညသည် အတွေးတို့၊ အိပ်မက်တို့နှင့် ဘယ်လိုကုန်ဆုံးသွားမှန်းမသိချေ။

နံနက်လင်းသော် ဖေဖေက သူနှင့် ကုမ္ပဏီအတူသွားရန် အသင့်ဖြစ်နေပြီ။

တစ်နေ့လုံး ကုမ္ပဏီအလုပ်ထဲ စိတ်ကိုနှစ်ပြီးလုပ်နေလည်း သူ့စိတ်က ဟေသာ့ဆီရောက်ရောက်သွားသည်။ ဖုန်းဆက်ဖို့တွေးမိတာလည်း အကြိမ်ကြိမ်။ သို့ပေမယ့်မဆက်ဖြစ်။ ဖုန်းဆက်လို့ သူ့ကိုလာခဲ့ဖို့ခေါ်လျှင် သူမသွားနိုင်လျှင် မချောလေးကစိတ်ကောက်ဦးမည်လေ။ ညနေမှပဲ သူမဆီသွားမည်။

နေ့ခင်းထမင်းစားဖို့ ရုံးဘေးကထမင်းဆိုင်သို့ထွက်ခဲ့သည်။ ထိုစဉ်မှာပင် သူ့ဘေးမှ ဆိုင်ကယ်တစ်စီးကပ်ဖြတ်သွားသည်။

“ဟင်. .”





သူ့အရမ်းရင်းနှီးနေသည့်နောက်ကျောလေးတစ်ခု။ သူမပါလား။ ရှေ့ကကောင်လေးတစ်ယောက်။

အောင်မြင်ချမ်းသာ သွေးတွေပွက်ပွက်ဆူလာသလိုခံစားရသည်။

“တောက်”

သူ့အံကိုတင်းတင်းကြိတ်ပြီး နောက်ပြန်လှည့်ကာ ကုမ္ပဏီရှေ့တွင်ရပ်ထားသောသူ့ကားကို တရှိန်ထိုးမောင်းထွက်လာခဲ့သည်။

ထိုဆိုင်ကယ်နောက်သို့ တရကြမ်းလိုက်ခဲ့သည်။ ဆိုင်ကယ်ကလည်း အရမ်းမောင်းသည်။ နောက်ဆုံးမှာတော့ ကားရှင်းသည့်လမ်းပေါ်မှာ သူက ဆိုင်ကယ်ကို ကန့်လန့်ဖြတ်ပိတ်ရပ်လိုက်သည်။ ပြီးတော့ ကားပေါ်မှ ဒေါသတကြီးဆင်းလိုက်သည်။

ဆိုင်ကယ်ပေါ်ကကောင်ကလည်း ဆိုင်ကယ်ဦးထုပ်ချွတ် ၍ ဆိုင်ကယ်ပေါ်မှဆင်းသည်။ ဟေသာက သူ့ကိုမြင်သွားသည်။

“ကိုကြီး”

သူက ဟေသာ့ကိုမြင်မှ ပို၍ဒေါသဖြစ်သွားပြီး ဟေသာ့လက်ကိုဆောင့်ဆွဲလိုက်သည်။

“ဟေ့လူ. . ဒါဘာလုပ်တာလဲ”

ဆိုင်ကယ်မင်းသားကလည်းမခေ။ သူ့လက်ကိုဖမ်းဆုပ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။ သူက ထိုကောင်ရဲ့လက်ကိုပုတ်ချ၍ ဟေသာ့ကို သူ့ဘက်အရဆွဲခေါ်လိုက်သည်။

"ခင်ဗျားဘာလုပ်တာလဲ"

"မင်းကို အဲဒီမေးခွန်း ငါကမေးရမှာ၊ မင်းကို ငါရှင်းရှင်းပဲပြောမယ်၊ ဟေသာနဲ့ နောက်ဘယ်တော့မှမပတ်သက်နဲ့"

"ဘာဗျ"

"တိုကြီး"

ဟေသာက သူ့လက်ကိုအတင်းလာဆွဲသည်။

"ကိုကြီးလွန်နေပြီနော်၊ ဟေသာ့သူငယ်ချင်းကို ဘယ်လိုဆက်ဆံတာလဲ"

"သူငယ်ချင်း. . ဟုတ်လား"

သူ့ရင်ထဲမှာ ဆတ်ဆတ်ခါနာသွားသည်။

"မင်းကွာ"

"ကိုကြီးက လုံးဝမမိုက်ဘူး"

သူ့ကို ဟေသာကရန်တွေ့တော့မည့်ဆဲဆဲတွင် တစ်ဖက်လူက. . .

"ဟေသာ. . ကိုယ်နဲ့ပြန်လိုက်မှာလား၊ မလိုက်ဘူးလား တစ်ခွန်းပဲပြော၊ ကိုယ်စိတ်မရှည်တော့ဘူး"





"လိုက်မယ်"

ဟေသာ့ပါးစပ်မှထွက်သောစကားကြောင့် သူ့ဒေါသမီးတောက် အမြင့်ဆုံးသို့ရောက်ရှိသွားသည်။

"မင်းလိုက်သွားရင်လိုက်သွားကြည့်ဟေသာမြင့်မြတ်၊ မင်းရော ငါရော ဟိုကောင်ပါ သုံးလောင်းပြိုင်ပဲမှတ်၊ ငါမလုပ်ရဲဘူးထင်နေလား"

သူ့ကို ဟေသာက မီးဝင်းဝင်းတောက်မျက်ဝန်းများဖြင့် လှမ်းကြည့်သည်။

"ဒီမှာ. . ရှင်ကဘာမို့လဲ"

"မင်းအပိုပြောမနေနဲ့၊ ဒီကောင်နဲ့လိုက်သွားကြည့်စမ်း"

ဟေသာက သူ့ကိုစိုက်ကြည့်ပြီး. . .

"ကောင်းပြီ"

ဟေသာက ဆိုင်ကယ်သမားဘက်သို့လှည့်၍. . .

"ကိုဇော်. . ယူဘာသာပဲသွားတော့၊ တို့ဒီမှာပြဿနာရှင်းလိုက်ဦးမယ်"

"ကောင်းပြီလေ၊ ဒီတစ်ခါတော့ ဟေသာပါလို့ ကိုယ်စိတ်လျှော့လိုက်မယ်၊ နောက်တစ်ခါဆိုရင်တော့ ခင်ဗျား. . ."



www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုလက်ညှိုးထိုးသွားသော ဆိုင်ကယ်သမားကိုကြည့်ကာ ဒေါသကိုမနည်းမျိုချရသည်။

"တောက်"

ဆိုင်ကယ်သမားထွက်သွားတော့ ဟေသာက သူ့ဘက်လှည့်လာသည်။

"ရှင်နဲ့ကျွန်မက ဘာမို့လို့ ကျွန်မကိုပြဿနာရှာရတာလဲ ကိုအောင်မြင်ချမ်းသာ"

သူ့ကို ခါးထောက်၍ရန်တွေ့လေသည်။ သူက ဘာမှပြန်မပြော။ သူမကျန်ရစ်ခဲ့တာကိုပဲ သူ့ကျေနပ်လှပြီဖြစ်သည်။

"ပြောလေ. . ရှင့်ကိုသိပ်မုန်းတယ်၊ ရှင် ကျွန်မကို ဒီလိုပုံစံမျိုးနဲ့ နောက်ဘယ်တော့မှမဆက်ဆံနဲ့"

ဟေသာက ပြောပြီးလှည့်အထွက်မှာ ဟေသာ့လက်ကို သူလှမ်းဆွဲလိုက်သည်။

"ကိုကြီးကိုထားမသွားပါနဲ့ကလေးရယ်၊ မင်းကို ကိုကြီးအရမ်းချစ်တယ်၊ တကယ်ချစ်တာပါကွာ၊ ကိုကြီး မင်းကိုလက်ထပ်မယ်"

"ဘာ"

ဟေသာက ဒေါသမျက်နှာဖြင့် သူ့ဘက်သို့လှည့်လာသည်။

"ချစ်တယ်ပေါ့. . ဟုတ်လား"





ဟေသာ့ညာလက်တစ်ဖက်က လေထဲမြှောက်တက်လာသည်။

"ကဲ. . ချစ်ဦး. . ချစ်ဦး"

"ဖြန်း. . ဖြန်း"

သူ့ပါးနှစ်ဘက်လုံး ထူပူသွားသည်။

"ရှင့်ကိုသိပ်မုန်းတယ်"

ဟေသာကအော်ကာ သူ့လက်ကိုဆောင့်ရုန်း၍ ထွက်ပြေးသွားသည်။ သူလည်း ရုတ်တရက်မို့ ထူပူကြောင်အသွားသည်။ နောက်မှသတိရပြီး. . .

"ဟေသာ. . ဟေသာ"

သူ ဟေသာ့နောက်မှ အပြေးလိုက်မိသည်။ ဟေသာကလည်းဖွတ်အပြေး။ တစ်ဖက်မှကားကြီးအလာ. . ။

"ဟေသာ"

သူ ဟေသာ့ကိုယ်လေးကိုဆွဲဖက်၍ လှိမ့်ချလိုက်သည်။

"ကျွိ"

ကားဘရိတ်အုပ်သံနှင့်အတူ သူ့ခေါင်းက တစ်စုံတစ်ရာနှင့်ရိုက်မိပြီး လောကကြီးနှင့် ခေတ္တအဆက်အသွယ်ပြတ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဟေသာ. . ဟေသာ"

သူ ဟေသာ့အမည်ကိုစိုးရိမ်စွာတပြီး မျက်လုံးဖွင့်ကြည့်လိုက်တော့ စိုးရိမ်တကြီးသူ့ကိုဝိုင်းကြည့်နေကြသော ဖေဖေ၊ မေမေတို့ကို တွေ့ရသည်။

"သား. . သတိရပြီလား"

"မေမေ. . ဟေသာရော၊ သူဘာမှမဖြစ်ဘူးမဟုတ်လား"

"မဖြစ်ပါဘူးသားရယ်၊ ဟိုဘက်အခန်းမှာရှိတယ်"

မေမေက အဲလိုပြောပေမယ့် သူနည်းနည်းလေးမှမယုံချေ။ ဟေသာတစ်ခုခုဖြစ်သွားရင်. . .။

"သားသွားကြည့်လိုက်ဦးမယ်"





အောင်မြင်ချမ်းသာ အိပ်ရာပေါ်မှအတင်းကျုံးထတော့ မေမေကတားသည်။

"အို. . သားကလည်း အခုမှသတိရတယ်၊ အခုပဲထ ထပ်မူးလဲနေမှဖြင့်"

"ကျွန်တော်ကအရေးမကြီးဘူးမေမေ၊ ဟေသာကအရေးကြီးတယ်"

မေမေနှင့် ဖေဖေက တစ်ယောက်မျက်နှာတစ်ယောက်ကြည့်တာကြောင့် သူ့ပို၍ရင်ထိတ်သွားရသည်။

"ဟေသာ. . ဟေသာ. . ဘာမှမဖြစ်ဘူးမဟုတ်လားမေမေ၊ သားသွားကြည့်မယ်"

"တဲ. . ကဲ. . ဒီလောက်တောင်သွားချင်နေရင်လည်း မင်းသားကို ဝှီးချဲလ်နဲ့သာခေါ်သွားတော့"

ဖေဖေကပြောပြီး အခန်းပြင်ထွက်သွားသည်။

"သားသွားနိုင်ပါတယ်"

သူက ဝှီးချဲလ်ကိုမစီးဘဲတွန်းလိုက်တော့. . .

"သားကနေကောင်းပြီးကာစ အားမရှိမှာစိုးလို့"

"ကျွန်တော်ယောက်ျားပါမေမေ"

မေမေ့ကိုပြောပြီး ဘေးအခန်းသို့ထွက်ခဲ့သည်။ သူ့မှာ



www.burmeseclassic.com

www.burmeseclassic.com



ဟေသာ့ကိုစိတ်ပူလွန်း၍ အသက်တောင်ထွက်သွားနိုင်သည်။ ဟေသာတစ်ခုခုဖြစ်ရင် သူ့ကြောင့်ဟု တစ်ထစ်ချယုံကြည်ထားသည်။

"ဟေသာ"

ဟေသာ့အခန်းတံခါးကိုဆွဲဖွင့်လိုက်တော့ အခန်းထဲမှာရှိသောလူတွေအကုန်လုံးက လှမ်းကြည့်သည်။ ဟေသာကတော့ ဆရာဝန်မလေးနှင့်စကားပြောနေတာကိုတွေ့မှ သူ့ရင်ထဲကအလုံးကြီးကျသွားသည်။

"ဟေသာ. . ဘာမှမဖြစ်ဘူးနော်"

"ရှင် ဒီအခန်းထဲကိုဘာလို့ဝင်လာတာလဲ၊ ရှင့်မျက်နှာမကြည့်ချင်ဘူး. . ထွက်သွား"

ဟေသာက သူ့ကိုမြင်တာနှင့် သရဲတစ္ဆေမြင်ရသလို မောင်းထုတ်သည်။ ဟေသာ့မိခင်ဖြစ်ဟန်တူသောအမျိုးသမီးကြီးက ဝင်ဟန့်သည်။

"အို. . သမီးရယ်၊ အားနာစရာ"

"အားနာစရာမလိုဘူးမေမေ၊ သူ့ကြောင့် သမီးဒီလိုဖြစ်တာကိုအောင်မြင်ချမ်းသာ. . ရှင် ဒီအခန်းထဲကထွက်သွားပါ"

လူတွေအများကြီးကြားထဲမှာမို့ သူနည်းနည်းရှက်သွားသည်။





"ကောင်းပါပြီ. . သွားမှာပါ၊ ဟေသာဘာမှမဖြစ်တာမြင်ရရင်ပဲ ကိုယ်ကျေနပ်ပြီ၊ ကိုယ်သွားမယ်"

သူက ဟေသာ့အခန်းထဲမှ စိတ်မကောင်းဖြစ်စွာထွက်ခဲ့သည်။ ဖေဖေက သူ့ပခုံးကို ခပ်ဖွဖွဖက်ပြီးနှစ်သိမ့်သည်။

"နောက်တော့စိတ်ပြေသွားမှာပေါ့သားရယ်"

သူဘာမှပြန်မပြောမိ။ ဟေသာ သူ့ကိုစိတ်ပြေအောင်ဘယ်လိုလုပ်ရမလဲဆိုတာကိုပဲ တွေးမိနေတော့သည်။ ဟေသာ ဘာမှမဖြစ်တာကိုမြင်ရလျှင်ပဲ သူစိတ်သက်သာရာရပါသည်။

ထိုအဖြစ်အပျက်အဆုံး၌ သူ့မိသားစုနှင့် ဟေသာတို့မိသားစု အရမ်းရင်းနှီးသွားခြင်းသာဖြစ်သည်။ ဟေသာတို့မိသားစုကလည်း သူနှင့် ဟေသာကိုချစ်သူတွေဟုထင်နေပုံရသည်။ သူက ဟေသာ့မိဘနှစ်ပါးကိုတောင်းပန်မိသည်။

"ကျွန်တော့်အပြစ်ပါဗျာ၊ ကျွန်တော့်ကို ဟေသာစိတ်ကောက်သွားပြီး အခုလိုတွေဖြစ်ရတာပါ"

"မဆိုင်ပါဘူးကွယ်၊ အန်တီ့သမီးအကြောင်း အန်တီသိပါတယ်၊ သူက ထစ်ခနဲဆိုစိတ်ဆိုးစိတ်ကောက်ပြီး အခုလိုလုပ်နေကျ၊ တစ်အိမ်လုံးကလည်း သူ့ကိုဝိုင်းအလိုလိုက်ထားကြတာလေ၊ ကဲ. .

ရွှေကြား စာပေ

www.burmeseclassic.com

www.burmeseclassic.com

ကဲ. . သား ဟေသာ့ကိုကြည့်မလို့မဟုတ်လား၊ ဝင်ကြည့်လေ၊ အိပ်ပျော်နေတယ်ထင်တယ်"

အိပ်ပျော်နေသည်ဆိုတော့မှ သူဝင်ရဲသည်။ သူမနိုးနေသည့်အချိန်ဆို သူ့ကိုအော်ထုတ်ပစ်မှာစိုးလို့ပါ။

ဆေးရုံကုတင်ပေါ်တွင် ပက်လက်တလေးအိပ်ပျော်နေသောဟေသာသည် တကယ့်ကလေးငယ်တစ်ဦးပမာ အပြစ်ကင်းစင်လှသည်ဟုသူထင်မိသည်။

သူ့စိတ်ထဲမှာ လှိုက်လှဲ့ရင်ခုန်စွာခံစားရသည်။ ပိုင်ဆိုင်ချင်လှပြီကလေးရယ်၊ ဟေသာက အရုပ်မလေးတစ်ရုပ်ဖြစ်လျှင်တော့ သူချက်ချင်းကိုဝယ်မိမှာဟုတွေးလိုက်မိသည်။ အခုတော့ ဟေသာက အရုပ်မလေးမဟုတ်။ ရန်တွေ့တတ်သောကောင်မလေးသာဖြစ်သည်။

သူ ဟေသာ့လက်ကလေးကို အသာဆုပ်ကိုင်ပြီး သူ့ပါးနှင့်ကပ်ထားလိုက်သည်။

"ဟေသာရယ်. . ကိုယ် မင်းကိုအရမ်းချစ်တယ်ကွာ၊ ကိုယ်ပိုင်ဆိုင်ချင်ပြီ"

ဟေသာ့ကိုချစ်မြတ်နိုးစွာ တီးတိုးပြောလိုက်သည်။ ထိုစဉ်မှာပင် မှေးစင်းထားသောမျက်တောင်လေးနှစ်ခုမှာပွင့်လာပြီး. . .





"ဟင်. . ရှင်. . ရှင်. . ဘာလုပ်တာလဲ၊ အခုထွက်သွား"

ဟေသာက လက်ကိုဆောင့်ရုန်း၍ထွက်သွားခိုင်းသည်။ သူကတော့ ဟေသာ့ကိုအပြုံးမပျက်ကြည့်နေမိဆဲ။

"ထွက်သွားလေ. . ပြောနေတာကို"

"ကိုယ့်ကို ဘာလို့ဒီလောက်မုန်းသွားရတာလဲဟေသာ၊ ကိုယ် ဟေသာမကြိုက်တာ ဘာလုပ်မိလို့လဲ"

"ဒါကတော့ ရှင့်ကိုယ်ရှင်သိမှာပေါ့၊ ထွက်သွားပါ၊ မေမေ. . "

ဟေသာက သူ့ကိုအတင်းနှင်ထုတ်နေတာကြောင့် သူစိတ်လျှော့လိုက်ပြီး. . .

"ထွက်သွားပါ့မယ်ကွာ၊ ဒါပေမယ့် တစ်ခုတော့မှတ်ထားလိုက်ဟေသာ၊ အောင်မြင့်ချမ်းသာဆိုတဲ့ကိုယ်ဟာ တစ်ခုခုကိုလိုချင်လာပြီဆိုရင် ရအောင်ယူတတ်တယ်ဆိုတာပဲ"

ဟေသာက သူ့ကို မီးဝင်းဝင်းတောက်မျက်လုံးများဖြင့်ကြည့်ပြီး. . .

"ရှင့်ကိုမုန်းတယ်၊ ကျွန်မကို ရှင်ဘယ်တော့မှမရစေရဘူး. . မှတ်ထား၊ မေမေ. . မေမေရေ"

သူလည်းစိတ်လျှော့ပြီး ဟေသာ့အခန်းထဲမှထွက်ခဲ့သည်။ ဟေသာဆေးရုံကဆင်းတော့လည်း သူကဟန်မပျက် ခပ်

www.burmeseclassic.com

www.burmeseclassic.com



တည်တည်ပင်လိုက်ပို့ခဲ့သည်။ လူကြီးတွေရှေ့မှာမို့ ဟေသာက ဘာမှ မပြောပေမယ့် သူ့ကိုလုံးဝကျေနပ်ပုံမရ။ အရေးလည်းမစိုက်။ စကား လည်းမပြောချေ။

ဟေသာ့မိဘနှစ်ပါးကတော့ သူ့အပေါ် အတိုင်းထက်အလွန် သဘောကောင်းဖော်ရွေနေသည်။

သူ့ဖေဖေပါပါတာကြောင့် ဟေသာတို့အိမ်မှာ စီးပွားရေး ကိစ္စတွေပြောပြီး အကြာကြီးနေနေသည်။ သူကလည်း ထိုအခြေအနေ ကို သဘောကျမိသည်။

ဟေသာကတော့ ရောက်ကတည်းက အိမ်ထဲဝင်သွားတာ လုံးဝပြန်ထွက်မလာတော့ချေ။ ဖေဖေက သူ့ကိုစကားဝိုင်းထဲဆွဲသွင်း သည်။

“နောက်ဆို ကုမ္ပဏီကို သားပဲဆက်လုပ်မှာလေ၊ အခုတည်း ကလွှဲနေပြီ၊ ကုမ္ပဏီက အခုကျနေတော့ အရင်းအနှီးထပ်စိုက်ထည့် ပြီးပြန်လုပ်ရမှာဗျ”

“ဟာ. . ဟုတ်လား၊ ရှယ်ယာခေါ် ရင် ကျွန်တော့်လည်းပြော နော်၊ ကျွန်တော်ရှယ်ယာထည့်ဖို့ စိတ်ဝင်စားတယ်”

ဟေသာ့အဖေကြီးက အားတက်သရောပြောသည်။

“စိတ်ချပါ၊ ဦးမြင့်မြတ်တို့နဲ့က ပြောဖို့လူတွေမှမဟုတ်တာ”





ဖေဖေကလည်း ဟေသာ့ဖေဖေဦးမြင့်မြတ်နှင့် အတော် အဆင်ပြေနေသည်။ အမိကက မင်းနဲ့ကိုယ်အဆင်ပြေဖို့ပဲလိုတော့ တယ်ကွာ။

“မောင်အောင်မြင်ကတော့ သမီးကိုခွင့်လွှတ်ကွာ၊ အိမ်မှာ က တစ်ဦးတည်းသောသမီးလေးဆိုတော့ အလိုလိုက်ထားတော့ နည်း နည်းဆိုးတယ်ကွယ့်”

“ဟုတ်ကဲ့. . ကျွန်တော်နားလည်ပါတယ်”

ဟေသာ့ဖေဖေနှင့် အတော်ကြာစကားပြောပြီးမှ သူတို့ မိသားစုသုံးဦးပြန်ခဲ့သည်။

လမ်းတွင် ဖေဖေက သူ့ကိုမေးသည်။

“သား. . ဟေသာ့ကိုစိတ်ဝင်စားနေတာလား”

“ဟုတ်ကဲ့ဖေဖေ၊ ဒါပေမယ့်သူက. . ”

“ဖေဖေသဘောပေါက်ပါတယ်သား၊ သားတို့အခြေအနေကို ဒါကြောင့် ဖေဖေက ဦးမြင့်မြတ်ကိုချုပ်နေတာ”

ဖေဖေက သူထင်ထားတာထက်ပို၍ပါးနပ်နေသည်။ မေမေ ကတော့ သဘောကျဟန်မတူချေ။

“အို. . အဖေကြီးကလည်း၊ ကလေးတွေကိစ္စ ဘာလို့ဝင်ပါ တာလဲ၊ သူတို့ဇာတ်လမ်း သူတို့ဘာသာဆက်ပါစေရှင်”



www.burmeseclassic.com

www.burmeseclassic.com

"မင်းသားကအဖြစ်မရှိလို့ ငါကဝင်တူရတာပေါ့ကွ၊ သူတို့အိမ်မှာက ဦးမြင့်မြတ်ကအဓိကပဲသားရဲ့"

ဖေဖေ့စကားကြောင့် အောင်မြင်ချမ်းသာပြုံးလိုက်မိသည်။ သူ့အဖြစ်က အရပ်ကူပါ လူဝိုင်းပါအဖြစ်မျိုးဖြစ်နေပြီလားဟု တွေးလိုက်မိတော့သည်။

"ဖေဖေ့စိတ်ကူးကတော့ ဦးမြင့်မြတ်ကို ဖေဖေတို့စီးပွားရေးလုပ်ငန်းထဲထည့်မယ်၊ ပြီးရင် သူ့ကိုအပိုင်ပေါင်းမယ်"

သူကဘာမှမပြောမိ။ ဟေသာ့ကိုရဖို့အတွက်ဆို လုပ်သင့်ရင်လည်း လုပ်ရမှာပဲဟုတွေးမိသည်။ မေမေကတော့ လုံးဝမထောက် ခံသည့်အပြင် ဝင်ကန့်ကွက်သည်။

"ကျွန်မကတော့ ရှင့်အစီအစဉ်ကို လုံးဝသဘောမကျဘူး ကိုချမ်းသာ၊ ဒီခေတ်ကြီးမှာ သမီးကိုလိုချင်လို့ အဖေကိုအကြွေးတွေပေးပြီးသိမ်းလို့ရတဲ့ခေတ်မဟုတ်ဘူးနော်၊ ကောင်မလေးပုံစံလေးကိုလည်းကြည့်ဦး၊ သူလုပ်ချင်ရာဇွတ်တရွတ်လုပ်မယ့်ပုံလေး၊ ငယ်ကလည်းငယ်သေးတယ်"

မေမေထောက်ပြမှ ထိုအချက်ကို သူပြန်လည်သတိထားမိသည်။ ဟုတ်ပါတသည်။ သူတို့သားအဖက ဦးမြင့်မြတ်ကို ဘယ်လောက်ပဲပိုင်ပါစေ။ ဟေသာက သူ့မအသက်နှင့်ခြိမ်းခြောက်လာလျှင် သူဘယ်လိုမှတတ်နိုင်မည်မဟုတ်ချေ။





"ဟုတ်တဲ့ပါမေမေ၊ ကျွန်တော့်ဘာသာကျွန်တော်လည်း ကြိုးစားမှာပါ၊ ဒါပေမယ့် ဖေဖေတို့လူကြီးချင်းရင်းနှီးထားတော့ ပိုကောင်းတာပေါ့"

"အေးကွာ. . ဖေဖေကတော့ မင်းစိတ်ချမ်းသာတာပဲမြင်ချင်ပါတယ်၊ ဟော့ကောင်. . ကုမ္ပဏီကိစ္စတွေလည်းလုပ်ဖို့စဉ်းစားထားဦး. . ကြားလား"

ဖေဖေ့ကိုခေါင်းညိတ်ပြလိုက်သည်။ မိန်းကလေးရေ. . မင်းကိုပိုင်ဆိုင်ချင်လွန်းလို့ ကိုယ်ရူးတော့မယ်ထင်ပါရဲ့။



www.burmeseclassic.com

www.burmeseclassic.com



ဒီကြားထဲမှာ ကျေးဇူးရှင်မတိုးတိုးကိုခေါ်ပြီး ပဟေသာ့ကို ချော့ခိုင်းရသည်။

"လုပ် . . တိုးတိုးရာ၊ ပဟေသာ့ကိုချော့ပေးစမ်းပါဟာ၊ ငါ နင် လိုချင်တာဝယ်ပေးပါ့မယ်"

"တကယ်နော်"

"အေးပါဟာ . . သူ ငါ့ကိုပြန်မကြိုက်ရင်နေ၊ အရင်အတိုင်း ခင်ခင်မင်မင်နေပြီး ငါ့အပေါ် ဆိုးနေရင်တော်ပြီ"

အောင်မြင်ချမ်းသာက တိုးတိုးကိုမနည်းပြောပြီး ပဟေသာ့ ကိုချော့ခိုင်းရသည်။ တိုးတိုးကလည်း သူလိုချင်တာအမျိုးမျိုးဝယ်ပေး မည်ဟုကတိပေးပြီးမှသွားသည်။





"အဆင်ပြေရင် ငါ့ဟန်းဖုန်းကိုဆက်လိုက်"

ကုမ္ပဏီမှာနေသည့်တစ်ချိန်လုံး သူဖုန်းတကိုင်ကိုင်လုပ်နေ တာကြောင့် လူတွေကတောင်မေးယူရသည်။ ထိုနေ့က တိုးတိုးဖုန်း မဆက်ချေ။ ပဟေသာကလည်း တော်တော်စိတ်ကောက်တတ်သည့် ကောင်မလေးတုတွေးမိသည်။ သူမစိတ်ကောက်တတ်လို့ သူကစိတ် မပျက်သည့်အပြင် ပိုပြီးချော့ချင်စိတ်တွေတောင်ပေါက်လာသည်။

နောက်နေ့မှ တိုးတိုးရောက်လာသည်။

"ကိုကြီးကို ပဟေသာ တော်တော်စိတ်တိုနေတာ၊ သူ့သူငယ် ချင်းကို မျက်နှာပျက်အောင်လုပ်တယ်ဆိုပြီး အဲဒီကိုယ်တော်က သူ့ သူငယ်ချင်းကိုကြီးရဲ့ ဘော်ဒါကတ္တာ၊ ကိုကြီးဟာလေ နိုင်ငံခြားမှာနေ ပြီး အတော့်ကိုခေတ်နောက်ကျတာပဲ"

သူ ဘာမှပြန်မပြောမိ။ အမှန်တကယ်က သူဘယ်လောက် ပဲနိုင်ငံခြားမှာနေသည်ဖြစ်စေ သူချစ်မိသည့်မိန်းကလေးဟာ သန့်ရှင်း စင်ကြယ်နေတာမျိုးမဟုတ်တောင် အခြားသူနှင့် ယခုလိုသွားလာ တာမျိုးတော့မကြိုက်ပါ။

သူသိပ်သဝန်တိုလွန်းနေပြီလားဟု အောင်မြင်ချမ်းသာတွေး မိသည်။

"ဘယ်လိုပဲဖြစ်ဖြစ်ဟာ၊ ပဟေသာကျေနပ်တဲ့အထိတော့ ငါတောင်းပန်မှာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုပြီးရော၊ မနက်ဖြန်မနက်ရှစ်နာရီ ရွှေတိဂုံဘုရားကို အရောက်လာခဲ့၊ ဟေသာ့ကိုခေါ်ခဲ့မယ်၊ အဲဒါပြီးရင်တော့ တိုးတိုးက လိုချင်တာရဦးမှာပေါ့. . ဟဲ. . ဟဲ"

"အဲဒါပြီးမှမဟုတ်ပါဘူး၊ အခု ငါ့ညီမလိုတာဝယ်သုံး. . ရော့"

အောင်မြင်ချမ်းသာ ပိုက်ဆံတစ်ထပ်ကိုထုတ်ပေးလိုက်သည်။ ဘယ်လောက်ပဲတုန်ပါစေ။ ဟေသာနှင့် သူပြန်လည်ပြေလည် ဖို့က အဓိကပဲမဟုတ်ပါလား။

နောက်တစ်နေ့နံနက်ရှစ်နာရီကိုသာ သူမှာရင်တခုန်ခုန်နှင့် စောင့်နေရုံသာရှိတော့သည်။ အလွန်မာနကြီးပြီး ဘယ်မိန်းကလေး ကိုမှ မိန်းမမထင်သောသူဟာ အခုတော့ မိန်းမတစ်ယောက်ဆီမှာ အောက်ကျို့ခံရပြီဖြစ်သည်။

နောက်နေ့မှာ ဟေသာပါလာပါစေဟုသာဆုတောင်းမိ သည်။ သို့သော် သူနှင့် တိုးတိုးကြိုချိန်းထားမှန်း ဟေသာကသိပုံမရ၊ သူ့ကိုမြင်တာနှင့် ဟေသာ့မျက်နှာလေးစူပုပ်သွားသည်။

"တိုးတိုးကလည်း စိတ်ညစ်ပါတယ်၊ စောစောစီးစီး ဘုရားမှာတွေ့ပြန်ပြီ၊ အကုသိုလ်တော့များတော့မှာပဲ"

ဟေသာက မကြားတကြားရေရွတ်တော့ ဒီဇာတ်လမ်းစိစဉ်





သူတိုးတိုးကပင် ကြားဝင်ရတော့သည်။ သူ့လက်ကိုအတင်းဆွဲ၍. .

"လာ. . ကိုကြီး"

"ဟာ. . တိုးတိုး၊ ဒီလူကိုဘာလို့ခေါ်တာလဲ"

တိုးတိုးကို ဟေသာကလှမ်းပြောပေမယ့် တိုးတိုးကဂရုမစိုက် ဘဲ သူ့ကိုသာ. . .

"ကိုကြီး. . ဘုရားမှာကတိပေးလိုက်လေ၊ ဟေသာ့ကို နောက် ဘယ်တော့မှ စိတ်ညစ်အောင်မလုပ်တော့ဘူးလို့"

ဟေသာက တိုးတိုး၏အစီအစဉ်ကို ဘာမှမသိ၍ မျက်လုံး ပြူးပြီးကြည့်နေမိသည်။

"ကန်တော့လေကိုကြီး၊ ဟေသာတလည်း ဘုရားမှာကျေ အေးလိုက်၊ ဘာပဲဖြစ်ဖြစ် ကိုကြီးက ဟေသာ့အသက်ကယ်ထားတဲ့ ကျေးဇူးရှိတယ်၊ ခွင့်လွှတ်လိုက်ဟုတ်ပြီလား"

တိုးတိုးက အသက်ကယ်ထားတဲ့ကျေးဇူးဟုပြောမှပင် ဟေ သာမျက်နှာကြောလျှော့သွားသည်။ အဲဒီနောက်မှာတော့ သူနှင့် ဟေသာ ပြေလည်သွားသည်။ ပြေလည်သွားတယ်ဆိုတာ ချစ်သူတွေ အဆင့်သို့ရောက်ခြင်းမဟုတ်သေးပါ။ အခုမှပြန်ခေါ်ရုံအဆင့်ပဲရှိသေး သည်။

"အဲဒါပဲနော်၊ ဟေသာ့ကိုထပ်ပြီးစိတ်ဆင်းရဲအောင်မလုပ်



www.burmeseclassic.com

www.burmeseclassic.com

နဲ့၊ လုပ်ရင် ဒီတစ်ခါလုံးဝကိုမခေါ်တော့ဘူး"

လက်ညှိုးလေးတစ်ချောင်းထောင်ထောင်ပြီးပြောသော ဟေသာ့ကိုလည်း သူချစ်မြတ်နိုးမိတာပင်။ အချစ်ဆိုတာ ဆန်းကြယ်သား။ သူမဘာလုပ်လုပ် သူ့အတွက်တော့ ကျေနပ်ကြည်နူးစရာတွေပင်ဖြစ်နေတော့သည်။

"အဲဒါပဲနော်၊ နင်တို့အဆင်ပြေသွားကြပြီဆိုရင် ငါ့ကိုလိုက်ကျွေး၊ မကျွေးရင်တော့. . ဟင်း. . ဟင်း. . ကိုကြီး"

တိုးတိုးက ပွစိပွစိလုပ်လာတာမို့ ဘုရားပေါ်မှဆင်းခဲ့ရသည်။

"လာပါကျေးဇူးရှင်မရယ်၊ ကျွန်တော်ကျွေးပါ့မယ်"

တိုးတိုးကို ကျေနပ်အောင်ကျွေးမွေးလိုက်ရသေးသည်။ ထိုနေ့က တိုးတိုးနှင့် ဟေသာသွားချင်တဲ့နေရာတွေကိုလိုက်ပို့၊ လိုချင်တာတွေလိုက်ဝယ်ပေးလုပ်ရသေးသည်။ ထိုနေ့က တစ်နေ့လုံးကိုကုန်တော့သည်။

ညရောက်တော့ ဖေဖေက သူ့ကိုဆူသည်။

"သား. . ဒီနေ့ကုမ္ပဏီမသွားဘဲနဲ့ ဘယ်တွေသွားနေတာလဲ၊ ကုမ္ပဏီကိစ္စတွေလုပ်မယ်ဆိုပြီး"

"ဟုတ်ကဲ့ပါဖေဖေ၊ လုပ်မှာပါ၊ ဟေသာကိုလိုက်ပို့နေရလို့ပါ"

"အေးပါကွာ၊ ပို့တာလည်းပို့ပေါ့၊ ဖေဖေနားလည်ပါတယ်၊





ဒါပေမယ့် သူ့အကန့်လေးနဲ့သူတော့ ခွဲထားပေါ့သားရယ်၊ အခုဆို ကုမ္ပဏီကိစ္စက ပိုပြီးအရေးကြီးလာပြီ၊ ဦးမြင့်မြတ်တို့ရှယ်ယာပါတော့မှာဆိုတော့ ကိုယ့်ကိုအထင်ကြီးအောင်လုပ်ပါနိုင်ရမယ်"

"ဟုတ်ကဲ့ပါဖေဖေ"

ဖေဖေပြောမှပင် သူကုမ္ပဏီကိစ္စနှင့် ဟေသာ့ဖေဖေ ဦးမြင့်မြတ်တို့၏အလုပ်ကိစ္စကိုပါ တွဲ၍တွေးမိသည်။

နောက်ရက်တွေမှာ ကုမ္ပဏီကိစ္စတွေကို ဖိဖိစီးစီးလုပ်ရပြန်သည်။ ဒီကြားထဲမှာ ဟေသာနှင့် တိုးတိုးကဖုန်းဆက်ခေါ်၍ သွားရပေါင်းလည်းမနည်းတော့ချေ။

ကုမ္ပဏီကလည်း သူကအခုမှရောက်ရောက်ချင်းဆိုတော့ နားလည်အောင် အတော်ကြိုးစားရသည်။ နောက်လရှယ်ယာရှင်ထပ်မံခေါ်သည့်အစည်းအဝေးမှာ သူကအသေအချာတင်ပြနိုင်မှဖြစ်မည်လေ။

တစ်နေ့ တိုးတိုးက သူ့ဆီဖုန်းဆက်သည်။

"ကိုကြီး. . ဟေသာ့ကိုဖွင့်မပြောသေးဘူးလား"

"ဟာ. . ဟိုတစ်ခါ သူနဲ့ပြဿနာတက်တုန်းကတော့ ပြောမိတယ်၊ အခုတော့ ငါထပ်မပြောရဲတော့ဘူး၊ ငါ့ကို သူထပ်ပြီးစိတ်ဆိုးသွားမှာစိုးရိမ်လို့"



www.burmeseclassic.com

www.burmeseclassic.com



သူကလည်း ဟေသာထပ်ပြီးစိတ်ဆိုးမှာကြောက်၍ ဘာကိုမှမပြောရဲ။ ဒီကိစ္စနှင့်ပတ်သက်ပြီး စကားကိုမစရဲတော့ချေ။

"ကိုကြီးတို့ကလည်းခက်တာပဲ၊ အဲဒါနဲ့ပဲ ကျန်ရစ်ဖြစ်မှာမြင်ယောင်သေးတယ်"

"ဟင်. . ဘာဖြစ်လို့လဲ"

သူဒီလိုတော့လည်း စိတ်ပူပြီးမေးလိုက်မိသည်။

"ဘာဖြစ်ရမှာလဲ၊ ဟေသာ့မှာက ယောက်ျားလေးသူငယ်ချင်းတွေကအများကြီး၊ တစ်ယောက်ယောက်နဲ့များငြိသွားရင်. ."

တိုးတိုးစကားကြောင့် သူ့ရင်တွေပူလာပြန်သည်။ စိတ်တွေပါမောလာရပြန်သည်။ မိန်းမတစ်ယောက်ကိုချစ်ရတာ ဒီလောက်တောင်ပဲစိတ်ပင်ပန်းသတဲ့လား။

"အေးဟာ. . ငါလည်းဖွင့်ပြောနိုင်အောင်ကြိုးစားမယ်၊ နင်ရော ဘယ်လိုထင်လဲတိုးတိုး"

"မသိဘူး၊ ကိုကြီးရဲ့ဟေသာ့စိတ်က ခန့်မှန်းရခက်တယ်၊ သူမှာ ယောက်ျားလေးသူငယ်ချင်းကလည်းခပ်များများရယ်၊ ကိုကြီးလည်း ဒီမိန်းကလေးကျမှ အသည်းအသန်ဘာလို့ဖြစ်နေရတာလဲ"

တိုးတိုးက သူ့ကိုအားမလိုအားမရဖြစ်ပြီးပြောလိုက်သည်။

"ကိုကြီးမှာ မိန်းမမရှားပါဘူး"





"အေးပါ. . တကယ်ချစ်တဲ့လူကရှားတယ်လေ၊ ဘာပဲဖြစ်ဖြစ်ပေါ့တိုးတိုးရယ်၊ ဟေသာ့ကိုတော့ စောင့်ရှောက်ပေးပါ၊ ရွှေလထဲမှာ ကုမ္ပဏီရှယ်ယာရှင်အသစ်အစည်းအဝေးကရှိတော့ ဟေသာ့အဖေလည်းပါမှာဆိုတော့ ဒီမှာအာရုံစိုက်နေရတယ်လေ"

သူက တိုးတိုးကိုရှင်းပြတော့ တိုးတိုးကသက်ပြင်းချ၍. . .

"ကိုကြီးကိုကတော့ လူကြီးတွေတသဘောကျမှာဝါ၊ ကိုကြီးမှာ ဘာလိုအပ်ချက်မှမရှိတာ၊ ဟေသာ့မေမေဆိုလည်း ကိုကြီးအကြောင်း ခဏခဏမေးတယ်"

"အေးပါဟာ. . ငါလည်း သူတို့အိမ်သွားရဦးမယ်၊ အန်တီနဲ့မတွေ့တာတောင်ကြာပြီ၊ ဒါပဲဟာ၊ ငါလုပ်စရာတွေရှိလို့ နောက်မှပဲဖုန်းထပ်ဆက်လိုက်မယ်"

အောင်မြင်ချမ်းသာဖုန်းချလိုက်ပြီး ဟေသာ့မေမေဆီသွားရန် သတိရလိုက်သည်။ ပြီးနောက် အလုပ်တွေထဲအာရုံရောက်သွားပြန်သည်။

ရှုံးဆင်းတော့ စူပါမားကတ်တစ်ခုသို့ဝင်ပြီး လူကြီးကြိုက်မုန့်တွေဝယ်ကာ ဟေသာတို့အိမ်ဘက်သို့ထွက်လာခဲ့သည်။ ဟေသာက အိမ်တွင်မရှိချေ။ ဟေသာ့မေမေက သူ့ကိုတိုင်သည်။

"မင်းညီမကတော့ မပြောချင်ပါဘူးကွယ်၊ တစ်နေကုန် သင်



www.burmeseclassic.com

www.burmeseclassic.com



တန်း သင်တန်းနဲ့ အပြင်ထွက်နေတော့တာပါပဲကွယ်၊ အန်တီတို့ ပြောရင်လည်း စိတ်ကောက်တယ်လေ"

"ဟုတ်ကဲ့အန်တီ၊ သူကကလေးစိတ်မို့ပါ"

"အေးပါကွယ်. . မင်းညီမကို မင်းပဲအလိုလိုက်တော့၊ ကဲ. . ကဲ. . အအေးလေးသုံးဆောင်ပါဦး"

အန်တီကတော့ သူ့ကို အတော်သဘောကျနေပုံရသည်၊ သူက ပါလာသည့်ပစ္စည်းတွေကိုသတိရပြီး. . .

"ဪ. . အန်တီ၊ ဒီပစ္စည်းလေးတွေလက်ခံပါခင်ဗျာ၊ အန်တီတို့ဆီမှာမလိုအပ်လည်း ကျွန်တော့်ရဲ့စေတနာပါ"

"မောင်အောင်မြင်ကတော့လုပ်ပြီ"

သူနှင့် အန်တီ အတော်ကြာစကားပြောဖြစ်သည်။ သူထ ပြန်လာသည်အထိ ဟေသာကတော့ ပြန်ရောက်မလာသေးချေ။

ဟေသာရယ်. . ။

အရာရာပြည့်စုံနေသောသူ့အတွက်တော့ ဟေသာသည် လိုအပ်ချက်တစ်ခုပင်။

"ဟေသာ့ကို ကိုကြီးပြောစရာရှိလို့"

ဟု ဖုန်းနှင့်ချိန်းကာ ဟေသာ့အိမ်သို့သွားခေါ်သည်။ ဟေသာက စူပုပ်ပုပ်မျက်နှာထားလေးနှင့်စောင့်နေသည်။

"ဘာတွေများ အရေးတကြီးပြောစရာရှိလို့လဲ၊ ဒီမှာ သူများ သင်တန်းတောင်ဖျက်လိုက်ရတယ်၊ တိုးတိုးရောမပါဘူးလား"

သူကပြုံးလျက် တွေ့တွေ့ခြင်းအပြစ်တင်စကားကို ဥပေက္ခာပြုရင်း အန်တီ့ကိုနှုတ်ဆက်ကာ. . .

"အန်တီ. . ကျွန်တော် ဟေသာ့ကို အပြင်ခဏခေါ်သွားမယ်နော်"

"ခေါ်သွားပါကွယ်၊ မင်းနဲ့ဆိုစိတ်ချတယ်"

www.burmeseclassic.com

အန်တီ့စကားကိုက သူ့ကိုရင်မောစေသည်။ သူနှင့်ဆို စိတ်ချတယ်ဆိုတော့ စိတ်မချရတဲ့လူတွေနဲ့လည်း ဟေသာကသွားလာနေသည်ပေါ့။ သူနှင့်ဟေသာ ချစ်သူတွေဖြစ်လျှင် ဟေသာ့ကို အတော်ပြုပြင်ယူရဦးမည်ဖြစ်သည်။

"လာလေဟေသာ. . သွားစို့"

သူက ဟေသာ့ကို ဂရုတစိုက်ခေါ်သော်လည်း ဟေသာက သူ့ကိုသိပ်အရေးမလုပ်သလိုပုံစံမျိုးနှင့် ကားပေါ်တက်ထိုင်သည်။ ခက်လိုက်တာကလေးမရယ်။ သူမှာတော့ ဟေသာ့ကိုကြည့်ပြီး သက်ပြင်းခပ်ဖွဖွချရုံမှလွဲ၍ မတတ်နိုင်ချေ။

ကန်ဘောင်ဘက်ရှိ ဆိုင်တစ်ဆိုင်သို့ခေါ်လာသည်။ သူက ဟေသာထိုင်သည့်ဘက်မှ ကားတံခါးကိုဖွင့်မပေးမချင်း ဟေသာက ဆင်းမလာချေ။

"ဟေသာ. . ကားပေါ်ကဆင်းလေ"

"ကိုကြီးမှ တံခါးလာမဖွင့်ပေးတာ၊ ဘယ်လိုဆင်းရမှာလဲလို့"

ဟေသာက သူ့ကို အဲလိုအနိုင်ကျင့်သောသူလည်းဖြစ်ပါသည်။ သူက ဟေသာ့ကားတံခါးနားသို့သွား၍ဖွင့်ပြီး. . .

"ဆင်းတော်မူပါဆရာမရယ်"

သူက အဲလိုလုပ်မှပင် ဟေသာကကျေနပ်သွားသည်။





"ကဲ. . လာ"

သူက သီးသန့်စားသောက်ခန်းထဲသို့ခေါ်သွားပြီး ဟေသာ့ကိုကြိုက်တာမှာခိုင်းသည်။

"ဟေသာကြိုက်တာတွေ ကိုကြီးသိသားပဲ"

"သိရမှာပေါ့ဟေသာရယ်"

သူကဆက်ပြောချင်ပေမယ့် မပြောသေးဘဲ ဟေသာစားသောက်ပြီးတဲ့အထိစောင့်လိုက်သည်။

"ပြောစရာရှိတယ်ဆို ပြောလေ"

"အင်း. . ကိုယ့်ဘဝတစ်ခုလုံးအတွက် အရေးကြီးတဲ့စကားပြောမလို့ပါ"

သူကတော့ ရင်ထဲကခံစားချက်အပြည့် လှိုက်လှိုက်လှဲလှဲ ပြောလိုက်သည်။ သို့သော် လည်လွန်းပါးနပ်လွန်းသောဟေသာက သူ အဲလိုစကားစလိုက်သည်နှင့်. . .

"သိတယ်. . သိတယ်၊ ဟေသာ့ကို ရည်းစားစကားပြောမလို့မဟုတ်လား၊ အဲဒါဆိုမပြောနဲ့တော့၊ ဟေသာသိပြီးသား"

ဟု သူ့ကိုပိတ်ပြောလိုက်သည်။

"မဟုတ်ဘူးဟေသာ"

သူကငြင်းဆန်လိုက်တော့ ဟေသာ့မျက်လုံးဝိုင်းဝိုင်းလေး

www.burmeseclassic.com

ပို့ပြီးဝိုင်းသွားသည်။ သူပိုက်ဆံအိတ်ထဲမှ ဘူးအဝိုင်းလေးထုတ်လိုက်ပြီး ဘူးအဖုံးကိုဖွင့်တာ. . .

"ကိုယ့်ကိုလက်ထပ်ပါဟေသာ၊ လက်ထပ်ခွင့်တောင်းတာပါ"

သူပြောလိုက်သောစကားကြောင့် ဟေသာ အနည်းငယ်တော့အံ့ဩသွားပုံရသည်။

"ချစ်တယ်၊ ဟေသာ့ကိုပိုင်ဆိုင်ချင်တယ်ကွာ"

"အိုး. . အခုမှ ဟေသာ့အသက်က ငယ်ငယ်လေးရှိသေးတာ၊ လက်မထပ်နိုင်ပါဘူး၊ လက်မထပ်ချင်သေးဘူး"

ဟေသာက ခေတ္တငြိမ်သက်သွားပြီးတာနှင့် ငြင်းဆန်သည်။ သူကလည်း ဒီလိုစကားတွေ ဟေသာ့ဆီကထွက်လာမည်ဆိုတာကို ကြိုတင်သိထားသူပီပီ. . .

"အဲဒီလက်ထပ်ဖို့အချိန်တ ဟေသာကြိုက်တဲ့အချိန်မှစီစဉ်ပါ၊ အခုလောလောဆယ် ကိုယ့်လက်စွပ်လေးကိုလက်ခံပေးဖို့ပါပဲ ဟေသာရယ်"

သူ့စကားကြောင့် အရောင်တလက်လက်ပြာနေသော စိန်လက်စွပ်လေးကို ဟေသာကငေးခနဲကြည့်သွားသည်။

"ချစ်တယ်ဟေသာရယ်"

သူက ဟေသာ့လက်ကလေးကို ခပ်ဖွဖွဆုပ်ကိုင်လိုက်သည်။





"လက်ခံပါနော်"

"အို. . စဉ်းစားဦးမယ်"

ဟေသာက သူ့မလက်ကို ဖျတ်ခနဲရုတ်လိုက်ရင်းပြောသည်။

"ဘာပဲဖြစ်ဖြစ် ဒီလက်စွပ်ကိုလက်ခံသင့်မသင့် ဟေသာတစဉ်းစားရဦးမှာပေါ့"

"ဘာတွေများစဉ်းစားရဦးမှာလဲဟေသာရယ်၊ ကိုကြီးတို့မိဘတွေကလည်း အဆင်ပြေ. . "

"အို. . မိဘတွေကိုထည့်မပြောပါနဲ့၊ ဒါကအိမ်ထောင်ရေး၊ နှလုံးသားရေး၊ ကိုယ့်ဖာသာစဉ်းစားမှာပေါ့"

ဟေသာက သူ့ကိုခပ်ပြတ်ပြတ်ပင်ပြောလိုက်တာကြောင့် သူစိတ်ဓာတ်နည်းနည်းကျသွားသည်။ သို့ပေမယ့် အောင်မြင်ချမ်းသာဆိုသောသူဟာ လိုချင်တာကို ရအောင်ယူတတ်သူဖြစ်သည်။

ဟေသာက သူ့ကိုတစ်ချက်လှမ်းကြည့်ပြီး သူဘာတွေစဉ်းစားနေလဲဆိုတာ ရိပ်မိပုံရသည်။

"ဒါပဲနော်၊ မိဘတွေအကူအညီယူပြီး ဟေသာ့ကိုပိုင်ဆိုင်ဖို့မကြိုးစားနဲ့၊ ဘယ်တော့မှမရဘူးမှတ်၊ ဟေသာ့နှလုံးသားကချစ်လာမှပဲလက်ထပ်မှာသိလား၊ ဟေသာမချစ်တဲ့လူကိုတော့ ဘယ်တော့မှမယူဘူး"



www.burmeseclassic.com

www.burmeseclassic.com

ဟေသာက သူ့ရဲ့ခြေလှမ်းတွေကိုကြိုမြင်ပုံနှင့်ပြောသည်။

"အေးပါကွာ၊ အခုတော့ ကိုယ့်ကိုတစ်ခါတည်းမငြင်းနဲ့ဦး၊ ကိုယ့်ကိုစဉ်းစားပေးပါကလေးရာ၊ ပြီးတော့ ဒီလက်စွပ်ကိုလည်းလက်ခံပေးပါ၊ မလိုချင်တော့ဘူးဆိုမှ ပြန်ပေးပါ"

အောင်မြင်ချမ်းသာက ပြောလည်းပြော၊ သွက်လက်စွာ သူမလက်ကိုယူ၍ လက်စွပ်လေးကိုစွပ်ပေးလိုက်သည်။

"အို. ."

ဟေသာက လက်စွပ်ကို အတင်းပြန်ဆွဲချွတ်ပေမယ့်မရ။ ဖြစ်ချင်တော့ ဟေသာ့လက်ဆစ်လေးကကြီးနေတာမို့ လက်စွပ်က အရမ်းကြပ်နေလေသည်။

"ဟေသာမလိုချင်ဘူး"

"မလိုချင်လည်း လက်ခံပေးပါကွာ၊ ဒါ ကိုယ့်ကိုလက်ခံတာ မဟုတ်ဘူးနော်၊ လက်စွပ်ကိုလက်ခံခိုင်းတာ"

"ဟင်း"

ဟေသာက လက်စွပ်ကိုဆွဲချွတ်လို့လည်းမရတာကြောင့် သူ့ကိုမကြည်သလိုကြည့်ပြီးပြောသည်။

"နောက်နေ့မှ အိမ်မှာဆပ်ပြာနဲ့ချွတ်ပြီးပြန်ပေးမယ်၊ အဲဒါပဲ၊ ဟေသာ့ကို အတင်းအကြပ်လုပ်လို့မရဘူးမှတ်. . ပြန်မယ်"





သူကလည်း ဟေသာ့သဘောအတိုင်းပင် ထပြန်ခဲ့သည်။ ဘာပဲဖြစ်ဖြစ် ဟေသာ့လက်ထဲ သူ့လက်စွပ်ရောက်သွားပြီမို့ စိတ်ထဲမှာတော့ တော်တော်လေးပျော်ရွှင်နေမိသည်။

ဟေသာ့ကိုလည်း သူနှင့်သက်ဆိုင်သွားသလိုခံစားရသည်။ ဟေသာ့ကိုအိမ်ပြန်ပို့တော့ ချက်ချင်းပြန်လို့မကောင်းသေး၍ စကားပြောရန်ဝင်ခဲ့သည်။ အန်တီရော၊ အန်ကယ်ပါရှိနေ၍ သူဧည့်ခန်းတွင်ဝင်ထိုင်လိုက်သည်။

ဟေသာကတော့ ခဏထိုင်ပြီးတာနှင့်ထလိုက်သည်။

"မေမေ. . ဟေသာခေါင်းကိုက်လာလို့ သွားနားလိုက်ဦးမယ်"

ဟေသာ့မေမေက ခေါင်းလည်းညိတ်ပြရင်း သူမလက်တွင်စွပ်ထားသောစိန်လက်စွပ်ဆီသို့ အကြည့်ရောက်သွားသည်။ ဟေသာကတော့ ဘာမှမသိဘဲ အိမ်ပေါ်ပြေးတက်သွားသည်။ အန်ကယ်က စာကြည့်ခန်းထဲသွားပြီး စာရွက်စာတမ်းတချို့သွားယူနေခိုက် ဟေသာ့မေမေက သူ့ကို. . .

"သားလက်စွပ်ကို ဟေသာလက်ခံလိုက်ပြီလား"

သူက ဘာမှမပြောဘဲပြုံးနေလိုက်တော့ အန်တီကလည်း ကျေနပ်သွားပုံရသည်။


www.burmeseclassic.com

www.burmeseclassic.com



"အေးပါကွယ်. . အမိကက မင်းတို့လူငယ်ချင်းပြေလည်ကြရင်ပြီးတာပါပဲ၊ အန်တီတို့ကဝမ်းသာလှပါပြီ"

ထိုစဉ် အန်ကယ်ထွက်လာသည်မို့ သူတို့ ဘာမှဆက်မပြောဖြစ်တော့ပေ။

အန်ကယ်နှင့် လုပ်ငန်းကိစ္စတွေသာပြောဖြစ်ကြသည်။

"ရှယ်ယာရှင်အစည်းအဝေးက နောက်တစ်ပတ်ထဲမှာပါ အန်ကယ်၊ အဲဒီအစည်းအဝေးမှာ ရှယ်ယာထပ်ဝင်ချင်တဲ့လူတွေလည်းတက်လို့ရပါတယ်"

"အေးကွာ. . အန်ကယ်တတော့ မောင်အောင်မြင်တို့ကုမ္ပဏီကို အတော်သဘောကျတယ်ကွ၊ ခိုင်လည်းခိုင်မာတယ်နော်"

အန်ကယ်ကတော့ သူလုပ်ရည်ကိုင်ရည်ကိုသဘောကျ၍ ရှယ်ယာပါရန် အတော်စိတ်အားထက်သန်နေပုံရသည်။

"ဟုတ်ကဲ့ပါ။ အန်ကယ်ဝင်မယ်ဆို ကျွန်တော်အဆင်ပြေဆုံးဖြစ်အောင် ဆောင်ရွက်ပေးမှာပါ၊ အဲဒါတော့စိတ်ချပါ"

သူက ရဲရဲဝံ့ဝံ့အာမခံလိုက်သည်။

"ကျွန်တော်ရောက်နေတာလည်းကြာပြီဆိုတော့ လုပ်စရာလေးလည်းရှိလို့ ကျွန်တော့်ကိုခွင့်ပြုပါဦး"

သူလည်း လူကြီးတွေကိုနှုတ်ဆက်ပြီးပြန်ခဲ့သည်။ ဟေသာ





ရယ်. . မင်းသာခေါင်းညိတ်လိုက်ရင် ကိုယ်တို့နှစ်ယောက်အတွက်ကတော့ ပန်းခင်းလမ်းကြီးပါပဲကွာ။ ဘာပဲဖြစ်ဖြစ် ကိုယ့်လက်စွပ်ကိုလက်ခံလိုက်တဲ့သဘောမို့ ကိုကြီးအရမ်းပျော်တယ်။

အိမ်ပြန်ရောက်တော့လည်း ပြုံးရွှင်နေသောသူ့မျက်နှာကိုမေမေကကြည့်ကာ. . .

"အံမယ်. . ငါ့သား ဒီနေ့တယ်ရွှင်လန်းနေပါလား၊ ဘယ့်နှယ့်လဲ၊ ဟေသာ့ကို မေ့မေတို့သွားတောင်းရတော့မလား"

"အဲဒီအဆင့်တော့မရောက်သေးပါဘူးမေမေရာ၊ ဒါပေမယ့် ဟေသာက ကျွန်တော့်လက်စွပ်ကို လက်ခံလိုက်ပြီဗျ"

သူကဝမ်းသာအားရနှင့် မေမေ့ကိုပြောတော့ မေမေပါပျော်သွားသည်။

"ဒါဖြင့် ငါ့သားကတိုးတက်လာတာပေါ့၊ တိုးတက်လာတာတောင်မဟုတ်သေးဘူး၊ တစ်ဝက်သေချာတာ၊ ကြိုးစားသား. . ကြိုးစား၊ မေမေလည်းမြေးချီချင်ပြီ"

မေမေ့စကားကြောင့် သူအရမ်းအားတက်သွားလေသည်။

ဟေသာရယ်. . အားလုံးကတော့အဆင်ပြေနေပြီ၊ မင်းဘက်ကပဲလိုပါတော့တယ်ကွာ။

သူ ဟေသာ့ကို တမ်းတလွမ်းမောစွာရေရွတ်မိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဘိုမအရုပ်လေးလို တောက်တွေးနေသောဆံနွယ်လေးများ၊ တောက်ပရွှန်းစိုသောမျက်ဝန်းဝိုင်းဝိုင်းလေး၊ နှာတံလုံးလုံးလေး၊ ပြီးတော့ စိတ်ဆိုးလာလျှင် စူတူတူဖြစ်သောနှုတ်ခမ်းထူထူလေး၊ ဝါဝန်လေးတွေဝတ်လျှင် ယခုမှဆယ်တန်းကျောင်းသူမလေးလိုလိုနှင့် ချစ်စရာကောင်းလှသောဟေသာမြင့်မြတ်ကို သူနေ့နှင့်ည ပိုင်ဆိုင်ချင်စိတ်ကကြီးစိုးနေမိသည်။

သူမအကြောင်းတွေးမိလျှင် ရင်တွေတလှပ်လှပ်ခုန်သည်။ တွေ့ချင်မြင်ချင်စိတ်တွေကြီးစိုးလာရတာ အမြဲတမ်းပင်။ သူမနှင့်မတွေ့ရတာတောင် အတော်ကြာမြင့်ပြီဖြစ်သည်။ သူမကို လက်စွပ်လေးဝတ်ပေးပြီးတတည်းကပင်။





ဒီနေ့တော့ သူမနှင့်မတွေ့ရပေမယ့် သူမဖေဖေ ဦးမြင့်မြတ်ကုမ္ပဏီသို့လာမည်လေ။ ရှယ်ယာရှင်အသစ်အနေနှင့်ပါ ဦးမြင့်မြတ်သာ သူ့ကုမ္ပဏီမှာ ရှယ်ယာပါလိုက်လျှင် စီးပွားရေးက တစ်စီးပွားထဲဖြစ်သွားမည်ဟု သူကဈေးတွက်တောင်တွက်လိုက်မိသေးသည်။

ဘာပဲဖြစ်ဖြစ်ပါ။ ဟေသာ့ကိုပိုင်ဆိုင်ဖို့အတွက် ဟေသာ့ဖေဖေ သူ့အပေါ် အမြင်ကြည်လင်ဖို့လိုအပ်ပါသည်။ ထို့ကြောင့် သူ့ရုံးမှလူတွေကိုပင်. . .

"ဦးမြင့်မြတ်လာရင် ငါ့ကိုလာခေါ်ကြားလား၊ အရေးကြီးတယ်"

သူ ဒီနေ့ကိစ္စအမှားအယွင်းမရှိမှတောင်းမည်ဆိုတာကိုသိပါသည်။ ထို့ကြောင့် အစစအရာရာဂရုစိုက်နေမိသည်။

"သားရေ. . ဘယ့်နှယ့်လဲ၊ အားလုံးအိုကေရဲ့လားကွ"

ဖေဖေက သူ့ကိုအားပေးသလိုနှင့်မေးတော့ ခေါင်းညိတ်ပြရင်း. . .

"ကျွန်တော်တော့ကြိုးစားပြီးလုပ်ထားတာပဲဖေဖေ၊ အဆင်ပြေမယ်လို့တော့ထင်တာပဲ"

"အေး. . အေး. . ကိုယ်နဲ့အမျိုးတော်ရမယ့်လူရှေ့မှာ အရည်အချင်းများများပြနိုင်လေကောင်းလေပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါဖေဖေ"

သူက ကုမ္ပဏီရှယ်ယာရှင်များကို ဖတ်ပြရမည့်အစီရင်ခံစာကို ထပ်တလဲလဲဖတ်နေမိသည်။ ထိုစဉ်မှာပင် ရုံးရှေ့မှာ ဦးမြင့်မြတ်ရောက်နေပြီဖြစ်ကြောင်း သတင်းလာပို့၍ သူထွက်ခဲ့ရပြန်သည်။

"မောနင်းအန်ကယ်"

"အေးကွယ့် . . မောင်အောင်မြင်တို့ကုမ္ပဏီကတော့ အပျံစားပဲနော်"

ဦးမြင့်မြတ်က ရောက်ရောက်ချင်းချီးမွမ်းနေပြန်သည်။

"အန်ကယ်တတော့လုပ်ပြီ၊ ဒီလောက်ကြီးလည်းမဟုတ်ပါဘူးအန်ကယ်၊ ဒါနဲ့ တစ်ခုခုသုံးဆောင်ဦးမလား၊ ဒါမှမဟုတ် အစည်းအဝေးခန်းထဲပဲတန်းဝင်မလား"

"အိမ်ကစားလာတယ်ကွ၊ အစည်းအဝေးခန်းပဲသွားကြတာပေါ့၊ အပြန်မှပဲစားကြမယ်လေကွာ၊ ဒါနဲ့ မင်းဒယ်ဒီရော. . "

"ဒယ်ဒီရှိပါတယ်ခင်ဗျ၊ ခဏနေလာပါလိမ့်မယ်"

သူက ဦးမြင့်မြတ်ကိုနေရာချပေး ဧည့်ခံပြီး ဒယ်ဒီရောက်လာမှပင် ထိုအခန်းထဲမှထွက်ခဲ့သည်။ ဘာပဲပြောပြော ထိုနေ့က အစည်းအဝေးက တော်တော်အဆင်ပြေသွားသည်။

ဦးမြင့်မြတ်ကလည်း သူတို့ကုမ္ပဏီနှင့် အကျိုးတူပူးပေါင်း





ရန်ဆုံးဖြတ်ချက်ချလိုက်တာကြောင့် သူဝမ်းသာရသည်။

အားလုံးလုပ်ငန်းကိစ္စပြီးသွားတော့ သူတို့သားအဖရယ်၊ အန်ကယ်ဦးမြင့်မြတ်ရယ် စားသောက်ဆိုင်သို့ဦးတည်လိုက်ကြသည်။ ဖေဖေက စားရင်းသောက်ရင်း ရယ်မောရင်း. . .

"ကိုမြင့်မြတ်ရေ. . လုပ်ငန်းချင်းတော့ပေါင်းပြီးပြီ၊ သားသမီးချင်းပေါင်းဖို့ပဲကျန်တော့တယ်၊ ဘယ်လိုလဲဗျ. . ခင်ဗျားသဘောထား၊ ကျွန်တော့်သားကတော့ ခင်ဗျားသမီးမှ ခင်ဗျားသမီးဖြစ်နေပြီနော်"

ဖေဖေက ပွင့်ပွင့်လင်းလင်းကြီးပြောချလိုက်တော့ သူမျက်နှာပူရသည်။ အန်ကယ်ဦးမြင့်မြတ်ကိုလည်း အားနာမိသည်။ အန်ကယ်ကတော့ တဟဲဟဲရယ်မောနေသည်။

ဖေဖေကမရ။ ထပ်စပြန်သည်။

"ဟေ့လူ. . ရယ်မနေနဲ့၊ ကျုပ်က အတည်ပြောနေတာဗျ၊ မူးတုန်းပြောတဲ့စကားမဟုတ်ဘူး"

ဖေဖေက ခပ်ထွေထွေမို့ ရစ်နေတာလည်းပါသည်။

"အေးပါဗျာ. . ကျုပ်သမီးခေါင်းညိတ်ရင် ကျုပ်ကလည်း ဘာမှပြောစရာမရှိပါဘူး၊ မောင်အောင်မြင်ကို ကျုပ်ကသဘောကျပြီးသားပဲ"

အန်ကယ်က အခုလိုပြောလိုက်တော့မှ အောင်မြင်ချမ်းသာ



www.burmeseclassic.com

www.burmeseclassic.com

စိတ်အေးသွားရသည်။

"ဒီမှာဗျ. . ခေါင်းညိတ်လားမညိတ်လားတော့မသိဘူး ကျွ
ဲ့လက်စွပ်ကိုတော့ ခင်ဗျားသမီးကလက်ခံထားပြီးပြီ"

"ဖေဖေကလည်း. . "

ဖေဖေက ဒုတ်ထိုးအိုးပေါက်တွေလျှောက်ပြောကုန်တော့ သူမှာ အန်ကယ်ဦးမြင့်မြတ်ကို အားနာမျက်နှာပူ၍သာနေတော့သည်။ ဖေဖေ့စကားကြောင့် အန်ကယ်ဦးမြင့်မြတ်မှာငြိမ်သွားပြီး အတော်ကြာမှ မျက်နှာတည်ဖြင့်. . .

"ဟော့. . ဦးချမ်းသာ၊ ခင်ဗျားတကယ်ပြောနေတာလား"

"တကယ်ပေါ့ဗျ၊ ခင်ဗျားကလည်း ကိုယ့်သမီးလက်ထဲမှာ ဘာလက်စွပ်ဝတ်ထားတယ်ဆိုတာတောင်မသိဘူးလား"

"ဖေဖေ"

သူက ဖခင်ကိုဟန့်သော်လည်းမရတော့။

"ဟော့တောင်. . ဖေဖေလုပ်မနေနဲ့၊ မင်းအဖြစ်မရှိလို့ ငါပြော ရတာကွ၊ ဟုတ်တယ်နော်ကိုမြင့်မြတ်"

"အေးပါဗျာ. . ဒါပေမယ့် သမီးကငယ်သေးတယ်ဗျ"

"ဗျာ. . "





ဒီတစ်ခါဆို့နင့်သွားသူကတော့ သူဖြစ်သည်။ အန်ကယ်ဦးမြင့်မြတ်က သူ့ကိုသဘောမတူဟုထင်ပြီး စိတ်မကောင်းဖြစ်သွားသည်။ ဦးမြင့်မြတ်ကဆက်ပြောသည်။

"တခြားသူနဲ့ဆိုရင်တော့ ကျုပ်သမီးငယ်သေးတဲ့အတွက် မစဉ်းစားသေးဘူး၊ အေး. . ဒါပေမယ့်. . "

ဦးမြင့်မြတ်က စကားဆက်မပြောဘဲရပ်နေတာကြောင့် သူ့ရင်တွေပူလာရပြန်သည်။

"ဒါပေမယ့် မောင်အောင်မြင်နဲ့ဆိုရင်တော့ ကျုပ်သမီးကလည်း ကျေနပ်တယ်ဆိုရင် ပြောစရာမရှိပါဘူး၊ မောင်အောင်မြင်ကို စိတ်ချတယ်"

အန်ကယ်ဦးမြင့်မြတ်စကားဆုံးမှပင် သူလည်းသက်မချနိုင်တော့သည်။

"ဒါဆို ကိုယ်ကတော့ အမြန်ဆုံးအကောင်အထည်ဖော်ချင်တယ်သူငယ်ချင်းရာ၊ ငါ့သားလည်း အတော်ဆွေးနေပြီ"

ဖေဖေက သူ့ပခုံးကိုပုတ်ပြီးပြောတော့ သူရှက်သွားမိသည်။ ဟေသာရေ. . ကိုယ့်အဖြစ်က အရပ်ကူပါလူဝိုင်းပါဖြစ်နေပြီကွာ။

"အေးပါကွာ. . ဒါဆိုလည်း မင်းတို့လာကြောင်းလမ်းပေါ့"

အန်ကယ်ဦးမြင့်မြတ်ဆီမှ ထိုစကားကြားရတာနှင့်တင် သူ


www.burmeseclassic.com

www.burmeseclassic.com



ထခုန်မိမ တ်ဝမ်းသာသွားရသည်။

"တကယ်ပြောနေတာလားကွ"

"တကယ်ပေါ့ကွာ၊ ဒီကိစ္စက ကလေးကစားစရာမှမဟုတ်တာ"

အန်ကယ်ဦးမြင့်မြတ်က ထပ်မံ၍အတည်ပြုလိုက်တာနှင့် ဖေဖေက ဒိတ်ချိတ်လေတော့သည်။ စိတ်မြန်လက်မြန်ရှိလှသော ဖေဖေ့ကြောင့်လည်း ပို၍မြန်ဆန်သွားသည်။ သူကလည်း ဟေသာ့ကိုပိုင်ဆိုင်ချင်စိတ်ကြောင့် မဟန့်တားမိချေ။ ဟေသာစိတ်ဆိုးလည်း ခံရမည်ပင်။ ထိုနေ့က သူတို့မိသားစု လာကြောင်းလမ်းပါမည်ဆိုတာ တို အတည်ပြုလိုက်သည်။

သူတို့သားအဖ အိမ်ပြန်ရောက်တော့ မေမေ့ကို ဝမ်းသာကျေနပ်စွာပြောပြမိကြသည်။

"အမေကြီးရေ. . မင်းအကျိုချုပ်ဖို့သာစဉ်းစားပေတော့"

ဟုအစချီကာ ဖေဖေက သူနှင့် ဦးမြင့်မြတ်ပြောဆိုလာသမျှတွေတိုပြောပြသည်။

"ရှင်ကလည်း စိတ်မြန်လက်မြန်၊ ဦးမြင့်မြတ်ကလည်း စိတ်မြန်လက်မြန်နဲ့ဆိုတော့ တွေ့ကြပြီပေါ့ရှင်၊ ကျွန်မသာသမီးရှင်ဆိုရင်





တော့ ချက်ချင်းလက်မခံသေးဘူး၊ စဉ်းစားဦးမှာ၊ ဘယ့်နှယ်တော်. . ကိုယ့်သမီးလေးကို"

"ဟော့. . စဉ်းစားနေရင် မင်းသား ဒီတစ်သက်မစွံဘူးဆိုတာ ငါသိလို့စီစဉ်ပေးလိုက်ရတာ၊ မင်းသားမျက်နှာကိုကြည့်စမ်း၊ မှိုရတဲ့အတိုင်းပဲ"

ဖေဖေက သူ့လုပ်ဆောင်ချက်ကို ကျေနပ်စွာပြောတော့မှ မေမေက သူ့ကိုကြည့်၍. . .

"မေမေ့သား အောင်မြင်ချမ်းသာကတော့ နာမည်နဲ့လိုက်အောင်ကို အောင်မြင်ပါပေတယ်၊ ဟော. . ခုလည်း ကိုယ်ချစ်တဲ့မိန်းမတစ်ယောက်ကို မပင်ပန်းလိုက်ရဘဲရတော့မယ်၊ ကဲ. . မင်းဘာထပ်လိုချင်သေးလဲ"

မေမေက သူ့ကို ပြုံးစစနှင့်မေးတော့ သူခေါင်းခါ၍. . .

"ဒီတစ်ခါပြီးရင်တော့ ဘာမှကိုထပ်မလိုချင်တော့ဘူးမေမေ၊ ဘာမှကိုမလိုချင်လောက်အောင် သားပျော်နေတာပါ"

"အေးပါ. . မေမေ့သားလေးပျော်ရင်ပြီးတာပါပဲ"

တကယ်ပါဟေသာရယ်။ ကိုကြီး မင်းတိုသာပိုင်ဆိုင်ရရင် ဘာမှကိုထပ်မလိုချင်လောက်အောင်ကို ပျော်ရွှင်မိမှာအသေအချာပါပဲ။ မင်းဟာ ကိုယ့်ဘဝရဲ့အလိုအပ်ဆုံးအရာပါ။ ကိုယ့်ရင်ထဲ၊ လုံး



www.burmeseclassic.com

သားထဲမှာ မင်းအပေါ် ဘယ်လောက်လှိုက်လှဲမြတ်နိုးတယ်၊ လိုချင်တယ်ဆိုတာ ကိုယ်အသိဆုံးပါကွာ။

"ကဲ. . ကဲ. . သွားအိပ်တော့သား၊ နေဦး. . မေမေနဲ့ မင်းအဖေကို အိပ်ခန်းထဲတွဲပို့ပါဦး"

သူက ဖေဖေ့ကိုတွဲပို့လိုက်သည်။ ဖေဖေကမူးလာတာကိုး။ ကိုယ့်အလှည့်ကျရင်လည်း မင်းအခုလိုတွဲပို့ပေးနိုင်ရင်ကောင်းမှာပဲ တလေးရယ်။ အောင်မြင်ချမ်းသာ စိတ်ကူးထဲမှာတော့ အစစအရာရာချောမွေ့လျှတ်ပေါ့။

သူ ဟေသာ့အကြောင်းစဉ်းစားရင်း အရမ်းသတိရလာတာကြောင့် ဖုန်းလှမ်းဆက်လိုက်သည်။

"ဟယ်လို"

ဟေသာက အိပ်ချင်မူးတူးအသံလေးနှင့်လာကိုင်သည်။ ဒီအသံလေးကိုလည်းချစ်ရတာပါပဲကလေးရယ်။

"ဟေသာလား၊ ကိုကြီးပါ"

"ဘယ်ကတိုကြီးလဲ၊ အိပ်ရေးပျက်တယ်ကွာ"

ဟေသာကပြောရင်း၊ ရန်တွေ့ရင်း အသံတိတ်သွားတာကြောင့် အိပ်ပျော်သွားသည်ဟုသူထင်မိသည်။ သူကတော့ သူပြောချင်တာတွေ ဟေသာနားထောင်ထောင် မထောင်ထောင်ပြောနေမိ





တော့သည်။ ညဥ့်အတော်နက်သွားမှ ဟေသာ့ကို သူခေါ်ကြည့်သည်။ မထူးတော့။ ဖုန်းလိုင်းကတော့ ဝင်နေဆဲပင်ဖြစ်သည်။

ချစ်တယ်ဆိုသောစကားတစ်ခွန်းကို ထပ်တလဲလဲပြော၍ ဖုန်းကိုမပိတ်ချင်ဘဲ ပိတ်လိုက်ရသည်။

ကလေးရယ်. . မင်းတို့ ကိုယ်အမြန်ဆုံးပိုင်ဆိုင်ရမှဖြစ်မယ်၊ ဒီပြင်ဆို ကိုယ့်လည်းရူးတော့မယ်ထင်ပါရဲ့လေ။

www.burmeseclassic.com



ဖေဖေနှင့်မေမေသည် သွားစေ့စပ်ရန်အတွက် တက်ကြွနေသည်။ အောင်မြင်ချမ်းသာကတော့ ရင်တထိတ်ထိတ်နှင့်ဖြစ်နေသည်။ အဘယ်ကြောင့်ဆိုသော် ဒီနေ့လာစေ့စပ်မှာကို ဟေသာမသိသေးချေ။

"ဟဲ့. . သားပြီးပြီလား"

ငြိမ်သက်နေသောသူ့ကို မေမေက သတိပေးသလိုလာပြောရင်းကြည့်သည်။ သူကတော့ ရုတ်တရက်ကြီးသွားစေ့စပ်မှာမို့ ဟေသာသူ့ကိုစိတ်ဆိုးစိတ်ကောက်သွားမှာကြောက်သည်။

သူထင်သည့်အတိုင်းပင်။ ဟေသာတို့အိမ်ရောက်တော့ ဟေသာ့ကိုမတွေ့ရ။

"အန်တီ. . ဟေသာရော"





"မင်းညီမ ခေါင်းကိုက်တယ်ဆိုပြီး စောစောကအပေါ်ထပ်တက်သွားတယ်၊ အန်တီခေါ်ပေးမယ်လေ"

အန်တီက သူ့အိမ်၌ခိုင်းသည့်ကောင်မလေးကို သွားခေါ်ခိုင်းသည်။

"နေမကောင်းရင်လည်းနေပါစေအန်တီ"

"ဘယ့်နှယ့်. . ဒီနေရာမှာ၊ ဒီကောင်မလေးသက်သက်ဂျီကျတာ"

သူကတော့ ဟေသာနှင့်မတွေ့ရသလိုဖြစ်နေသည်။ ဟေသာဘာမှမသိဘဲ စီစဉ်သည့်ကိစ္စဆိုတော့ သူ့ကိုအပြစ်တင်မှာအသေအချာပင်ဖြစ်သည်။

ဟေသာက အိမ်နေရင်းဝတ်စုံလေးနှင့်ပင် အိမ်ပေါ်မှဆင်းလာသည်။

"သမီး. . မေမေထုတ်ပေးထားတဲ့အင်္ကျီတွေမလဲဘူးလား"

ဟေသာက ဘာမှပြန်မပြောဘဲ သူ့ကိုသာစိုက်ကြည့်သည်။ မျက်ဝန်းလေးတွေက ဖောင်းဖောင်းအစ်အစ်လေးဖြစ်နေသည်။

ဟေသာရယ်. . ။

အောင်မြင်ချမ်းသာစိတ်မကောင်းဖြစ်ပြီး ဟေသာ့ကိုကြည့်တော့ စူးရဲပြီးဒေါသဖြစ်နေသောမျက်ဝန်းများဖြင့် သူ့ကိုကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



စေ့စပ်ပွဲက အောင်မြင်စွာပြီးဆုံးသွားတာကြောင့် လူကြီးတွေတစကားပြောဆိုစားသောက်နေကြသည်။

ဟေသာ့ကိုလှမ်းကြည့်တော့ အရုပ်ကလေးတစ်ရုပ်ချထားသလို ငြိမ်သက်စွာထိုင်နေသည်။

မင်းဘာတွေခံစားနေရလဲ ကိုယ်သိမှဖြစ်မှာပေါ့။

ဟေသာက လူကြီးတွေစကားပြောနေတဲ့အချိန်မှာ သူ့အနားသို့ကပ်လာပြီး. . .

"ခြံထဲလိုက်ခဲ့ပါ"

အံကြိတ်သံနှင့်ပြောသွားသည်။ ဒီအသံကြားကတည်းက ဟေသာ သူ့ကိုလုံးဝမကြည်လင်ဆိုတာ ရိပ်မိလိုက်သည်။ ခြံထဲရောက်တာနှင့် သူ့ကို မချောကရန်တွေ့လေတော့သည်။

"ကိုကြီး. . ဘယ်လိုလုပ်တာလဲ"

"ဘာတိုလဲဟေသာရဲ့"

"ရှုးချင်ယောင်ဆောင်မနေပါနဲ့၊ ဒီနေ့ကိစ္စကိုပြောတာ"

အောင်မြင်ချမ်းသာ မှုသားသုံးလိုက်သည်။ ဘာမှမသိသလိုပုံစံနှင့်. . .

"ကိုယ်မသိဘူးဟေသာ၊ လူကြီးတွေစီစဉ်ထာပါ"

"လူကြီးတွေစီစဉ်တာဆိုရင်လည်း ကိုကြီးငြင်းလိုက်ပါလား"





ဟေသာ့အသံစူးစူးလေးက ပို၍ကျယ်လာသည်။

"မငြင်းချင်လို့ပေါ့ဟေသာရယ်၊ ကိုကြီး ဟေသာ့ကိုချစ်နေတာပဲ"

"ဟေသာမှ ရှင့်ကိုမချစ်တာ၊ ရှင့်ကိုမယူနိုင်ဘူးနော်"

ဟေသာက အကြောက်အကန်ငြင်းနေသည်။

"လက်ခံပါကလေးရယ်၊ ကိုယ် မင်းကိုစိတ်ချမ်းသာအောင်ထားမှာပါ၊ တကယ်ပြောတာပါ"

"ဘာပဲဖြစ်ဖြစ် ရှင့်ကို ကျွန်မမယူနိုင်ဘူး၊ ကျွန်မကို အတင်းအကြပ်မလုပ်ပါနဲ့"

ဟေသာကပြောရင်းမှ မျက်ရည်တွေပိုးပိုးပေါက်ပေါက်ကျလာသည်။

"မငိုပါနဲ့ကလေးရာ"

သူက ဟေသာ့မျက်ဝန်းထဲမှကျလာသောမျက်ရည်စက်များကို ခပ်ဖွဖွသုတ်ပေးရင်းပြောလိုက်သည်။

"ကိုကြီး မင်းကိုတကယ်ချစ်တာပါ"

ဟေသာပခုံးလေးကို ခပ်ဖွဖွကိုင်မိတော့ ဟေသာက လက်သီးဆုပ်လေးများဖြင့် သူ့ရင်ဘတ်ကိုထုသည်။

"ရှင်လွှတ်ပါ၊ ရှင် ကျွန်မကို ဘယ်တော့မှမရစေရဘူး၊



www.burmeseclassic.com

www.burmeseclassic.com



အချစ်ဆိုတာ ဘယ်သူမှလမ်းညွှန်စေခိုင်းလို့မရဘူးဆိုတာ နားလည်ပါ"

ဟေသာက သူ့ကိုတွန်း၍ သူမမျက်ရည်များကိုသုတ်ကာ ထွက်ပြေးသွားလေတော့သည်။ သူမှာသာမောဟိုက်စွာကျန်ရစ်ခဲ့သည်။

ဟေသာရယ်. . ။ မင်း ကိုကြီးကို ဘာကြောင့်မုန်းနေရတာလဲ။

သူမှာ ဟေသာက သူ့ကိုငြင်းဆန်လေ သူက ဟေသာ့ကို အမြန်ပိုင်ဆိုင်ချင်လေဖြစ်သည်။ သူက အိမ်ပေါ်ပြန်တက်သွားပြီး ဟေသာမရှိတာကြောင့် မင်္ဂလာပွဲကို အမြန်ကျင်းပရန်ပြောလိုက်သည်။ သူ ဟေသာ့ကိုဆုံးရှုံးရမှာ အရမ်းကိုကြောက်နေပြီဖြစ်သည်။

အပြန်လမ်းရောက်တော့ မေမေကသူ့ကိုမေးသည်။

"သား ဟေသာကဘာဖြစ်နေတာလဲ၊ သူ့ကိုကြည့်ရတာ မေမေဖြင့်သဘောမကျဘူး"

"မဟုတ်ပါဘူးမေမေ၊ သူ သားနဲ့စိတ်ကောက်နေလို့ပါ"

"စိတ်ကောက်တာများကွယ်၊ တခြားနေ့ကောက်ပေါ့၊ စေ့စပ် ပွဲနေ့မှာများ မျက်နှာကိုစူပုပ်နေတာပဲ"

မေမေက သူ့အတွက် မခံချင်သလိုပြောသည်။





"သူက ကလေးပဲရှိသေးတာ၊ ခွင့်လွှတ်လိုက်ပါဗျာ"

သူ ဟေသာ့ဘက်မှကာကွယ်ပြီးပြောတော့ မေမေက. . .

"အေးပါ. . အေးပါ. . မင်းတော့ အနိုင်ခံရတော့မယ်"

သူက မေမေ့ကို ဘာမှမတုန့်ပြန်ဘဲရယ်မော၍သာနေလိုက်တော့သည်။ အချစ်ဆိုတာ သူ့အတွက်တော့ စိတ်ရှည်သည်းခံခွင့်လွှတ်ခြင်းသာဖြစ်ပေလိမ့်မည်။

သူ့နှလုံးသားနက်ရှိုင်းခြင်းထဲမှ အရိပ်ကလေးပျောက်ကွယ်သွားမည်ကို စိုးရွံ့မိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"လတ်ထပ်ပွဲနေ့"

ရန်ကုန်မြို့၏ နာမည်အကြီးဆုံး၊ ဈေးအကြီးဆုံးဟိုတယ်ကြီးဆီဒိုးနား၏ဆင်ဝင်အောက်သို့ ပြေးထွက်လာသောသတို့သမီးဝတ်စုံနှင့်မိန်းကလေးတစ်ယောက်။ ထိုသတို့သမီးလေးသည် သူမရဲ့မြန်မာမင်္ဂလာဝတ်စုံထိုင်မသိမ်းလေးကိုမကာ ဆင်ဝင်အောက်၌ မြ ကြောင်ကြောင်နှင့် တစ်စုံတစ်ရာကိုရှာဖွေနေသည်။

ထိုစဉ်မှာပင် မြန်မာဝတ်စုံနှင့် သတို့သားကပြေးလိုက်လာသည်။

"တေသာ. . ဘာဖြစ်တာလဲ၊ ဘယ်ကိုသွားမလို့လဲ၊ ဧည့်သည်တွေနဲ့လေ"





သတို့သမီးလေးက ကြောက်လန့်တကြားရပ်နေရာမှ ဆီဒိုးနားဟိုတယ်၏ဆင်ဝင်မှ ဝင်းအဝကုန်းဆင်းတောက်လျှောက်ပြေးသည်။ သတို့သားတလည်း တောင်ရှည်ကြီးမပြီး နောက်မှပြေးလိုက်လာသည်။

"ဟေသာ. . မပြေးနဲ့လေ. . ဟေသာ"

သတို့သမီးလေးက ကားလမ်းမဆီသို့တောက်လျှောက်ပြေးသည်။ ထိုစဉ်မှာပင် မီးပွိုင့်မိနေသောကားတစ်စီးကို အတင်းဖွင့်၍ ဝင်ထိုင်လိုက်သည်။

သတို့သားက တစ်ဘက်ပလက်ဖောင်းမှာ ကားတွေရှုပ်နေ၍ လမ်းကူးလို့မရသဖြင့်လှမ်းအော်သည်။

"ဟာ. . ဟေသာပြန်လာခဲ့"

"မလာဘူး။ ရှင့်ကို တစ်သက်လုံးလက်မထပ်ဘူး၊ ကားဆရာ. . မောင်း"

သတို့သမီးလေးက ပြန်အော်ပြောသည်။ ကားဆရာလေးမှာ ကြောင်တောင်တောင်နှင့် ဘာဆက်လုပ်ရမှန်းမသိဖြစ်နေသည်။ ထိုစဉ်မှာပင် မီးပွိုင့်စိမ်းသွားသည်။

ကားမောင်းသူမှာ ကြောင်အမ်းအမ်းနှင့် နောက်မှကားများ



www.burmeseclassic.com

www.burmeseclassic.com



တလည်းဟွန်းတီးနေပြီမို့ မောင်းထွက်လာခဲ့ရသည်။

“ဟော့. . မိန်းကလေး၊ ငါ့ကားပေါ်ကဆင်းလေ”

“ဘာရှင့်. . ဆင်းရမယ်ဟုတ်လား၊ ဒီပုံကြီးနဲ့ ဘယ်ဆင်းလို့ဖြစ်မလဲ”

“မင်းကို ငါခေါ်လာတာမဟုတ်ဘူးနော်၊ ငါပြဿနာတက်ကုန်ဦးမယ်. . ကျွတ်”

“စိတ်ချ. . ကိုယ့်ပြဿနာကိုယ်ရှင်းနိုင်တယ်”

မချောလေးက ဂျစ်ကန်ကန်ကြောင့် သူစိတ်ညစ်သွားသည်။

“နေစမ်းပါဦး၊ အမိက ဘယ်လိုဖြစ်လာရတာလဲ”

“မင်္ဂလာမဆောင်ချင်လို့ထွက်ပြေးလာတာလေ၊ ဘာဖြစ်ရမှာလဲ၊ ဒါတောင်မသိဘူးလား. . ပင်းပဲ”

“ဟောဗျာ”

မချောကို သူဘာပြောရမှန်းမသိ။ ထိုစဉ်မှာပင် မချောက နောက်ကြည့်မှန်ကိုကြည့်မိသွားသည်။

“ဟင်. . နောက်တလိုက်လာတယ်၊ ကားဆရာ. . မောင်း၊ အမြန်မောင်း”





သူလည်း ဘာမှန်းမသိဘဲ ကားဂီယာကို တစ်ဆင့်ထပ်ထိုးလိုက်သည်။ ဒီလိုနှင့် သူလည်း သတို့သမီးတစ်ယောက်၊ ကားတစ်စီးနှင့် ဟိုင်းဝေးလမ်းမပေါ် ရောက်နေချေပြီ။



www.burmeseclassic.com

www.burmeseclassic.com



## အပိုင်း(၃)





မင်းတေဇတဲ့။

သူ့ရဲ့သတို့သမီးလေးကို မင်္ဂလာဆောင်တာနီးမှ ခိုးပြေးသွားသူဖြစ်သည်။ အောင်မြင်ချမ်းသာ သတင်းကိုမရမကစုံစမ်းသည်။ သူ့ရဲ့ဟေသာမြင့်မြတ်ကိုခိုးပြေးသွားသူမှာ သူတို့တူမွကီလောကထဲမှ သူနှင့်သက်တူရွယ်တူ မင်းတေဇဆိုသူပင်ဖြစ်သည်။

သူ့စိတ်ထဲမှဒေါသတွေကို မနည်းမျိုချထားရပြီး စိတ်ကိုထိန်းချုပ်ထားလိုက်သည်။ အချိန်တန်လျှင် သွေးအေးရက်စက်သူ၊ စိတ်ငြိမ်သူကအနိုင်ရတာပဲမဟုတ်လား။

ထို့နောက် တေဇကုမ္ပဏီကအလုပ်တွေကို ကမောက်တမဖြစ်အောင် စတင်တိုက်ခိုက်လေသည်။ ထိုကုမ္ပဏီသို့ **Import** ှစ္စည်းများတင်သွင်းမည့်ကုမ္ပဏီကို သူလှမ်းထိန်းလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီကုမ္ပဏီက တေဇကုမ္ပဏီနဲ့ချိတ်ထားတာသေချာရင် ပိုက်ဆံကုန်ချင်သလောက်ကုန်ပါစေ၊ ရအောင်ယူလိုက်"

ထို့ကြောင့် တေဇကုမ္ပဏီနှင့်စာချုပ်ချုပ်မည့်ကုမ္ပဏီကို သူကဦးဆောင်စာချုပ်ချုပ်နိုင်ခဲ့သည်။

မင်္ဂလာပွဲပျက်သွားပြီး အေးဆေးတည်ငြိမ်သောသူ့ကို မေမေတို့၊ ဖေဖေတို့ကပင် အံ့ဩယူရသည်။

"သား. . အရမ်းခံစားနေရလား"

"ရပါတယ်မေမေ၊ သား အလုပ်ထဲပဲစိတ်နှစ်ထားပါတယ်၊ ဘာမှမဖြစ်ပါဘူး"

"အေးပါကွယ်. . မေမေကလည်း သားအတွက်မခံနိုင်လို့ ဟောသာ့မေမေကို တော်တော်ပြောလိုက်တယ်"

"လူကြီးကိုမပြောပါနဲ့မေမေ၊ အမိကကဟောသာပဲလေ၊ သူကျွန်တော့်ကိုမလိုချင်လို့ထွက်သွားတာ၊ လူကြီးတွေနဲ့မဆိုင်ပါဘူး"

သူက နင့်နင့်သီးသီးခံစားရပေမယ့် ဘာမှမဖြစ်သည့်ပုံစံနှင့် နေ့တက်ပြနေသည်။ သူ့ကိုလာပြီးနှစ်သိမ့်သူတွေကိုတောင် ဂရုမစိုက်ဘဲ ဟန်ဆောင်ကောင်းခဲ့သည်။

"ကိုအောင်မြင်. . စိတ်မကောင်းဘူးဗျာ၊ ခင်ဗျားမင်္ဂလာပွဲပျက်သွားတာ"





"အေးဗျာ. . မယူခင်ထွက်ပြေးလို့တော်သေးတာပေါ့၊ ယူပြီးလို့ထွက်ပြေးမှပိုဆိုးမှာဗျ. . ဟဲ. . ဟဲ"

"ခင်ဗျားကတော့ တကယ့်လူပဲဗျာ၊ အပြုံးကိုမပျက်ဘူး"

သူကပြုံးနေပေမယ့် စိတ်ထဲကတော့ပြုံးမနေလို့၊ ငိုနေရမှာလားဟောသာရယ်၊ ကိုယ့်ရင်ထဲကဝေဒနာတွေကို ကိုယ်ပဲသိတယ်။ သူများတွေကို ဘယ်လိုဖွင့်လှစ်ပြလို့ကောင်းမှာတဲ့လဲကွာ။ သူက အစတုန်းကတော့ တမ်းတမ်းတတတွေးမိပေမယ့် သူမအကြောင်းကိုတွေးရင်းတွေးရင်း ဒေါသတွေ၊ မာနတွေဝင်လာခဲ့သည်။

"မင်း ငါ့အကြောင်းကောင်းကောင်းသိမယ်ဟောသာ၊ မင်းအထင်ကြီးပြီးလိုက်သွားတဲ့ကောင်ကို ဒုက္ခရောက်အောင်ငါလုပ်ပြမယ်"

ဟုကြိမ်းဝါးမိသည်။

အချစ်ရဲ့တစ်ဘက်စာမျက်နှာမှာ အမုန်းရှိသည်မဟုတ်ပါလား။

ထိုစဉ် သူ့ဟာမ်းဖုန်းမြည်လာတာကြောင့်. . .

"တိုးတိုးလား. . ပြောလေ"

"ကိုကြီးတို့မင်္ဂလာပွဲသတင်းကြားရတာ စိတ်မကောင်းပါဘူး၊ ဟောသာကလည်း. . "



www.burmeseclassic.com

www.burmeseclassic.com



သူမင်္ဂလာဆောင်တုန်းက တိုးတိုးမရှိချေ၊ ယခုမှပြန်ရောက်ပုံရသည်။

"လုပ်မနေနဲ့၊ တကယ်စိတ်မကောင်းဘူးဆိုရင် နင့်သူငယ်ချင်းကို ပြန်ရှာကြည့်ဦး၊ တစ်ရက်နှစ်ရက်ဆို သူ့မိဘတွေက သတင်းစာထဲ အမွေပြတ်ကြေငြာတော့မှာ၊ ညည်းသိတဲ့သူငယ်ချင်းအိမ်တွေလည်း စုံစမ်းကြည့်ဦး"

အန်ကယ်ဦးမြင့်မြတ်ကလည်းစိတ်ဆိုးပြီး အမွေပြတ်စွန့်လွှတ်ခြင်း သတင်းစာထဲမှာထည့်မှာမို့ သူမနည်းတားထားရသည်။

သူ ဟေသာ့သတ္တိကိုလည်းအံ့ဩယုံ့ရသည်။ မင်္ဂလာခန်းမထဲမှထွက်ပြေးရဲသောသတ္တိပင်ဖြစ်သည်။

"အစ်ကို. . ဒီညစည်ခံပွဲတစ်ခုရှိတယ်၊ တက်မှာလား၊ ကုမ္ပဏီအသိုင်းအဝိုင်းတွေလာကြမှာ၊ ဦးမင်းတေဇတို့လည်းလာမယ်လို့ကြားတယ်"

သူက ခေါင်းညိတ်လိုက်သည်။

"တတ်ရမှာပေါ့၊ တတ်ရမှာပေါ့"

မင်းတေဇနှင့် သူ့ထိပ်တိုက်ကိုတွေ့ဆုံရမှုဖြစ်မည်ဟုတွေးလျက် အောင်မြင်ချမ်းသာ ထိုစည်ခံပွဲသို့တက်ခဲ့သည်။

မင်းတေဇနှင့် ထိပ်တိုက်တွေ့သော်လည်း သူ့ကိုသေချာမသိ





သည့်ပုံမျိုးနှင့်မို့ သူကြိတ်၍ဝမ်းသာသွားသည်၊ သူ့အကြောင်း မသိလေကောင်းလေပဲဟု သူကျေနပ်စွာတွေးမိသည်။

သူ့ကို မင်းတေဇနှင့်မိတ်ဆက်ပေးတော့ သူကခပ်တည်တည်နှင့်. . .

"ဟုတ်ကဲ့. . ကျွန်တော့်ကိုလိုအပ်တာရှိရင် ကိုမင်းတေဇက ညွှန်ပြပေးပါဗျာ၊ ဟိုတဘွဲ့ရတယ်ဆိုပေမယ့် ဒီမှာလိုအပ်တာတွေအများကြီးရှိမှာပါ"

ဟု အောင်မြင်ချမ်းသာ တမင်ရိုကျိုးစွာပြောလိုက်မိသည်၊ သူ့ရိုကျိုးတာကို လူလည်ဖြစ်သောမင်းတေဇကလည်း အတဲခတ်သလိုကြည့်နေလေသည်။

ခင်ပျားနဲ့ကျုပ်က ရန်ဘက်တွေပဲ၊ ခင်ပျားနဲ့ကျုပ်တွေ့မယ်ဟု ရင်ထဲမှာကြိမ်းဝါးမိသည်၊ ထိုသို့တွေးပြီးမှ သူ့ရဲ့စိတ်တွေ သိပ်များအောက်တန်းကျနေမလားဟုတွေးမိပြန်သည်။

ဒါပေမယ့် ပြဿနာတွေကိုစတင်သူဟာ သူမှမဟုတ်ခဲ့တာ၊ မင်းတေဇက သူလက်ထပ်မည့်မိန်းကလေးကိုခိုးယူသွား၍ ထိုသူ့အပေါ် လက်စားချေတာ လုံးဝမလွန်ပါ။

"ဟေသာမြင့်မြတ်. . မင်းနဲ့မင်းအကောင် ကောင်းကောင်းဒုက္ခရောက်စေရမယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟေသာကသာ မင်းတေဇနောက်လိုက်သွားတာ။ မင်းတေဇ မှာဖြင့် ဧည့်ခံပွဲကိုတက်ရန် လှပချောမောသောအတွင်းရေးမှူးမလေး သူ့ဖာခင်ရှိနေပြီဖြစ်သည်။ ဟေသာရယ်. . မင်း ငါ့ဘေးမှာနေပြီး ကျော့ကျော့လေးပွဲတက်လို့ရပါလျက်နဲ့ ဘယ်လိုစိတ်ကူးနဲ့မျှား ဒီ ကောင့်နောက်လိုက်သွားရတာလဲကွာ။

အတွေးကြောင့် အောင်မြင်ချမ်းသာရင်ထဲတွင် တနုံ့နုံ့ခံစား နေရတော့သည်။

သူအိပ်စက်ရန် မနည်းကြိုးစားလိုက်ရသည်။

ဒီနေ့ ဟေသာ့မေမေဒေါ်ဝေဝေက ဖုန်းဆက်ခေါ်၍ လှည့် ဝင်လိုက်သည်။

"ဘာကိစ္စရှိလို့လဲအန်တီ"

သူမေးတော့ အန်တီကပျာပျာသလဲဖြစ်သွားသည်။

"မောင်အောင်မြင်ကို အကူအညီတောင်းချင်လို့ပါကွယ်၊ အားတော့နာတယ်"

ဟေသာ့ကိစ္စမှန်းသိ၍ သူချက်ချင်းခေါင်းမညိတ်ဘဲ အန်တီ ပြောမည့်စကားကိုနားထောင်နေမိသည်။

"မင်းအန်ကယ်တ ဟေသာ့ကိုအမွေပြတ်ကြေငြာတော့မယ် တဲ့ကွယ်၊ လုပ်ပါဦး. . တားလို့ရရင် တားပေးပါဦးကွယ်၊ တောင်းဆို





ပလုံးဆိုးသာပစ်ရိုးထုံးစံရှိပေမယ့် သားဆိုးသမီးဆိုးပစ်ရိုးထုံးစံမရှိပါ ဘူးကွယ်၊ ကူညီပေးပါ၊ မင်းအန်ကယ်က တကယ်လုပ်မှာ၊ အန်တို့မှာ ဒီသမီးလေးတစ်ယောက်တည်းရှိတာပါ"

အန်တီ့စကားကြောင့် သူ့စိတ်ထဲမှာ တော်တော်နာသွား သည်။ သူ့သမီးကိုအမွေဖြတ်မှတော့ကြောက်တယ်။ သူခံစားရတာ တွေ၊ အရှက်တွဲတာတွေကျတော့ ထည့်မတွက်တော့ဘူးလား။

အန်တီက လူကြီးတစ်ယောက်ဖြစ်နေ၍ မကောင်းတတ် သဖြင့်. . .

"ဟုတ်ကဲ့"

ဟုသာပြောလိုက်မိသည်။ သို့သော် သူ အန်ကယ့်ကို လုံးဝ မတားမိချေ။ ဒါမှဟေသာမြင့်မြတ်ဒုက္ခရောက် နောင်တရပြီး သူ့ဆီ ကိုပြန်လာမှာ။ သူကလည်း ဒီဘက်က မင်းတေဇကိုအသက်ရှုကျပ် အောင်လုပ်မည်ဟုတွေးလျက် အောင်မြင်ချမ်းသာအကျေနပ်ကြီး ကျေနပ်နေမိသည်။

"မင်း အန်တီ့သမီးလေးကိုလည်း ဖြစ်နိုင်ရင်ရှာပေးပါကွယ်"

"ဟုတ်ကဲ့. . သူမင်္ဂလာပွဲကထွက်ပြေးသွားတုန်းကပါသွားတဲ့ ကားနံပါတ်တော့မှတ်မိလိုက်ပါတယ်၊ ကျွန်တော်လည်းရှာချင်ပါတယ် အန်တီ"



www.burmeseclassic.com

www.burmeseclassic.com

ဒါကတော့ တကယ့်ကို သူစိတ်ရင်းနှင့်ရှာချင်၍ပြောလိုက်ခြင်းသာဖြစ်သည်။ ဟေသာ့ကို သူရှာတွေ့ချင်ပါသေးသည်။

အန်တီတို့အိမ်မှပြန်လာတော့ မင်းတေဇ၏ SURF ကားကြီးကိုလှမ်းတွေ့လိုက်သည်။ ကားက မော်ဘီ၊ တိုက်ကြီးဘက်သို့ဦးတည်နေတာမို့ တစ်ခုခုထူးခြားမလားဟူ၍ လိုက်လာခဲ့သည်။

ရှေ့ကားကလည်း သူလိုက်လာမှန်းသိတော့ အရှိန်တင်မောင်း၊ ကွေ့မောင်းလုပ်သည်။ မင်းတေဇတလည်း ခေသူမဟုတ်။ သူ့တားရှေ့တွင် တန့်လန့်ဖြတ်ပိတ်ရပ်လိုက်သည်။

ဒီတော့ သူလည်း ကားပေါ်မှဆင်းရလေတော့သည်။ သူ့ကိုမြင်တော့ မင်းတေဇက လူကြီးလူကောင်းပီပီ နှုတ်ဆက်လက်ဖက်ရည်သောက်ပြီးပြန်ခဲ့၊ သူလည်းဆက်လိုက်၍မကောင်းတာကြောင့်ပြန်ခဲ့ရသည်။

ဒါတောင် သူငယ်ချင်းကားထင်၍ နောက်ယောင်ခံလိုက်မိကြောင်း လိမ်လည်ပြောဆိုရသေးသည်။

မင်းတေဇ ဘယ်သူ့ဆီသွားလဲဆိုတာ အောင်မြင်ချမ်းသာ ရိပ်မိပါသည်။ သို့သော် ဆက်လိုက်၍မရအောင် မင်းတေဇကခန့်လိုက်တာကြောင့် ဆက်မလိုက်ဖြစ်တော့ချေ။

သွားနှင့်ဦးပေါ့မင်းတေဇရယ်၊ ငါတို့တွေ့ကြသေးတာပေါ့။





သူက အံကိုတင်းတင်းစေ့ထားပြီး စိတ်ထဲမှကြိမ်းဝါးလိုက်သည်။

သူ့အသက်ကို ခပ်ပြင်းပြင်းရှူထုတ်ပြီးပြန်ခဲ့သည်။ မင်းတို့ကို ငါဘယ်တော့မှအလွတ်မပေးဘူးဟေသာမြင့်မြတ်။

အဲဒီနောက်ပိုင်းမှာတော့ သူ ဟေသာ့အကြောင်းကို လုံးဝမစုံစမ်းတော့။ အန်ကယ်ဦးမြင့်မြတ်ကလည်း သမီးအဖြစ်မှစွန့်လွှတ်ကြောင်း သတင်းစာထဲမှထည့်ကြော်ငြာလိုက်သည်။

သူက စီးပွားရေးကိုပဲပြင်းပြင်းထန်ထန်လုပ်၍ မင်းတေဇကိုတိုက်ခိုက်ရန် ကြိုးစားလေသည်။ မင်းတေဇ၏ရှယ်ယာတွေကိုဈေးကျအောင်လုပ်သည်။ ရအောင်လုပ်သည်။ အမျိုးမျိုးရအောင်ကြိုးစားသည်။

"ဆရာ. . ရှယ်ယာရှင်တွေထပ်ဝယ်ရင် ပိုက်ဆံတွေအရမ်းကုန်မှာနော်"

"ကုန်ပါစေ၊ အဲဒါကိုဝယ်ရင် တေဇကုမ္ပဏီက ရှယ်ယာဈေးကျမှာလား"

"ဟုတ်တယ်. . ကျသွားမှာ၊ ဒါပေမယ့်. ."

အောင်မြင်ချမ်းသာက ဆက်မပြောရန်လက်တာပြလိုက်သည်။

"ဝယ်ကွာ. . ချ"


www.burmeseclassic.com

အခုလောလောဆယ် သူ့အာရုံထဲတွင် တေဇကုမ္ပဏီကိုထိခိုက်မည့်အလုပ်မှန်သမျှ လုပ်ရန်ဆုံးဖြတ်ထားခြင်းသာဖြစ်သည်။ သူနိုင်ကိုနိုင်မှဖြစ်မည်။ မင်းတေဇကိုအနိုင်တိုက်မှဖြစ်မည်လေ။





ဒီကြားထဲမှာ မင်းတေဇစိတ်အနှောင့်အယှက်ဖြစ်အောင်နည်းမျိုးစုံဖြင့် သူကြံစည်ခဲ့သည်။ မင်းတေဇစိတ်ဝင်စားနေသောကောင်မလေးဟာ ဘယ်သူလဲဟုစုံစမ်းတော့ မင်းတေဇရဲ့အတွင်းရေးမှူးမလေးသူဇာခင်ဟာ မင်းတေဇနှင့်အတွဲဆုံး။ မင်းတေဇအလေးထားရဆုံးတဲ့။

အောင်မြင်ချမ်းသာဆုံးဖြတ်ချက်ကို ပိုင်ပိုင်နိုင်နိုင်ချလိုက်သည်။

သူဇာခင်တဲ့။

လှပသော၊ ရုပ်ချောသော၊ သွက်လက်ထက်မြက်သော၊ တည်ငြိမ်သော စသည့်ဂုဏ်ပုဒ်များစွာကိုပိုင်ဆိုင်ထားသောမိန်းမတစ်ယောက်ကို သူပိုင်ဆိုင်ခွင့်ရရန်ကြိုးပမ်းတော့မည်ဟု အောင်မြင်ချမ်းသာဆုံးဖြတ်လိုက်သည်။

သူ့ရဲ့ဟမ်းဖုန်းပေါ်မှခလုတ်လေးတွေကို ကစားလိုက်သည်။

"သူဇာခင်လား၊ ကိုယ်ပါ"

"ရှင်. . ဘာကိစ္စရှိပါသလဲ. . ပြောပါ"

သူဇာခင်က တည်ငြိမ်သောအသံဖြင့် သူ့ကိုတုန့်ပြန်သည်။

"ကိုယ်က အောင်မြင်ချမ်းသာပါသူဇာခင်၊ ကိစ္စရှိမှဆက်ရမှာလား၊ ကိုယ် မင်းကိုတွေ့ချင်တယ်"

www.burmeseclassic.com



သူက ခပ်သွက်သွက်ပင်လှုပ်ရှားလိုက်သည်။

"ပြောလေကွာ. . တွေ့ချင်တယ်လို့"

"အလုပ်ကိစ္စအရေးတကြီးမရှိရင်တော့ ကျွန်မမလာနိုင်ပါဘူး၊ ကုမ္ပဏီမှာက ကျွန်မရှိရင်ရှိ မရှိရင် ဆရာရှိမှဖြစ်မှာမို့ပါ"

"ဒါဆို မင်းဆရာမရှိဘူးလား"

သူဇာခင်က ဘာမှပြန်မပြောချေ။ ဒါဆို သူ သူဇာခင်ကို ရအောင်ခေါ်ထုတ်မှဖြစ်မည်။ ဒါမှတေဇတုမ္ပဏီတွင် သူလှူယုံထည့်ထားသောလူက ကုမ္ပဏီပိုင်တွေကို အရယူနိုင်မည်ဖြစ်သည်။

သူဇာခင်ကလည်း အလုပ်ကိစ္စဟုပြောမှပင် သူ့ကိုလာတွေ့မည့်မိန်းမစားမျိုးပင်ဖြစ်သည်။

"ဟုတ်တယ်. . သူဇာခင်၊ ကိုယ်တို့တုမ္ပဏီနဲ့ မင်းတို့ကုမ္ပဏီ အကျိုးတူပူးပေါင်းဆောင်ရွက်ဖို့ကိစ္စပဲ၊ အရေးကြီးတယ်၊ မင်းတို့တုမ္ပဏီက ရှယ်ယာတချို့လည်း ကိုယ့်လက်ထဲရောက်နေပြီ၊ ဒီအကြောင်းတွေ ဖုန်းထဲကမပြောချင်ဘူး၊ ဖြစ်နိုင်ရင် ကော်ဖီဆိုင်တစ်ခုခုကိုလာခဲ့ပါလား"

သူ့ရဲ့တောင်းဆိုမှုကို သူဇာခင်စဉ်းစားနေဟန်တူသည်။ ခဏကြာမှ. . .

"တောင်းပြီလေ၊ လုပ်ငန်းကိစ္စအရေးကြီးနေတော့ ကျွန်မ





လာရမှာပေါ့ဦးအောင်မြင့်ချမ်းသာ၊ ဆရာနဲ့မဆက်သွယ်ဘူးလား"

"ဆက်သွယ်လို့မရလို့ မင်းကိုဆက်သွယ်တာပေါ့ကွာ"

"ကောင်းပါပြီ၊ ကျွန်မလာခဲ့ပါ့မယ်"

သူဇာခင်က သူ့ကို လုပ်ငန်းအတူလုပ်သူတစ်ဦးအနေနှင့် တလေးတစားဆက်ဆံသည်။ သူကလည်း ဒီလိုသွက်လက်ထက်မြက်သည့်မိန်းကလေးမျိုးကိုမှ သဘောကျတာဖြစ်သည်။ မဖြစ်ဘူး။ မင်းတေဇဆီက သူဇာခင်ကိုရအောင်ယူမည်ဟု ဆုံးဖြတ်လိုက်သည်။

သူဇာခင်နှင့်ချိန်းထားသောဆိုင်သို့ သူထွက်ခဲ့သည်။

"ထိုင်ပါ. . ဘာသောက်မလဲ"

သူဇာခင်က ကော်ဖီတစ်ခွက်မှာပြီး သူ့ကိုတစ်ချက်ကြည့်တာ. .

"ဦးအောင်မြင့်ချမ်းသာ လုပ်ငန်းကိစ္စပြောမယ်ဆို ပြောလို့ရပါပြီ၊ ဘာတွေအရေးတကြီးမှာချင်လဲဆိုတာကို ကျွန်မနဲ့မှာနိုင်ပါတယ်"

သူဇာခင်က သူမရဲ့မှတ်စုစာအုပ်လေးထုတ်ပြီးပြောသည်။ တကယ့်ကို အလုပ်ကိစ္စတစ်ခုအတွက်လာသူတစ်ယောက်သာဖြစ်သည်။ သူဇာခင်ကို ဘယ်လိုစည်းရုံးရမလဲဟု သူစဉ်းစားလိုက်သည်။

"သူဇာခင်. . အလုပ်ကိစ္စဆိုပြီး သိပ်စိတ်ထဲမတင်းထားပါနဲ့၊



www.burmeseclassic.com

www.burmeseclassic.com

ကိုယ်နဲ့ ပေါ့ပေါ့ပါးပါးပဲပြောဆိုပါ၊ မိတ်ဆွေတွေလိုပေါ့"

သူဇာခင်က ဘာမှပြန်မပြောချေ။ ခဏကြာမှ သူစိုက်ကြည့်နေတာကို တည်ငြိမ်စွာပြန်ကြည့်ပြီး. . .

"ဦးအောင်မြင့်ချမ်းသာ"

"ဟိုး. . ဟိုး. . ကိုအောင်လို့ပဲခေါ်ပါကွာ၊ ကိုယ်တို့အသက်မှသိပ်မကွာတာ"

"ဟုတ်ကဲ့. . ပြောစရာမရှိဘူးဆိုရင်တော့ ကျွန်မပြန်မယ်၊ ကုမ္ပဏီမှာက အရေးကြီးတဲ့ပစ္စည်းတွေ ကျွန်မသယ်လာလို့ တော်ကြာအလုပ်မဖြစ်ဘဲနေဦးမယ်"

အောင်မြင့်ချမ်းသာက သေစမ်းဟဟု စိတ်ထဲမှ ကိုယ့်ကိုယ်ကိုအပြစ်တင်လိုက်သည်။ သူဇာခင်သည် အင်မတန်မှစေ့စပ်သေချာသောမိန်းကလေးသာဖြစ်သည်။ မင်းတေဇဆိုသည့်ကောင် အတော်ကံကောင်းတာပဲ။ သူက သူ့လူကို သူဇာခင်မရှိခိုက်မှာ ဖိုင်တွေကြည့်ဖို့ ဖုန်းဆက်ပြောထားသည်၊ အခုတော့အလကားပဲ။

"အဟမ်း. . ဦးအောင်မြင့်ချမ်းသာ"

သူဇာခင်က ငြိမ်သက်နေသောသူ့ကို စကားစလိုက်သည်၊

"ဪ. . ဟုတ်သားပဲ၊ အရေးကြီးတာပြောဖို့မေ့နေတယ်၊ သူဇာခင် လခဘယ်လောက်ရလဲ"





"ရှင်. ."

"ဟုတ်တယ်. . သူဇာခင်ရဲ့ကိုယ်ရေးကိုယ်တာကို စပ်စုသလိုဖြစ်နေမလားမသိဘူး၊ ကျွန်တော့်အတွင်းရေးမှူးမိန်းကလေးတစ်ယောက်လိုချင်လို့ အဲဒါ လစာဘယ်လောက်ပေးရင်ကောင်းမလဲလို့ပါ"

"ဪ. . ရပါတယ်၊ ကျွန်မလခက တစ်လကိုတစ်သိန်းပါ"

သူဇာခင်က သူ့ကိုအေးဆေးစွာပြောလိုက်သည်။ သူကောင်မလေးကိုစိုက်ကြည့်လိုက်သည်။

"သူဇာခင်ကို ကိုယ်လခ တစ်လကိုနှစ်သိန်းပေးမယ်၊ ဖုန်းရော၊ ကားပါသုံးဖို့ပေးထားမယ်၊ ဘယ်လိုလဲ. . ကိုယ့်ဆီလာခဲ့ပါ"

သူဇာ သူဇာခင်ကိုစိုက်ကြည့်ပြီး အစွမ်းကုန်ခယပြီးပြောလိုက်သည်။ အမိကက သူ့ဆီကို သူဇာခင်ရောက်လာဖို့ပဲမဟုတ်ပါလား။

"မဖြစ်နိုင်ပါဘူး"

သူဇာခင်က သူ့ကိုတည်ငြိမ်စွာပင်ငြင်းဆန်လိုက်သည်။ သူကမျှော်လင့်ပြီးသားမို့. . .

"ဘာလဲ. . ကိုယ်ပေးတာနည်းလို့လားခင်၊ ကိုယ်ထပ်တိုးပေးမှာပေါ့၊ ခင်လိုချင်တာဆို ကိုယ်ပေးဖို့အဆင်သင့်ပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်း. . ဟင်း"

သူဇာခင်တ လှပစွာရယ်မောလိုက်သည်။

"လက်စသတ်တော့ ချမ်းသာကုမ္ပဏီပိုင်ရှင်ကြီးက ကျွန်မကိုငွေနဲ့လာစည်းရုံးနေတာကိုး၊ ဝမ်းနည်းပါတယ်၊ ကျွန်မငွေကြောင့်လာလုပ်နေတာမတုတ်ဘူး"

သူဇာခင့်စကားကြောင့် အောင်မြင်ချမ်းသာ သူ့ကိုယ်သူတောင်ပြန်ရှက်မိသလိုလိုဖြစ်သွားသည်။

"ငွေကြောင့်မဟုတ်လည်း ခင်ကြိုက်တာတောင်းဆိုနိုင်. ."

"ဝမ်းနည်းပါတယ်ရှင်၊ ကျွန်မကို ဘယ်သူကမှထိန်းချုပ်လို့မရဘူး၊ ကျွန်မက ကျွန်မစိတ်ချမ်းသာတဲ့အလုပ်ဆို တစ်ကျပ်မှမရလည်းလုပ်မှာပဲ၊ ဒါနဲ့ ကိုအောင်မြင်ချမ်းသာပြောမှာဒါပဲဆိုရင်တော့ကျွန်မကိုခွင့်ပြုပါဦး၊ နောက်တစ်ခါ ဒီနေ့ပြောမယ့်ကိစ္စကိုပြောမယ်ဆိုရင် ကျွန်မကိုမဆက်သွယ်ပါနဲ့တော့၊ ကျွန်မဆရာနဲ့ပဲဆက်သွယ်လိုက်ပါ၊ ကျွန်မဆရာကသွားဆိုရင် သွားမှာပါ"

သူဇာခင်တ သူ့ကိုချက်လက်ကျစွာပြောပြီး ထကာလှည့်ထွက်သွားမည်အလုပ် သူက သူဇာခင်လက်ကို ဖမ်းဆွဲထားလိုက်သည်။

"ထိုင်ပါဦးသူဇာခင်၊ မင်းကို သတိပေးလိုက်စရာရှိလို့ပါ"





"ပြောပါဦး. . ဘာများပါလိမ့်"

"မင်းဆရာ မင်းတေဇကိုချည်းပဲ အားကိုးမနေနဲ့၊ တစ်နေ့ မှာ မင်းဆရာ ငါ့ဆီမှာဒူးထောက်လာစေရမယ်၊ အဲဒီတျတော့မှ မင်း ကိုငါညှာမယ်မထင်နဲ့"

သူတ သူဇာခင်ကိုခြိမ်းခြောက်သလို အပြတ်ပြောလိုက်သည်။ သူဇာခင်ကလည်း လုံးဝမခံပါ။ သူ့ကိုစိုက်ကြည့်ပြီး. . .

"ဒါနဲ့ ကျွန်မမသိလို့တစ်ခုလောက်မေးပါရစေ၊ ရှင်ယောကျ်ားလား မိန်းမလား"

"ဘာကွ"

သူဇာခင်၏မေးခွန်းကြောင့် သူ့ဒေါသငယ်ထိပ်ဆောင့်တက်သွားသည်။

"ဟင်း. . ဟင်း. . ယောကျ်ားဆိုရင် နောက်ကျောကို ဓားနဲ့ထိုးတဲ့အလုပ်မလုပ်စမ်းပါနဲ့ရှင်၊ တည့်တည့်ကြီးရင်ဆိုင်လိုက်စမ်းပါ။ ကျွန်မအစောကြီးကတည်းက ကျွန်မတို့ကုမ္ပဏီကိုတိုက်ခိုက်နေတာရှင်ပဲဆိုတာကိုရိပ်မိတယ်၊ ဒါပေမယ့် ရှင်နဲ့ဆရာ မသင့်မြတ်မှာစိုးလို့ဘာမှမပြောဘဲနေခဲ့တာ၊ ရှင်က လူကြီးလူကောင်းလိုနေပေးပါ"

သူဇာခင့်စကားလုံးတွေက သူ့ကိုလက်သီးနှင့်ထိုးလိုက်တာထက်တောင်မှ သူနာကျင်သွားပြီး အင့်ခနဲဖြစ်ကာ သူဇာခင်ကို ဘာမှပြန်မပြောနိုင်တော့ချေ။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မကိုသွားခွင့်ပြုပါဦး"

သူ့ရှေ့မှ လှုလှုပပလေးထွက်သွားသောသူဇာခင်ကိုကြည့်ပြီး သူတောက်တစ်ချက်ခေါက်မိသည်။

"မင်းတေဇ. . ခင်ဗျားသိပ်ကံကောင်းနေပါလား၊ မိန်းမတိုင်းက ခင်ဗျားပေါ်ကျအောင် ခင်ဗျားဘာဆေးတွေသုံးထားသလဲ"

အောင်မြင်ချမ်းသာပိုက်ဆံရှင်းနေခိုက် ဖုန်းဝင်လာတာကြောင့် နားထောင်လိုက်သည်။ တစ်ဘက်မှအလုပ်မဖြစ်ကြောင်းပြောတာကြောင့် ဖုန်းပိတ်လိုက်သည်။

"ကျွတ်. . သူဇာခင်ဟာ ဘာဖြစ်လို့ ဒီလောက်တောင်ထက်မြက်နေရတာလဲ"

အောင်မြင်ချမ်းသာမျက်စိထဲတွင် သူဇာခင်နှင့် ပဟေသာမြင့်မြတ်ကို ချိန်ထိုးကြည့်မိတော့သည်။ ဘာပဲဖြစ်ဖြစ် သူဇာခင်လို ထက်မြက်သည့်မိန်းမတစ်ယောက်ဟာ မင်းတေဇအတွက်တော့ ဗုက်ဖဲဖြစ်ရမည်။

သူအိမ်သို့ မောလျစွာပြန်ခဲ့သည်။ သူကတော့သေချင်သေပါစေ။ မင်းတေဇကို အနိုင်တိုက်ဖို့ဆုံးဖြတ်ထားပြီးသားပင်ဖြစ်လေသည်။

အိပ်ရာပေါ်သို့ ခြေပစ်လက်ပစ်လှဲနေခိုက် ဖုန်းဝင်လာပြန်သည်။





"ဟယ်လို. . အေး. . ငါ. . ပြော"

"ဆရာ. . သူတို့နောက်တစ်ပတ်လောက်နေရင် ပုဂံသွားမယ်ထင်တယ်၊ ကုန်အမှာပစ္စည်းတွေ ငွေသွားချေမလို့တဲ့"

"အေး. . သူတို့ငွေသွားချေမယ့်ပုဂံကဆိုင်နာမည်သိလား"

"ဟို. . ဟို. . "

"နင်တို့က ဘာမှအားမကိုးရဘူး၊ ကျွတ်. . သူဇာခင်တို့နဲ့ များကွာပဲ့၊ အဲဒီဆိုင်နာမည်၊ လုပ်ငန်းနာမည်စုံစမ်းခဲ့ပြီး ငါ့ဆီအမြန်သတင်းပို့၊ ဆုကောင်းကောင်းပေးမယ်"

သူက ပြောလည်းပြော၊ ဖုန်းလည်းချလိုက်သည်။ ငွေက အရာရာကိုစေခိုင်းနိုင်သတဲ့။ သူဇာခင်လိုမိန်းမမျိုးတော့ ပါဟန်မတူ။ သူဇာခင်လိုမိန်းမမျိုးကို မည်ကဲ့သို့စည်းရုံးရမည်နည်း။

အောင်မြင်ချမ်းသာအတွေးများဖြင့် ချာချာလည်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ခေါင်းတွေမူးနေတယ်၊ နာလည်းနာတယ်ကိုကြီးရဲ့"

ဟေသာက ရှုံ့မဲ့မဲ့မျက်နှာလေးနှင့်ပြောလိုက်လျှင် မင်းတေဇ ဖျာယာခတ်သွားသည်။ သူမမျက်နှာလေးက တကယ့်ကိုဝေဒနာခံစားနေရသည့်ပုံလေးဖြစ်သည်။

"တိုယ်ဘာလုပ်ပေးရမလဲ၊ ဆေးခန်းသွားမလား"

ခေါင်းလေးကိုတိုင်၍ ရှုံ့မဲ့မဲ့ဖြစ်နေသောဟေသာ့ကို မင်းတေဇဆိုဖာပေါ်ကိုခေါ်လာခဲ့သည်။

"အံမယ်လေး. . အံမယ်လေး. . ဘာဖြစ်နေကြတာလဲ"

မေမေက အိမ်ပေါ်ထပ်မှဆင်းလာပြီး သူတို့ကိုခါးထောက်ကြည့်ပြီးမေးသည်။ သူက မေမေအထင်လွဲမှာစိုး၍ အမြန်ရှင်းပြလိုက်သည်။





"ဒီမှာ ဟေသာခေါင်းအရမ်းကိုက်နေလို့ ဆိုဖာပေါ်တွဲပို့တာပါ"

"အဲလိုဆိုရင်တော့ တော်သေးတာပေါ့၊ ညည်းနှယ့်အေ. . တောကလာပြီး ဒီအရွယ်လေးနဲ့ခေါင်းကိုက်ရတယ်လို့၊ ငါတို့တုန်းက ဆို ဒေါင်ဒေါင်မြည်ပဲ"

ဟေသာ့က မျက်နှာလေးအပျက်ပျက်ဖြင့်ငြိမ်နေသည်။

"ဆေးခန်းသွားမလားဟေသာ"

"မင်းကလည်း ဒီလောက်ကလေးဖြစ်တာ ခေါင်းကိုက်သောက်ဆေးသောက်ပျောက်ရော၊ စိတ်ပူစရာမရှိ ကြဲဖန်ပူနေတယ်"

သူ ဟေသာ့ကို အားနာစွာကြည့်လိုက်မိသည်။ ဟေသာဟာသူ့ဌေးသမီးလေးဆိုတာလည်း သူရိပ်မိပါသည်။ သူ့အိမ်ရောက်မှသူမပင်ပန်းနေခြင်းသာဖြစ်သည်။ သူကအားနာမိပေမယ့် မေမေ့ကိုမလွန်ဆန်နိုင်၊ အိမ်မှာအိမ်ဖော်မရှိတာလည်းပါသည်။

"ကဲ. . ကဲ. . သား ဘာကြောင်ကြည့်နေတာလဲသားရဲ့၊ ကော်ဖီသွားသောက်၊ မေမေဖြင်ထားပြီးပြီ"

"ဟုတ်ကဲ့"

ဟေသာ့ကို သူကအားပေးနှစ်သိမ့်သလိုလှမ်းကြည့်လိုက်သည်။ ကောင်မလေးရယ်. . မင်းမျက်ဝန်းတွေကို ကိုယ်နားလည်ပါ



www.burmeseclassic.com

www.burmeseclassic.com



တယ်။ သူ့ကို အားကိုးတကြီးကြည့်နေသော ဒီမျက်ဝန်းလေးများဖြင့် သူ့ကိုအကူအညီတောင်းခဲ့တာမဟုတ်ပါလား။ ဖြစ်နိုင်လျှင် သူမပခုံးလေးကိုကိုင်ပြီး အားပေးနှစ်သိမ့်လိုက်ချင်ပါသည်။

မင်းတေဇ ကော်ဖီမ်သောက်ချင်၍ အပေါ်ထပ်တက်ကာဖုန်း၊ တားသော့နှင့် ပိုက်ဆံအိတ်ယူပြီးပြန်ဆင်းလာခဲ့သည်။

"ရုံးသွားတော့မလို့လားသားရဲ့၊ အစောကြီးရှိသေးတယ်၊ မေမေ့နားလာထိုင်စမ်းပါဦး"

မေမေက မခေါ်စဖူး သူ့နားလာထိုင်ခိုင်း၍ မင်းတေဇသွားထိုင်လိုက်သည်။

"မေမေ့သားကို လူပျိုကြီးအဖြစ်နဲ့မမြင်ချင်တော့ဘူးကွယ်၊ သား အရင်ကပြောပြောနေတဲ့ သားရဲ့အတွင်းရေးမှူးမလေးရော၊ မေမေ့ဆီခေါ်လာစမ်းပါ၊ မေမေတွေ့ဖူးချင်လို့"

သူက အားနာသလို ဟေသာ့ကိုလှမ်းကြည့်လိုက်မိသည်၊ မင်းတေဇ အမြန်ငြင်းပယ်လိုက်သည်။

"ဟာ. . မေမေကလည်း၊ သားတို့ကရိုးရိုးသားသားပါ"

"ဟုတ်ဘဲနဲ့. . မေမေသိပါတယ်"

"မေမေကလည်းဗျာ"

မေမေက ဘာဖြစ်လို့များ သူနှင့်ဟေသာကို ခွဲခြားခွဲခြားလုပ်





ချင်သလဲ။ မနီးစပ်စေချင်သလဲဆိုတာ စဉ်းစား၍မရ။ ဟေသာ့မှာ ဘာအပြစ်ရှိလို့လဲ။

"မေမေ. . သားသွားတော့မယ်"

"အေး. . အေး. . မေမေပြောတဲ့ကိစ္စလည်း ခေါင်းထဲထည့်ထားဦး"

"ဟုတ်ကဲ့"

သူ့ကိုနှုတ်ဆက်သလို အားငယ်စွာလှမ်းကြည့်နေသောဟေသာ့ကို ကျောမခိုင်းချင်ဘဲ ခိုင်းခဲ့ရသည်၊ ဟေသာရယ်. . မင်းကို ကိုယ်ဘယ်လိုလုပ်ပေးရမှန်းတောင်မသိပါဘူးကွာ။

သူရုံးရောက်တော့ ဟေသာကရောက်နှင့်ပြီးပြီ။

"ဆရာ. . မျက်နှာလည်းမကောင်းပါလား၊ နေမကောင်းဘူးလား၊ ဆေးသောက်မလား"

သူ့ဇာကလည်း သူ့မျက်နှာကိုဖတ်တတ်သောမိန်းမပင်ဖြစ်သည်။

"အေး. . ခေါင်းထဲငြီးစီစီနဲ့ကွာ၊ အခုတလော ဘယ်လိုမှန်းကိုမသိဘူး"

"ဒါဆို သူဇာ သံပုရာရည်အေးအေးလေးဖျော်တိုက်မယ်"

သူဇာက သံပုရာသီးကို သူကိုယ်တိုင်ညှစ်၍ဖျော်နေသည်။



www.burmeseclassic.com

www.burmeseclassic.com

သူကတော့ ဆိုဖာပေါ်မှာ ကန့်လန့်ဖြတ်လှဲချလိုက်သည်။ သူဇာကိစ္စနှင့်ပတ်သက်လာလျှင် ဘာကြောင့်စိတ်မောလူမောဖြစ်ရသလဲဆိုတာ သူ့ကိုယ်သူနားမလည်နိုင်။

တကယ်တော့ ဟေသာဟာ သနားစရာကောင်းတဲ့မိန်းကလေးပါမေမေရယ်။

"ဆရာ. . ပုဂံသွားဖို့ကိစ္စတွေ နောက်ဆုတ်လိုက်ရမလား"

"နောက်ဆုတ်လို့မဖြစ်ဘူးသူဇာ၊ ဟိုကောင်အောင်မြင်ချမ်းသာနှောင့်ယှက်မှာစိုးရတယ်"

မင်းတေဇက သူ့ကိုဒုက္ခပေးနေသူဟာ ဘယ်သူလဲဆိုတာ သေချာသိရပြီမို့ အရာရာသူကခြေတစ်လှမ်းသာမှဖြစ်မည်ဟု တွေးမိလေသည်။

"ဒါဆို ဘာနဲ့သွားမှာလဲ"

"လေယာဉ်နဲ့ပဲသွားမယ်၊ အပြန်မှ ကားနဲ့ပြန်လာမယ်၊ ဩော်. . သူဇာ လေယာဉ်လက်မှတ်သုံးစောင်ဖြတ်ပါ"

သူဇာက သူ့ကိုအံ့ဩသလိုကြည့်ပြီး. . .

"သုံးစောင်တောင်"

"ဟုတ်တယ်. . ကိုယ့်ညီမဝမ်းကွဲလေးပါခေါ်သွားမလို့၊ သူဇာပါလိုက်ခဲ့ပေါ့"





"ဟင်. . ဆရာ၊ ကုမ္ပဏီမှာက ဆရာမရှိရင် သူဇာရှိမှဖြစ်မှာလေ"

သူဇာက အလုပ်ကို အဲလိုအလေးထားသောမိန်းကလေးသာဖြစ်သည်။

"သူဇာ. . မင်းအလုပ်တွေကို အဲလောက်ကြီးသံယောဇဉ်မထားပါနဲ့၊ မင်းပဲပင်ပန်းလိမ့်မယ်၊ အခုကြုံတုန်း လိုက်ပြီးအနားယူလိုက်ပါ"

"ဟုတ်ကဲ့. . ဆရာလိုက်စေချင်တယ်ဆိုရင် သူဇာမငြင်းတော့ပါဘူး"

မင်းတေဇ သူဇာရော၊ ဟေသာ့ကိုပါခေါ်သွားရန် ဆုံးဖြတ်လိုက်သည်။ သူဇာ့ကိုခေါ်သွားတာအရေးမကြီးပေမယ့် ဟေသာ့ကိုခေါ်ရတာပြဿနာရှိပေလိမ့်မည်။ သူ မေမေနှင့်လည်း ပြဿနာဖြစ်ချင်။

"ဟာ. . အကြံရပြီ၊ သူဇာ. . သူဇာ"

"လာပြီဆရာ"

"အပြန်ကျရင် ကိုယ့်အိမ်ခဏလိုက်ခဲ့ဦးနော်၊ မေမေက ဟေသာ့ကိုဆိုလွှတ်မှာမဟုတ်ဘူး၊ သူဇာပါပါတယ်ဆိုမှလွှတ်အောင်ပြောမှ ဟေသာလိုက်ရမှာ၊ ကိုယ့်ကိုလိုက်ပြောပေးဦးနော်"



www.burmeseclassic.com

www.burmeseclassic.com



သူဇာက သူ့ကိုခပ်တွေတွေလေးကြည့်ပြီး. . .

"ဆရာလိုက်ပြောပေးစေချင်လည်း ပြောပေးပါ့မယ်ဆရာ၊ သူဇာအလုပ်သွားလုပ်လိုက်ဦးမယ်"

သူကခေါင်းညိတ်ပြလိုက်သည်။ သူဇာဟာ သူ့အတွက်ဆိုဘာကြောင့်အဆင်သင့်ရှိနေသည့်အရုပ်ကလေးတစ်ရုပ်ဖြစ်နေရပါသနည်း၊ မင်းတေဇ သူဇာ့စိတ်ထဲမှ တစ်စုံတစ်ရာကိုလှမ်းမြင်လိုက်သည်။

"မေမေ. . ဒါကသူဇာ၊ ကျွန်တော့်အတွင်းရေးမှူးလေ၊ သူဇာ. . ဒါက ကိုယ့်မေမေ"

"အို. . သမီးလေးကချောချောလေးပဲ. . ကြည့်စမ်း၊ ပုံစံလေးကိုက သွက်လက်ထက်မြက်မယ့်ပုံလေးပဲ"

မေမေက သူဇာ့ကိုတွေ့တာနှင့် ချီးမွမ်းခန်းစတော့သည်။ ဟေသာ့ကိုလည်း တစ်ခါတည်းအမိန့်ပေးသည်။

"ဟေသာရေ. . အအေးတစ်ခွက်လုပ်စမ်း"

သူဇာတတော့ ဘာမှမပြောဘဲ ငြိမ်သက်စွာထိုင်နေသည်။

"သူဇာ. . ထိုင်ဦးနော်၊ ကိုယ် အဝတ်သွားလဲလိုက်ဦးမယ်"

သူက တမင်ပင် မေမေနှင့် သူဇာကိုထားရစ်ခဲ့သည်။ သူဇာ့ကိုတော့ မေမေကချစ်မှာအသေအချာပင်။ ဟေသာလေးသာ မျက်နှာ





ငယ်ရရှာမှာ။ မိန်းကလေးရယ်. . မင်းလည်း ကိုယ့်အိမ်ကလက်ထပ်ပေးတဲ့သူကိုယူပြီး ရွှေပေါ်မြတင်သူဌေးသမီးလေးလုပ်လို့ရပါလျက်နှင့် ကိုယ့်ဆီမှာလာပြီး ဒုက္ခခံနေရတယ်လို့ဟု စိတ်မကောင်းဖြစ်စွာတွေးမိသည်။

မေမေက ဟေသာ့ကိုနှိမ်တာ သူသိပေမယ့် ဘာမှမပြောနိုင်။ ဟေသာ့ကိုလက်ခံထားတာတောင် ကျေးဇူးတင်ရဦးမည်မဟုတ်ပါလား။

သူ အိမ်ပေါ်ထပ်မှပြန်ဆင်းလာတော့ သူဇာနှင့်မေမေက စကားအတော်ကောင်းနေပြီဖြစ်သည်။

"သူဇာ. . ညည်း မေမေ့ကိုပြောပြီးပြီလား"

သူဇာကိုလှမ်းမေးလိုက်တော့ သူဇာကခေါင်းခါပြသဖြင့်. .

"ပြောလိုက်လေ"

"ဘာလဲ. . အန်တီ့ကိုပြောစမ်းပါဦး"

မေမေကမေးသဖြင့် သူဇာကိုသိပ်ပြောချင်ပုံမရဘဲ ပြောရလေတော့သည်။

"ဒီလိုပါအန်တီ၊ သမီးနဲ့ဆရာ ပုဂံကိုနှစ်ယောက်တည်းသွားရမှာ၊ အဲဒါ မသင့်တော်ဘူးထင်လို့ ဟေသာ့ကိုပါခေါ်သွားမလို့ပါ"

သူဇာ့စကားဆုံးသည်နှင့် မေမေက သူ့ကိုဖျတ်ခနဲလှမ်း



www.burmeseclassic.com

www.burmeseclassic.com

ကြည့်လိုက်သည်။ သဘောကတော့ မင်းအကြံမဟုတ်လားဆိုသည့် သဘောပင်ဖြစ်သည်။

"ဟေသာ့တိုခေါ်သွားရင် အိမ်မှာမေမေတစ်ယောက်တည်း ပဲကျန်မှာပေါ့သားရဲ့"

မေမေက ခေါ်မသွားစေချင်သည့်သဘောဖြင့် ပြောနေခြင်းဖြစ်သည်။

"ဟုတ်ပါတယ်အန်တီ၊ သမီးလည်းခေါ်မသွားချင်ပါဘူး၊ ဒါပေမယ့် သမီးနဲ့ဆရာနှစ်ယောက်တည်းကျတော့လည်း ရုံးကကဲ့ရဲ့ကြမှာ၊ ဘာပဲဖြစ်ဖြစ် ဟေသာပါတော့လည်းကောင်းတာပေါ့အန်တီ ရယ်၊ အဖော်လည်းရတာပေါ့၊ ဟေသာ့ကို စိတ်ချလက်ချထည့်လိုက်ပါ"

သူဇာရဲ့အပြောကောင်းမှုကြောင့် မေမေက ဟေသာ့ကို မထည့်ချင်ပေမယ့်. . .

"ဟေသာ. . ဟေသာ"

မေမေခေါ်တာနှင့် ဟေသာ့ခမျာပြေးထွက်လာပြီး မေမေ့ရှေ့တွင်ရပ်သည်။ ဟေသာ့ပုံစံလေးကိုကြည့်ပြီး မင်းတေဇစိတ်ထဲ မကောင်းပေမယ့် မတတ်နိုင်ပါ။

"ဒီမှာ ညည်းအစ်မသူဇာကို အဖော်လုပ်ပေးဖို့ ပုဂံကိုလိုက်





သွားရမယ်၊ လိုအပ်တာလုပ်ပေးနော်၊ သူဇာအတင်းခေါ်နေလို့ ထည့်လိုက်တာ"

"ကောင်းပါပြီ"

ဟေသာမှာ သူနှင့်တွေ့ကာစကလို သူဌေးသမီးလေးပုံ လုံးဝမပေါ်တော့။ နွမ်းဖတ်လျက် တကယ့်အိမ်မှာကူလုပ်သည့် မိန်းကလေးတစ်ယောက်ပုံ။

"သမီးသွားလို့ရပြီလား"

ဟေသာက ခပ်တိုးတိုးမေးတော့ မေမေကခေါင်းညိတ်ပြသည်။ သူ့ကိုဝိုင်းစက်နေသောမျက်လုံးကြီးများနှင့် စကားပြောသွားသည်။ ဟေသာရယ်. . မင်းမျက်ဝန်းက မျက်ရည်ကြည်တွေပါဝေ့ဝဲနေသလားလို့တွေးမိတိုင်း စိတ်မကောင်းဖြစ်ရသည်။

သူဇာခဏနေပြီးပြန်သွားတော့ မေမေကလည်း အိမ်ပေါ်ထပ်တက်သွားသည်။ သူမှာ ဟေသာရှိရာ မီးဖိုဆောင်ဘက်သို့ထွက်ခဲ့သည်။

"ဟေသာ. . ဟေသာ"

ဟေသာက သူ့ကိုတစ်ချက်မော့ကြည့်၍ အလုပ်ဆက်လုပ်နေသည်။

"ဟေသာ. . ကိုယ်နဲ့ပုဂံလိုက်ရမှာ မပျော်ဘူးလား"


www.burmeseclassic.com

www.burmeseclassic.com



ဟေသာက ခေါင်းကိုဖြည်းညင်းစွာခါသည်။

"ဘာဖြစ်လို့လဲကွ၊ ကိုယ့်မှာတော့ ဟေသာ့ကို မေမေနဲ့ထား ခဲ့ရမှာစိတ်မချလို့ ရအောင်ခေါ်ဖို့ သူဇာ့ကိုပြောလာရတာကွ"

"ဟုတ်လား. . ကျေးဇူးတင်တယ်လို့ သူဇာ့ကိုပြောလိုက်ပါ"

ဟေသာရဲ့အေးစက်ပုံကြောင့် မင်းတေဇစိတ်မရှည်တော့ချေ။

"မင်းပုဂံလိုက်ရင် ပျော်မယ်ထင်လို့ ငါကတော့ မင်းလိုက်ရအောင်စီစဉ်လိုက်ရတာ၊ ခဏပဲဖြစ်ဖြစ် မင်းပျော်ပါစေဆိုပြီးစီစဉ်လိုက်ရတာ၊ အခုတော့. ."

"ဘာလဲ. . ကိုမင်းတေဇက ကျွန်မကိုခဏပျော်ဖို့စီစဉ်ပေးတာ. . ဟုတ်လား၊ ခဏပဲပျော်ရမှာလေ ကိုမင်းတေဇရယ်၊ ကျွန်မဘဝကြီးက တစ်ကောင်ကြွက်၊ အဝတ်တစ်ထည်ကိုယ်တစ်ခုပါ၊ ခဏပျော်ဖို့ဆိုတာလည်း မဖြစ်နိုင်ပါဘူးရှင်၊ ဘာပဲဖြစ်ဖြစ် ကျွန်မကိုယ်တိုင် ဒီလမ်းကိုရွေးချယ်ခဲ့တာမို့ ရဲရဲကြီးလျှောက်ရဲပါတယ်"

ဟေသာက စကားကိုအဆုံးပြောပြီး သူ့အခန်းထဲဝင်သွားတာကြောင့် သူ့မှာစိတ်မကောင်းဖြစ်ပြီး ငေါင်စင်းစင်းကျန်ရစ်ခဲ့သည်။

ကိုယ် မင်းကို တစ်သက်လုံးပျော်စေချင်ပါတယ်ကွာ။





"ငါတို့ပုဂံသွားဖို့ပြင်စမ်းမောင်လတ်၊ ရရာဖလိုက်နဲ့ လေယာဉ်ရုံးကို ဒိတ်ချိတ်လိုက်စမ်း. . အမြန်ဆုံး"

အောင်မြင်ချမ်းသာက သူ့တပည့်ကိုလတ်ကိုခိုင်းလိုက်သည်။ ကိုလတ်ကလည်း ဖုန်းတစ်လုံးနှင့်စီစဉ်တော့သည်။ သူကလည်း တေဇကုမ္ပဏီကသတင်းရတာနှင့် သူတို့ထက်ဦးအောင် ပုဂံကိုရောက်ချင်သည်။ သူတို့မှာထားသည့်ဆိုင်မှ အော်ဒါတွေကိုရလိုသည်။ ဒါမှ တေဇကုမ္ပဏီချမ်းဖြစ်သွားမှာဟု စိတ်ထဲမှတွေးလိုက်မိသည်။

"ဆရာ. . ဒီနေ့ဖလိုက်တော့မရတော့ဘူး၊ မနက်ဖြန်မှရမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကျွတ် . . သူတို့က ဒီနေ့သွားမှာ၊ ငါ ဒီနေ့ဖလိုက်ပဲလိုချင်တာ၊ လုံးဝမရဘူးလား"

"မရဘူး . . လက်မှတ်ဝယ်ထားပြီးသားလူတွေဆီကို တောင်စုံစမ်းကြည့်ပြီးပြီ၊ လုံးဝမရလို့ပါ"

"ပြီးရောကွာ၊ မနက်ဖြန်လက်မှတ်ပဲဖြတ်လိုက်"

သူက လက်မှတ် မနက်ဖြန်မှရပေမယ့် ဒီနေ့ကဖုန်းနှင့် အရင်ချိန်းထားသည်။ ဈေးပိုပေးမယ်ဟုပါ စကားထောက်ထားသည်။ သူ့မှာရှိသည့်ပိုက်ဆံတွေကုန်ချင်ကုန်ပါစေ၊ ဒီတေဇကုမ္ပဏီကို အပြတ်ဖြုတ်မှဖြစ်မည်ဟု ဆုံးဖြတ်ထားသည်။

ဟေသာမြင့်မြတ် . . မင်းနဲ့ မင်းကောင်ကို ကောင်းကောင်း ဒုက္ခပေးပြမယ်။

အချစ်သည် အမုန်းအဖြစ်ပြောင်းလဲသွားသောအခါ အင်မတန်မှကြောက်စရာကောင်းလှပါသည်။

မင်းတေဇတို့သုံးယောက်မှာကား ပုဂံသို့ရောက်နှင့်နေပြီဖြစ်သည်။

"ဟေသာ . . အထုပ်တွေ ကိုယ့်ကိုပေး"

မင်းတေဇက ဟိုတယ်သို့ရောက်သည်နှင့် ဟေသာ့ဆီက





အထုပ်တွေလှမ်းယူလိုက်တော့ ဟေသာကမပေး။

"ဟေသာကသာ ကိုမင်းတေဇဆီကအထုပ်ကိုသယ်ပေးရမှာပါ၊ အန်တီက ဟေသာ့ကိုအထုပ်သယ်ဖို့ ထည့်ပေးလိုက်တာလေ"

ဟေသာက ခပ်ရွှဲရွှဲပြန်ပြောတော့ မင်းတေဇစိတ်မသက်မသာခံစားရသည်။ သူဇာကတော့ ဘာမှမပြောဘဲငြိမ်သက်နေသည်။

"ဟေသာနဲ့ သူဇာကတစ်ခန်းယူပေါ့၊ ကိုယ်တစ်ခန်းယူမယ်၊ ဒီနေ့တော့ နားနားနေနေနေပြီး ညမှ ဘုရားမီသလောက်လိုက်ဖူးမယ်လေ"

မင်းတေဇက သူစီစဉ်တဲ့ခရီးဆိုတော့ အစစအရာရာ ဦးဆောင်နေရသည်။ သူဇာတနားလည်မှုရှိပြီး သူ့စကားနားထောင်သောမိန်းကလေးမို့တော်တော့သည်။

ဟေသာတတော့ နည်းနည်းတလေးဆန်ပြီး သူ့မေမေကို မကြည်လင်သည်မို့ တစ်လမ်းလုံးကန့်လန့်တိုက်ပြီးမှ လိုက်ပါလာခဲ့တာဖြစ်သည်။ ဘယ်လိုပဲဖြစ်ဖြစ် ဗိုမိန်းကလေးနှစ်ယောက်ဟာ မေမေပြီးရင် သူနှင့်အရင်းနှီးဆုံးမိန်းကလေးနှစ်ယောက်ပင်ဖြစ်သည်။

ပုဂံကပြန်သွားရင်တော့ သူတစ်ယောက်ယောက်ကို အသေအချာရွေးချယ်ရမည်သာဖြစ်သည်။ မင်းတေဇအတွေးဖြင့် ရေချိုးပြီး အနားယူလိုက်သည်။ အိပ်ရာကနိုးတော့ . . .



www.burmeseclassic.com

www.burmeseclassic.com



"ဟေသာတို့၊ သူဇာတို့အဆင်သင့်ဖြစ်ပြီလား၊ ညနေစာစားပြီးမှပဲ နီးစပ်ရာဘုရားကိုသွားရအောင်"

သူတို့သုံးယောက် ညစာအတူစားဖြစ်ကြသည်။ သူက ဟေသာ့ကို ဂရုတစိုက်ဟင်းတွေထည့်ပေးတော့ ဟေသာက သူ့ကိုခပ်ရွှဲရွှဲပြန်ပြောသည်။

"ဘယ့်နှယ့် ကျွန်မထဲလာထည့်ပေးနေရတာလဲ၊ မသူဇာထဲထည့်ပေးရမှာလေ၊ မှားနေပြီဦးမင်းတေဇရဲ့"

ဟေသာ့စကားကြောင့် သူမှာ သူဇာ့ကိုအားနာရပြန်သည်။ သူဇာကတော့ ဘာမှမပြောဘဲပြုံးနေသည်။

"ဟေသာကလည်းကွာ. . မဆိုင်တာတွေလျှောက်ပြောမနေနဲ့၊ သူဇာ့ကိုအားနာစရာ"

သူ့စကားကြောင့် ဟေသာကမျက်စောင်းထိုးလိုက်သည်။ သူဇာကတော့ပြုံးလျက်. . .

"ရပါတယ်၊ ဆရာတို့လွတ်လွတ်လပ်လပ်သုံးဆောင်ပါ၊ သူဇာပြီးပါပြီ"

သူဇာက အေးဆေးစွာပင် ထမင်းဝိုင်းမှထွက်သွားသည်။

"မင်းမှာ အားနာမှုမရှိဘူးလားဟေသာ၊ သူဇာက ဒီလောက်သဘောထားကြီးနေတာတောင် မင်းကလေးဆန်တာကိုဖျောက်ပစ်စမ်း"





"ရှင်ကြီး ကျွန်မကိုအမိန့်လာမပေးပါနဲ့၊ ကျွန်မလိုက်ချင်တာမဟုတ်ဘဲနဲ့ ရှင်ကြီးအတင်းခေါ်လာပြီး လူကိုဆူလားဟောက်လားနဲ့၊ ရှင့်မှာ စာနာတတ်တဲ့နှလုံးသားမရှိဘူးလား"

ဟေသာကလည်းမခံပါ။ ရန်ပြန်တွေ့သည်။

"မင်းတော်ကွာ"

မင်းတေဇ ထမင်းဝိုင်းမှထထွက်ခဲ့သည်။ ပြီး သူဇာ့နောက်သို့လိုက်ခဲ့သည်။ သူဇာကို ဟိုတယ်အဝတွင်ရပ်လျက်တွေ့ရသည်။

"သူဇာ. . ဆောရီးကွာ၊ သူက ကလေးနည်းနည်းဆန်တယ်၊ ကျွန်တော်ကအလိုလိုက်ထားတော့. ."

"ကျွန်မနားလည်ပါတယ်ဆရာ၊ ဟေသာနဲ့သာသွားလိုက်ပါ၊ တော်ကြာ သူပိုဆိုးနေဦးမယ်"

သူဇာက နားလည်ပေး၍တော်တော့သည်။ ဟေသာက အပြင်ရောက်လာတော့ ခပ်ရွှဲရွှဲပင်. . .

"ဘယ်လိုလဲ. . နှမတော်လေးကိုချော့ပြီးပြီလား"

"ဟေသာရာ. . သိပ်ကလေးမဆန်စမ်းပါနဲ့၊ လာ. . ဘုရားသွားဖူးမယ်"

သူက ဟေသာ့လက်ကိုဆွဲပြီးထွက်ခဲ့သည်။ ဟေသာက သူ့လက်ကိုပြန်ဆောင့်ရုန်းပြီး နောက်မှပါလာသည်။



www.burmeseclassic.com

www.burmeseclassic.com



သူဇာတတော့ သူတို့နှစ်ယောက်ကို လက်ပိုက်၍ပြုံးကြည့်နေသည်။

"ဘုရားက နေဝင်ချိန်ပဲသွားကြည့်ရင်ကောင်းမယ်ထင်တယ်ဆရာ၊ ဟေသာရော ဘယ်သွားချင်လဲ"

"ရပါတယ်. . အားလုံးအတူတူပေါ့"

သူတို့ဘုရားဖူးကြပြီး နေဝင်ချိန်ကိုသွားကြည့်ကြသည်။ မြစ်ထဲကိုနေလုံးကြီးကဝင်သွားပုံမှာ တကယ့်ပန်းချီကားတစ်ချပ်ပမာ။

"နေဝင်ချိန်တလှတယ်နော်၊ တကယ်ပန်းချီဆန်တယ်"

သူဇာကကြည့်ပြီးပြောသည်။

"သဘာဝနေဝင်ချိန်တလှပေမယ့် လူတစ်ယောက်ရဲ့နေဝင်ချိန်ကတော့ လှမှာမဟုတ်ဘူးထင်တယ်မသူဇာ၊ ဟေသာကတော့ နေဝင်ချိန်မရောက်ချင်သေးဘူး"

ဟေသာက လူ့ဘဝနှင့်နှိုင်းယှဉ်ပြီး နေဝင်ချိန်ကိုပြောသည်။ ဒီလိုကျတော့လည်း ဟေသာသည် လူကြီးလေးတစ်ယောက်ပမာ။

သူတို့က နေဝင်ချိန်ကိုကြည့်နေခိုက်မှာပင် ဟေသာက ခေါင်းကိုကိုင်၍ယိုင်ခနဲဖြစ်သွားတာကြောင့်. . .

"ဟေသာ. . ဘာဖြစ်တာလဲ"

သူက ဟေသာ့ကိုယ်လေးကိုဖမ်းထိန်းလိုက်သည်။





"ခေါင်းနည်းနည်းကိုက်လို့ပါကိုမင်းတေဇ၊ ဟေသာက ခုတလော အဲလိုပဲခေါင်းကိုက်တတ်တယ်"

သူ့ကို သူဇာကစူးစိုက်ကြည့်နေတာမို့ မင်းတေဇ ဟေသာ့ပခုံးလေးကိုခပ်ဖွဖွလွှတ်ပေးလိုက်သည်။

"ရရဲ့လားဟေသာ"

သူဇာတ မေးလည်းမေး၊ ဟေသာ့လက်ကလေးကိုလည်းသွားတွဲသည်။

"ရပါတယ်မသူဇာ၊ ဟေသာ အခုတလောမူးမူးနေတာ၊ ဘာဖြစ်မှန်းကိုမသိပါဘူး"

ဟေသာ့ပုံစံလေးက ဖြူဖပ်ဖြူလျော်လေးမို့ မင်းတေဇဆိုးရိမ်သွားပြီး. . .

"ကိုယ်တို့ပြန်ကြရအောင်"

သူတို့တည်းခိုရာဟိုတယ်သို့ပြန်ခဲ့ကြသည်။ ဟေသာက အခန်းထဲဝင်သွားပြီး သူဇာက အခန်းတံခါးဖွင့်ပြီးဝင်မယ်လုပ်ခိုက်. .

"သူဇာ. . ကိုယ့်အစား ဟေသာ့ကိုဂရုစိုက်လိုက်ပါကွာ၊ သူ့ကိုတသနားဖို့ကောင်းပါတယ်"

"ဟုတ်ကဲ့ပါဆရာ"

သူဇာက တာဝန်ကျေသောတပည့်မလေးပီပီ ခေါင်းညိတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဩော်. . ဒါနဲ့ဆရာ ပစ္စည်းတွေဝယ်ဖို့ကိစ္စ မနက်ဖြန်မှလုပ်မှာလား"

"အေး. . မနက်ဖြန်မှ စားပြီးသောက်ပြီးသွားကြည့်ကြတာပေါ့၊ လုပ်ထားတာတွေ ကွာလတီကောင်းရဲ့လားလို့ ကိုယ်တို့ကုမ္ပဏီကတင်ပို့မယ့်ပစ္စည်းတွေက ကွာလတီညံ့လို့မဖြစ်ဘူးလေ"

"ဟုတ်ကဲ့ပါဆရာ၊ ဒီည ဒေတာတွေ သူဇာကြည့်ထားလိုက်ပါ့မယ်၊ ဂွဒ်နိုက်ပါဆရာ"

"အေး. . အေး. . ဂွဒ်နိုက်"

သူလည်း သူဇာ့ကိုနှုတ်ဆက်ပြီး အခန်းထဲတန်းဝင်ခဲ့သည်။ သူ့ခေါင်းထဲတွင် လုပ်ငန်းကိစ္စတွေ တန်းစီဝင်ရောက်လာသည်။ ဒီ တစ်ပတ်အတွင်း နိုင်ငံခြားကိုတင်ပို့မည့်ပစ္စည်းတွေရမှဖြစ်မည်။ နောက်အပတ်တနင်္လာဆို အကုန်တင်ပို့ရန် တစ်ဘက်သို့ကတိပေးထားပြီးဖြစ်သည်။

လုပ်ငန်းကိစ္စတွေ ခေါင်းထဲရောက်လာတာကြောင့် မင်းတေဇ စိတ်တော့ရှုပ်သွားသည်။ အခုတလောအတွင်း လုပ်ငန်းတွေ အထစ်အငေါ့ဖြစ်နေသည်မို့ အစစအရာရာစိတ်ပူနေရသည်။ အဲဒါ ဟာလည်း သူ့ကိုလိုက်တိုက်ခိုက်နေသည့် အောင်မြင်ချမ်းသာကြောင့်ပင်။





အောင်မြင်ချမ်းသာဟာ သူ့ကိုဘာကြောင့်လိုက်တိုက်ခိုက်နေရသနည်းဆိုတာ အခုထိ သူအဖြေမရှာနိုင်သေးပေ။

ဘာပဲဖြစ်ဖြစ် ဒီတစ်ခါကိစ္စတော့ လုံးဝအလွဲအချော်မခံနိုင်ဟု သူဆုံးဖြတ်ထားသည်။

သူဇာနှင့် ဟေသာ့အကြောင်းလည်း တွေးမိပြန်သည်။ ဟေသာဘာဖြစ်နေလဲမသိ။ အခုတလော သူမမျက်နှာဖြူဖပ်ဖြူလျော်နှင့် ရောဂါတစ်ခုခုခံစားနေရပုံပင်ဖြစ်သည်။ ဘာပဲဖြစ်ဖြစ် အားကိုးရာမဲ့နေသော ဒီကောင်မလေး၏အားကိုးရာသည် သူသာဖြစ်ချင်မိသည်။

သူဇာကတော့ သူမရဲ့ခံစားမှုတွေကို အမြဲဖုံးကွယ်ထားပြီး ပကတိတည်ငြိမ်သောမျက်နှာဖြင့် တာဝန်ကျေသောတပည့်တစ်ယောက်ပုံစံဖြင့်သာ သူ့ကိုအမြဲဆက်ဆံသည်။ တာဝန်ကျေလွန်းသော သူ့အတွင်းရေးမှူးမလေးကိုလည်း စွန့်လွှတ်ရန်ဝန်လေးပါသည်။

ထိုနှစ်ယောက်တည်းကများ တစ်ယောက်ယောက်ကိုသာ ရွေးချယ်ပါဟုဆိုလျှင် သူဆုံးဖြတ်နိုင်မည်လား။

မင်းတေဇ ကိုယ့်အတွေးနှင့်ကိုယ် ခေါင်းကိုခါယမ်းမိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့. . ။

မင်းတေဇက သူမှာယူနေကြ လက်မှုပညာသည်၏အိမ်သို့ ရောက်သောအခါ မမျှော်လင့်သောဖြစ်ရပ်နှင့်ကြုံရသည်။

"ဝမ်းနည်းပါတယ်ဆရာ၊ ကျွန်တော်တို့ စျေးပိုပေးတဲ့သူကို ရောင်းလိုက်ပါပြီ"

"ဘာ"

သူဇာနှင့် မင်းတေဇ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်မိသွားသည်။

"ခင်ဗျားကို ကျွန်တော်အရင်မှာထားတာလေ"

"အရင်မှာထားတာဟုတ်ပေမယ့် ဆရာက စရံလေးဘာလေး





ကြိုချထားရင်လည်း ကျွန်တော်တို့က မဖြစ်ဖြစ်အောင်ချန်ထားဦးမှာ ပါ"

"ခင်ဗျားတို့ဗျာ. . တွဲလုပ်လာတာ ဒီလောက်ကြာနေပြီ. . တောက်"

မင်းတေဇဒေါသဖြစ်ဖြစ်နှင့် မျက်မှန်ကိုဆွဲလွှင့်ပစ်လိုက် သည်။ သူဇာက မျက်မှန်ကိုကောက်၍. . .

"ဆရာ. . စိတ်ထိန်းပါ၊ ကျွန်မတို့ အေးအေးဆေးဆေးစဉ်း စားကြတာပေါ့၊ လာပါဆရာ. . ပြန်ရအောင်"

သူဇာက သူ့ကိုအတင်းဆွဲ၍ ကားပေါ်ခေါ်တင်သည် ကား ပေါ်တွင်စောင့်နေသောဟေသာက. . .

"ဘာဖြစ်ကြတာလဲ"

"လုပ်ငန်းကိစ္စအဆင်မပြေလို့ပါဟေသာရယ်၊ ကားဆရာ. . ဟိုတယ်ကိုပဲပြန်မောင်း"

သူဇာက သူမပင်အစအဆုံးစီစဉ်ပြီး ဟိုတယ်ကိုပြန်မောင်း ခိုင်းလိုက်သည်။ သူကတော့ ဒေါသတွေထွက်လွန်း၍ ထူပူနေပြီဖြစ် သည်။ ဟိုတယ်ရောက်တော့ သူဇာက. . .

"ဆရာ. . အခန်းထဲပဲသွားပြောမှဖြစ်မယ်၊ အပြင်မှာဆို ဟတင်းထပ်ပေါက်ဦးမယ်၊ ဟေသာ. . လာ"

www.burmeseclassic.com



သူဇာက ဟေသာ့ကိုပါခေါ်လိုက်ပေမယ့် ဟေသာက ချက်ချင်းမလိုက်သေးဘဲ. . .

"ဟေသာလုပ်ငန်းကိစ္စတွေနားမလည်ဘူး၊ မသူဇာတို့ပဲသွား ပြောကြပါ၊ ဟေသာ ဒီဟိုတယ်ဝန်းထဲမှာပဲရှိမယ်"

"ဒါဆို အစ်မတို့သွားမယ်နော်"

ဟေသာက ခေါင်းညိတ်ပြသည်။ ဟေသာ့မျက်နှာစူပုပ်နေပေမယ့် သူလိုက်မချော့နိုင်သေး။ အလုပ်ကိစ္စတွေက သူ့ခေါင်းထဲတွင် ရှုပ်ယှက်ခတ်နေပြီဖြစ်သည်။ အလုပ်ထဲက ပြဿနာတွေဖြေရှင်းရဦးမည်။

"ဒီကိစ္စကို သူဇာဘယ်လိုထင်လဲ"

သူက အခန်းထဲရောက်ရောက်ချင်းမေးလိုက်သည်။ သူ့စိတ်တွေ ဘယ်လိုမှထိန်းမရအောင် ပေါက်ကွဲနေပြီဖြစ်သည်။

"ဟိုကောင်ပဲနေမှာ"

မင်းတေဇက အောင်မြင်ချမ်းသာ၏မျက်နှာကိုမြင်ယောင်ပြီးပြောတော့ သူဇာကတားသည်။

"ဆရာရယ်. . သူလုပ်လားမလုပ်လား လက်ဆုပ်လက်ကိုင်မပြနိုင်သေးဘဲ သူ့ကိုစွပ်စွဲလို့ဘယ်ဖြစ်ဦးမလဲ၊ သူ့ဘာသာသူ တခြားတစ်ယောက်ဝယ်သွားရင်ရော"





"မဖြစ်နိုင်ဘူး၊ ဒါ ကိုယ့်ကိုတမင်ဒုက္ခရောက်အောင်လုပ်နေတာပဲ"

သူဇာကဘာမှမပြောဘဲ ငြိမ်သက်သွားသည်။ သူက သူဇာ့ထင်မြင်ချက်ကိုသိချင်၍. . .

"သူဇာရော ဘယ်လိုထင်လဲ"

"သူဇာကတော့ ဘယ်သူ့ကိုမှမထင်ဘူးဆရာ၊ အခုချိန်မှာဟိုလူ ဒီလူတွေကိုထင်ဖို့ထက် ပြဿနာကိုဖြေရှင်းဖို့ပဲစဉ်းစားတော့တယ်"

သူဇာ့စကားက နည်းလမ်းမှန်နေသဖြင့် သူငြိမ်နေလိုက်သည်။

"အေးကွာ. . သူဇာလည်း နည်းလမ်းကိုစဉ်းစား၊ ကိုယ်လည်းစဉ်းစားမယ်"

သူက ဆေးလိပ်ကိုမီးညှိရန် မီးခြစ်ရှာတော့မတွေ့တာကြောင့်. . .

"သူဇာ. . ခဏနေဦးနော်၊ ကိုယ် စီးကရက်မီးသွားညှိလိုက်ဦးမယ်"

မင်းတေဇ စီးကရက်ကိုမီးညှိရန် အခန်းထဲမှထွက်ပြီး ထမင်းစားခန်းသို့အသွား ဟိုဘက်ထောင့်ချိုးမရောက်ခင်ပင် သူရှင်းနေ



www.burmeseclassic.com

www.burmeseclassic.com



သောစတားသံကြားလိုက်ရတာကြောင့် ခြေလှမ်းတွေကိုတုန့်ခနဲရပ်လိုက်သည်။

"ကျွန်မတောင်းပန်ပါတယ်ရှင်၊ ပြန်မလိုက်ပါရစေနဲ့"

ဒါဟေသာ့အသံပါလား။

"ပြန်မလိုက်လို့ရမလားကွ၊ မင်းမရှက်ဘူးလား၊ မင်းအရှက်မရှိဘူးလားတေဘာမြင့်မြတ်၊ ကြည့်စမ်း. . ဒီတိစွကြီးတစ်ခုလုံး ဘယ်လောက်ရှက်ဖို့ကောင်းသလဲ"

"ဘယ်လိုပဲဖြစ်ဖြစ် ကျွန်မ ရှင်နဲ့ပြန်မလိုက်ဘူး၊ ရှင့်ကိုလက်မထပ်နိုင်ဘူး"

ဟေသာက အကြောက်အကန်ငြင်းဆန်နေသည်။

"မရဘူး. . ကိုကြီးနဲ့ပြန်လိုက်ခဲ့ရမယ်"

ထိုသူသည် ဟေသာ့ကိုဆွဲပြီး ဒီဘက်သို့ထွက်အလာ သူနှင့်တည့်တည့်သွားတိုးသည်။

ဟင်. . ။

အောင်မြင်ချမ်းသာ။

သူလုံးဝမထင်မှတ်ထားသူတစ်ဦး။ ဟေသာက သူ့ကိုမြင်သည်နှင့် ဝမ်းသာအားရ အောင်မြင်ချမ်းသာလက်ကိုဆောင့်ရုန်းကာ သူ့နောက်ကျောတွင်လာပုန်းသည်။





"ကိုမင်းတေဇ. . လုပ်ပါဦး၊ ဟေသာ့ကိုပြန်ခေါ်သွားမလို့ တဲ့၊ ဟေသာ သူနဲ့လုံးဝမလိုက်နိုင်ဘူး၊ ဟေသာ့ကိုကယ်ပါဦး"

ဟေသာက သူ့ကိုအားကိုးတကြီးပြောသည်။

"ဪ. . ကယ်တင်ရှင်ကြီးရောက်လာမှကိုး"

အောင်မြင်ချမ်းသာက ခနိုးခနဲ့မျက်နှာနှင့်ကြည့်ပြီးပြောသည်။ မင်းတေဇလည်းမခံနိုင်တော့။

"ခင်ဗျား နည်းနည်းပါးပါးဆင်ခြင်ဦး၊ မိန်းကလေးတစ်ယောက်က မလိုက်ချင်တာကို ဘာလို့အတင်းခေါ်နေတာလဲ၊ အရှက်မရှိဘူးလား"

"ဟား. . ဟား"

အောင်မြင်ချမ်းသာ ခွက်ထိုးခွက်လှန်ရယ်မောလိုက်သည်။

"သူခိုးက လူကိုပြန်ဟစ်နေတယ်ဆိုတာ ဒါပဲကိုး၊ ရှက်ရမှာကမင်းကွ. . မင်း"

"ငါ. ."

"ဪ. . သဘောမပေါက်သေးဘူးထင်ပါတယ်၊ လူတစ်ယောက်လက်ထပ်ခါနီး မိန်းမတစ်ယောက်ကိုခိုးပြေးသွားတာ၊ အဲဒီကောင်ကမှ တကယ်အရှက်မရှိတဲ့ကောင်၊ အဆင့်မရှိတဲ့ကောင်ကွ၊ မင်းကို ငါသတ်တောင်ပစ်ချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ခုမှ မင်းတေဇသည် အောင်မြင်ချမ်းသာနှင့် ဟေသာကို ကြည့်ပြီး တစ်စုံတစ်ရာကိုသဘောပေါက်သွားသည်။

"ဟေသာ. . မင်းလက်ထပ်မယ့်သတို့သားလောင်းက အဲဒီ တုန်းက. . "

"ဟုတ်တယ်. . ငါပဲကွ"

မင်းတေဇအကျီကော်လံကို အောင်မြင်ချမ်းသာမဆောင့်ဆွဲ လိုက်သည်။

"မလုပ်ပါနဲ့. . မလုပ်ပါနဲ့"

ဟေသာကကြားထဲမှဘယ်လောက်အော်အော် အောင်မြင် ချမ်းသာ၏လက်သီးက မင်းတေဇမျက်နှာပေါ်သို့ကျရောက်သွားခဲ့ ပြီ။

"ခွပ်"

ထိုးသံ၊ လဲပြိုသံကြောင့် ဟိုတယ်တစ်ခုလုံး ဝရုန်းသုန်းကား ဖြစ်သွားသည်။

"တောက်. . မင်း"

မင်းတေဇလဲနေရာမှထပြီး လက်သီးရွယ်လိုက်ရုံရှိသေး သည်။ သူ့လက်ကို တစ်စုံတစ်ယောက်က ဆုပ်ကိုင်လိုက်သည်။

"ဆရာ. . စိတ်ထိန်းပါ"





သူဇာက နောက်မှရောက်လာခြင်းဖြစ်သည်။ သူဇာက အောင်မြင်ချမ်းသာကိုကြည့်ကာ. . .

"ကိုအောင်မြင်ချမ်းသာ. . ရှင်လည်းစိတ်ထိန်းပါ၊ ပြဿနာ တစ်ခုမှာ နည်းလမ်းတော့ရှိမှာပါ၊ ဆရာ. . ကျွန်မတို့အခန်းပြန်ကြစို့"

သူဇာက သူ့ကို အခန်းသို့အတင်းဆွဲခေါ်လာပေမယ့် မင်း တေဇစိတ်ထဲမှာ လုံးဝမကျေနပ်ချေ။

"ကိုယ်လုံးဝမကျေနပ်ဘူး၊ ကိုယ်က ကိုယ့်ကိုတစ်ချက်ထိုး ရင် သူများကိုနှစ်ချက်ပြန်ထိုးလိုက်ရမှ. . တောက်"

"စိတ်လျှော့ပါဆရာရယ်"

သူဇာက သူ့မျက်နှာကို ရေခဲကပ်ပေးရင်းပြောလိုက်သည်။ အခုမှဟေသာ့ကိုသတိရပြီးကြည့်လိုက်တော့ မချောကထောင့်တစ် ထောင့်မှာငိုနေသည်။

"မချော. . ငိုမနေနဲ့၊ ပြဿနာအားလုံးရဲ့တရားခံကညည်းပဲ"

သူက ဟေသာ့ကိုကြည့်ပြီးပြောလိုက်သည်။

"ဟုတ်ပါတယ်၊ ဟေသာ့အပြစ်ပါ၊ ဒါပေမယ့် ဟေသာ့ကို သူ့လက်ထဲတော့ပြန်မထည့်ပါနဲ့နော်"

ဟေသာက သနားစရာကောင်းသောမျက်ဝန်းလေးများဖြင့် ပြောလိုက်သည်။ သူဇာကရေခဲကပ်နေရာမှ ဟေသာ့အနားသွား၍. .



www.burmeseclassic.com

www.burmeseclassic.com



"တိတ်တော့နော်ညီမ၊ အဲဒီအကြောင်းတွေ လောလောဆယ် မစဉ်းစားနဲ့ဦး. . ဟုတ်ပြီလား၊ အစ်မတို့ အားလုံးပြေလည်သွားအောင်ရှင်းပေးမယ်၊ မျက်နှာသစ်ပြီးသွားအိပ်တော့နော်၊ တော်ကြာခေါင်းကိုက်နေဦးမယ်"

သူဇာက ကလေးချော့သလိုချော့ပြီး ဟေသာ့ကိုတစ်ဘက်ခန်းသို့ပြန်လွှတ်လိုက်သည်။

"ဆရာ. . သတ်သာရဲ့လား"

"အေးကွာ. . ဆရာလည်း သူဇာ့ရှိလို့တော်သေးတယ်၊ ဒီပြင်ဆို လူသတ်ပွဲတောင်ဖြစ်မလားမသိဘူး"

မင်းတေဇက အခြေအနေကို ပြန်ပြီးသုံးသပ်၍ပြောသည်။

"ဒါဆို အခုကုမ္ပဏီမှာဖြစ်ပျက်နေတဲ့ကိစ္စတွေက ကိုယ်ဟေသာ့ကိုခေါ်သွားလို့ အောင်မြင်ချမ်းသာကမကျေနပ်ဘဲ တမင်အရှုံးခံပြီးလိုက်ဖျက်နေတာပေါ့၊ ကုမ္ပဏီကိစ္စတွေ ကမောက်ကမဖြစ်ရတာ ဒီကောင့်ကြောင့်ပေါ့၊ ကိုယ့်ကိုယ်ရေးကိုယ်တာကိစ္စကြောင့် ကုမ္ပဏီထိခိုက်ရတယ်တွာ"

မင်းတေဇက စိတ်မကောင်းဖြစ်စွာနှင့်ပြောလိုက်သည်။

"ဒီလိုလဲမဟုတ်ပါဘူးဆရာရယ်၊ ကံပဲပေါ့"

"ကိုယ်က ဒီကောင်မလေးကို တမင်တားပေါ်တင်ပြီးနိုးပြေးလာတာမဟုတ်ဘူး၊ ဖြစ်ပုံကဒီလို. . "





မင်းတေဇက ဟေသာနှင့်တွေ့ဆုံပုံအကြောင်းစုံကို သူဇာ့ကိုပြောပြလိုက်သည်။ သူဇာကတော့ သူပြောသမျှကိုခေါင်းလေးညိတ်ပြီးနားထောင်ရှာသည်။

"ဆရာသိတ်သာရင် အေးအေးဆေးဆေးအနားယူလိုက်ပါဦး၊ ကျွန်မ သံပုရာရည်လည်းဖျော်ထားတယ်၊ သွားတော့မယ်၊ ဟေသာ တိုဘက်မှာတစ်ယောက်တည်းမို့ပါ"

သူဇာက တစ်ဘက်ခန်းသို့သွားမည်အလုပ် သူ သူဇာ့လက်ကိုဖမ်းဆွဲထားလိုက်သည်၊ သူမလက်ကိုဖျစ်ညှစ်ပြီး. . .

"ကျေးဇူးတင်ပါတယ်သူဇာ၊ အစစအရာရာအတွက်ပေါ့၊ ဟေသာ့ကိုလည်းစောင့်ကြည့်လိုက်ပါဦး"

"စိတ်ချပါ"

သူဇာ့ကိုကြည့်ပြီး မင်းတေဇကျေနပ်မိသည်။ သူလိုချင်သောမိန်းမမျိုးဟာ သူဇာ့လိုမိန်းမမျိုးမှလွဲ၍ တခြားမဖြစ်နိုင်တော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



"ပြဿနာအားလုံးရဲ့တရားခံက ဟေသာပါ၊ ဟေသာ့အပြစ်ပါ၊ ဟေသာ့ကိုအပြစ်ပေးပါ၊ ကိုမင်းတေဇတို့ကို သွားပြီးဒုက္ခမပေးပါနဲ့တော့"

ဟေသာသည် နောက်ဆုံးမှာတော့ ဆုံးဖြတ်ချက်ကိုအသေအချာချပြီး သူမ,မသွားချင်ဆုံးလူ၏ရှေ့၌ သွားရပ်ရတော့သည်၊

ကိုယ့်ကြောင့်မို့ မဆိုင်ဘဲ ကိုမင်းတေဇကိုလည်း ဆက်၍ ဒုက္ခမရောက်စေချင်တော့ပါ။ အခုပင်လျှင် ကိုမင်းတေဇဒုက္ခအတော်ရောက်နေပြီမဟုတ်ပါလား။

"ဟား . . ဟား . . ဟေသာမြင့်မြတ်၊ အခုတော့ မင်း ငါ့ရှေ့ရောက်လာပြီပေါ့၊ ကောင်းပါတယ်၊ ငါက မင်းတင်မတာဘူး၊ ဟိုကောင်





ပါ ငါ့ရှေ့မှာဒူးထောက်စေချင်တာ၊ ဒီကောင့်ကို ချုံးချုံးကျသွားအောင်လုပ်ချင်တာကွ၊ ငါအရှက်ကွဲခဲ့သမျှတွေ ပြန်ပြီးလက်စားချေချင်တာ"

အောင်မြင်ချမ်းသာ ဒေါသတကြီးပြောလိုက်သည်။

"ကျွန်မ အခုရှင့်ဆီပြန်လာပြီပဲ၊ ပြဿနာဆက်မရှာပါနဲ့တော့ရှင်"

"ဩော်. . ငါအရှက်ကွဲသမျှတွေ ဒီလောက်နဲ့ပဲကျေနပ်ရတော့မှာလား"

"မင်းက ဘယ်လောက်တောင်လိုချင်လို့လဲအောင်မြင်ချမ်းသာ၊ မင်းယောက်ျားမဟုတ်ဘူးလား၊ ယောက်ျားဆိုတာ ပြိုင်ချင်ရင်စိန်ခေါ်ပြီးပြိုင်ရတယ်၊ နောက်ကျောကိုဓားနဲ့မထိုးရဘူး၊ အဲဒါ မိန်းမတွေအလုပ်"

ဘယ်အချိန်ကတည်းကရောက်နေမှန်းမသိသော မင်းတေဇကိုတွေ့ရသည်။

"ဘာပြောတယ်"

အောင်မြင်ချမ်းသာက မင်းတေဇကို လက်သီးနှင့်ထိုးရန်အရွယ် မင်းတေဇက အောင်မြင်ချမ်းသာလက်ကိုဖမ်းဆွဲထားလိုက်သည်။

"ဒီတစ်ခါတော့မရဘူး၊ ငါ့အလှည့်ပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ခွပ်"

"အား. . မလုပ်ကြပါနဲ့၊ မလုပ်ကြပါနဲ့"

ရန်ဖြစ်နေတာကိုကြည့်ပြီး ဟေသာမြင့်မြတ်မှာအော်တားရင်း ခွေခနဲလဲကျသွားလေတော့သည်။

"ဟေသာ. . ဟေသာ"

ဒီတော့မှ ယောကျ်ားနှစ်ယောက်လုံးက ဟေသာမြင့်မြတ်နားသို့ အပြေးလာကြသည်။

ဘယ်လိုခေါ်ခေါ် သတိမရတော့တာကြောင့် ဆေးရုံကားအမြန်ခေါ် ရလေတော့သည်။

"လူနာရှင်"

မန္တလေးဆေးရုံကြီးမှ ဆရာဝန်ကြီးကခေါ် လိုက်သည်နှင့် မင်းတေဇရော၊ အောင်မြင်ချမ်းသာပါမတ်တပ်ရပ်ကြသည်။

"ခင်ဗျားတို့နှစ်ယောက်နဲ့ လူနာနဲ့. . "

"ဆိုင်ပါတယ်"

နှစ်ယောက်လုံးကအလုအယက်မို့ သူဇာမျက်စောင်းထိုးလိုက်သည်။

"လိုရင်းတိုရှင်းပြောရရင်တော့ လူနာက ဦးနှောက်ထဲမှာ ဘရိန်းကျူမာလို့ပြောရတဲ့ကင်ဆာရှိနေပြီ၊ အဆင့်က အတော်မြင့်နေ





ပြီ၊ တစ်လမခွဲရင်. . ၊ တစ်လခွဲရင်တောင် ငါးဆယ်ငါးဆယ်ပဲ"

အားလုံးက အံ့ဩတကြီးဖြစ်ပြီး တိတ်ဆိတ်သွားသည်။ ပထမဆုံးသတိဝင်လာသူက အောင်မြင်ချမ်းသာဖြစ်ပြီး. . .

"ဆရာ. . သူ. . သူအတောင်းကြီးလေ၊ အကောင်းကြီးတနေ. . "

"ဟုတ်ပါတယ်. . အခုကစပြီး ရောဂါက တစ်စတစ်စပြင်းထန်လာတော့မှာပါ၊ အားလုံးဂရုစိုက်ကြပါ၊ ရန်ကုန်ပြန်ခေါ် သွားချင်တယ်ဆိုလည်းရပါတယ်"

ဒီတော့မှ ဟေသာမကြာခဏမူးတတ်တာကို မင်းတေဇသတိရတော့သည်။

သူတို့နောက်ဆုံးမှာတော့ ဦးနှောက်နှင့် အာရုံကြောဌာန၊ ရန်ကုန်ဆေးရုံကြီးတွင် ဟေသာ့ကိုတင်ထားရတော့သည်။

ဟေသာက တုတင်ထက်တွင် ပက်လက်ကလေး ဒရစ်ပိုက်တွေချိတ်၍နေရသည်။ ဟေသာ့မိဘနှစ်ပါးလည်းရောက်လာသည်။

"ဖေဖေနဲ့မေမေ ဟေသာ့ကိုခွင့်လွှတ်ကြပါနော်"

"ခွင့်လွှတ်ပါတယ်တွယ်"

"ကိုမင်းတေဇကိုလည်း အပြစ်မတင်ပါနဲ့၊ သမီးကို သူတကယ်ထားတာပါ၊ ပျောက်သွားရင်ဗုက္ကပြစ်မှာစိုးလို့ပါ၊ တကယ်တော့



www.burmeseclassic.com

www.burmeseclassic.com



သူနဲ့သမီး ဘာမှမသိကြပါဘူး၊ သမီးက သူ့ကားပေါ်တက်ထိုင်တာ၊ သမီးအပြစ်ပါ"

ဟေသာက သူ့အပေါ်တွင် အပြင်ကြည်လင်စေရန် အားလုံးကိုရှင်းပြသည်။

ပြီးနောက် အောင်မြင်ချမ်းသာကိုခေါ်သည်။

"ကိုအောင်မြင်ချမ်းသာကလည်း ဟေသာ့ကိုခွင့်လွှတ်ပေးပါ"

အောင်မြင်ချမ်းသာ ဘာပြောရမှန်းမသိ။ ဟေသာ့ကိုငေးကြည့်နေမိသည်။ ချောင်ကျသွားသော သူ့မလက်သူကြွယ်မှလက်စွပ်ကို ဟေသာကချွတ်၍ သူ့လက်ထဲထည့်လိုက်သည်။

"လက်ခံပေးပါ. . ဟေသာ့ကိုခွင့်လွှတ်တဲ့အနေနဲ့ လက်ခံပေးပါ၊ ကိုကြီးလည်း တစ်နေ့တော့ ဟေသာ့ထက်အများကြီးသာတဲ့ မိန်းမကိုရမှာပါ"

"ကိုယ်ဘာပြောရမှန်းတောင်မသိတော့ပါဘူးဟေသာရယ်"

ဟေသာ့လက်ကလေးဆုပ်ကိုင်ပြီး အောင်မြင်ချမ်းသာ မျက်ရည်လည်နေသည်။ ပြီးတော့ ဟေသာက မင်းတေဇနှင့် သူ့ဇာ တို့ခေါ်လိုက်သည်။

"ကိုမင်းတေဇနဲ့ မသူဇာ. . နောက်ဆို ဟေသာကသတိ





မကောင်းတော့ ကိုမင်းတေဇတို့ကိုသတိမရရင်ခွင့်လွှတ်နော်၊ အစ်ကိုနဲ့အစ်မက တကယ့်ကို နေနဲ့လ၊ ရွှေနဲ့မြ လိုက်ဖက်ညီပါပေတယ်၊ ဟေသာဆိုးတာရှိရင်လည်း ခွင့်လွှတ်ပါနော်"

ဟေသာကပြောလည်းပြော သူ့လက်နှင့် သူ့ဇာ့လက်ကိုဆွဲ၍ထပ်ပေးလေသည်။

နောက်ထပ်တစ်လခန့်အကြာမှာတော့ ဟေသာမြင့်မြတ်ဆိုသည့် ငယ်ရွယ်နုပျိုသောမိန်းမပျိုလေးသည် လူ့လောကထဲမှ အပြီးအပိုင်ထွက်ခွာသွားလေတော့သည်။



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



နောက်ထပ်ခြောက်လအကြာမှာတော့ မင်းတေဇနှင့် သူဇာခင်တို့ လက်ထပ်လိုက်ကြသည်။

"ဒီလိုလက်ထပ်ပွဲမျိုးမှာ ဟေသာသာရှိရင် ဟေသာ့ကို အဖျော်ရံလုပ်ခိုင်းမယ်ကိုရယ်"

သူဇာက တမ်းတမ်းတတပြောတော့ သူကခေါင်းခါယမ်း၍...

"မဖြစ်ပါဘူးသူဇာရယ်၊ တော်ကြာ ဟေသာ့ကိုအားကျပြီး ကိုယ့်သတို့သမီးလေးပါ ထွက်ပြေးသွားပါဦးမယ်"

"ဒါကတော့ ကိုညံ့ရင်ထွက်ပြေးမှာပေါ့"

"ကောင်းပါပြီ. . ဒါဆို ထွက်မပြေးရအောင် ဟောဒီလိုလေးချုပ်ထားလိုက်မှာပေါ့"

သတို့သားလေးသည် သတို့သမီးလေးကို ခပ်တင်းတင်းဖက်ထားလိုက်တော့သည်။

ရွှေကျော၊ စာပေ

BURMESE CLASSIC .com

www.burmeseclassic.com